နီနီအောင်စီစဉ်သည်

# ချမ်းမြအောင်

## ဝင်ကာစွပ်ခရအိမ်



## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

## ပြည်သူ့သဘောထား

ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
အမျိုးသား ပြန်လည် စည်းလုံးညီညွတ်ရေး
ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံး၏ ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

**စာအုပ်ပုံနှိပ်ခြင်းဆိုင်ရာမှတ်တမ်း**
ပထမအကြိမ် ပုံနှိပ်ခြင်း
[၂၀၀၆ ခုနှစ်၊ ဇွန်လ၊ အုပ်ရေ ၅၀၀]

❑

**စာမူခွင့်ပြုချက်အမှတ်**
[၅၀၀၃၈၈၀၆၀၃]

❑

**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
[၅၀၀၆၇၅၀၆၀၆]

❑

**စီစဉ်ထုတ်လုပ်မှု**
နီနီအောင်

❑

**မျက်နှာဖုံးဒီဇိုင်း**
မောင်မောင်ညွှန့်

❑

**မျက်နှာဖုံးကာလာခွဲ**
အုံ့ဘွယ် (star)

❑

**မျက်နှာဖုံးပုံနှိပ်**
ဒေါ်ကျင်ယုံ (ကောင်းစံ ပုံနှိပ်တိုက်)၊
အမှတ် ၂၇၉၊ ၄၀ လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❑

**အတွင်းပုံနှိပ်**
ဦးဇော်မြင့်ဝင်း (ကာလာဇုန် ပုံနှိပ်တိုက်)။
အမှတ် ၁၈၄ ဘီ၊ ၃၁ လမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့။

❑

**ထုတ်ဝေသူ**
ဦးကျော်ဆန်း (ရဲဘော်ကျော်ဆန်း မြ-၀၉၃၂)။
အမှတ် ၂၊ ရွှံ့ ၁ လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။

❑

စာအုပ်ချုပ် - ကိုတင်အေး
အတွင်းဖလင် - စိန်ဝင်း
ကွန်ပျူတာစာစီ - KZaw DTP

❑

တန်ဖိုး - ၈၀၀ ကျပ်

ရန်အောင်စာပေ - ၂ စာအုပ်အမှတ် (၂၀)

# ချစ်မြဲမြဲအောင်

## ဝင်ကာစွပ် ခရုအိမ်

ဟာသဝတ္ထု

စီစဉ်သူ

**နီနီအောင်**

ရန်အောင်စာပေ - ၂

စ် (၈၅၅) ဦးဌေးကိုင်လမ်း၊ (၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်း၊ ရန်ကုန်တိုင်း။
၀၉၉၉ - ၇၂၆၆၅၊

## ရန်အောင်စာပေ – ၂၊ နီနီ ဖြန့်ချိရေးမှ ထွက်ရှိပြီးသော စာအုပ်များ

| | |
|---|---|
| ၁။ ရန်အောင့်စာ ရန်အောင့်ဘဝ | (ရန်အောင်) |
| ၂။ မြတ်ပန်းဥယျာဉ် | ( ။ ) |
| ၃။ ဝတ္ထုတိုစု (၁) | ( ။ ) |
| ၄။ အညာသူကလေး | ( ။ ) |
| ၅။ အချစ် | (သုမောင်) |
| ၆။ ၃ နှင့် အခြားဝတ္ထုများ | ( ။ ) |
| ၇။ စာမျက်နှာ ၁၆ | ( ။ ) |
| ၈။ အချစ်သစ်ပင် | ( ။ ) |
| ၉။ အချစ်နှင့် သူ၏ကိုကို | ( ။ ) |
| ၁၀။ အကြွေး | ( ။ ) |
| ၁၁။ ရွှေလှံ့ဗိုလ် | (ယုဝတီခင်စိန်လှိုင်) |
| ၁၂။ ဗိုလ်ရွှေဖြင် | ( ။ ) |
| ၁၃။ တောင်ပံမဲ့သည့် ငှက်ငယ်များ | (မောင်ထွန်းသူ) |
| ၁၄။ လာရာလမ်း လွမ်းမိပါရဲ့ | ( ။ ) |
| ၁၅။ မင်းမဆိုးပါဘူး | (မင်းလူ) |
| ၁၆။ ရင်တွင်းခံစားမှု ပုံရိပ်များ | (ရေနံမြေ မောင်မောင်ကြည် |
| ၁၇။ အဆိပ်နှင့် ကမ္ဘာတစ်သိန်း | (ချစ်ဦးညို) |
| ၁၈။ တံခွန်တိုင် မောင်နှမများ | (နတ်နွယ်) |
| ၁၉။ ငတောလုံး ဝတ္ထုတိုများ | (တွင်းကြီးဝမ်းမောင်) |

ယခုလ

---

ဝင်ကစွပ်ခရအိမ် (ချမ်းမြအောင်)

---

# နောက်တိုးလာသော ဟာသသမား

စာပေနယ်တွင် ကလောင်သစ်တွေ ယောတစ်ယောက် ယောတစ်ယောက်
ပေါက်နေသော်လည်း ဟာသသမားကား နည်းလှ၏။ နည်းဆို ဆယ်ယောက်
ယောက်ပင် မပေါ်ချင်။ ဟာသသမားတွေ များများလိုသည်။
ထို့ အလိုအပ်ကြီး လိုအပ်နေချိန်တွင် ချမ်းမြအောင်၏ (ဝင်ကစွပ် ခရအိမ်)
ကို ဖတ်ရသည်။ ဝတ္ထုနာမည်ကိုကအဆန်း (ဝင်ကစွပ် ခရအိမ်) တဲ့၊
ဝင်စားစရာကောင်းသည်။ ထို့ထက် စိတ်ဝင်စားစရာကောင်းသည်မှာ
ကစွပ် ခရအိမ်)က ဟာသဝတ္ထု ဖြစ်နေသည်။
စာဖတ်သည်မှ ဝတ္ထုပြီးဆုံးသွားသည်အထိ စာဖတ်သူကို ဆွဲဆောင်
သည့် အကွေ့အလိမ် အတိမ်အနက်တွေနှင့် ဇာတ်လမ်းပညာ ပြသွားသည်။
၊ ဗီဒီယိုသမားများ မျက်စိကျကြလိမ့်ဦးမည်ဟု ကြိုတင် တွက်ဆမိပါသည်။
ချမ်းမြအောင်က ကလောင်သစ်မဟုတ် ရေးသားကျနေသော ကလောင်
၂ ခုနှစ်တွင် မြဝတီမဂ္ဂဇင်းနှင့် ဝတ္ထုတိုများနှင့်အတူ ဟာသဝတ္ထုတိုတချို့ပါ
သားခဲ့သည်။ ရေဒီယိုဇာတ်ပေါင်းများစွာနှင့် ဆောင်းပါးပေါင်းများစွာတို့
ည်း ရေးသားခဲ့သည်။ နိုင်ငံ့ဂုဏ်ရည်မဂ္ဂဇင်းတွင် ဟာသဝတ္ထုများ လစဉ်
သားခဲ့သည်။
သူ၏ ဗီဇဓာတ်ခံကိုက ဟာသကို မြတ်နိုးသည်၊ ဝါသနာကြီးသည်။
စာရေးဆရာကြီးများ၏ ဟာသဝတ္ထုတိုများကို မလွတ်တမ်း ဖတ်ခဲ့ နည်းနာ
ဖြစ်သည်။ ယခု ဝင်ကစွပ် ခရအိမ်ကိုဖတ်ရင်း ချမ်းမြအောင်၏ ဟာသ
ှင့် ဟာသကို ခံစားကြပါစို့လား။

ဆရာကြီး အီကြာကွေး

# ဝင်ကစွပ် ခရုအိမ်

## အခန်း (၁)

ုံနေသည့်လက်က တဆတ်ဆတ် ... ။

ငှက်ဖျားတက်နေခြင်းလည်းမဟုတ် ... ။ နတ်ပူးခြင်းလည်း တ်။ ရေခဲရေဖြင့် ရေချိုးထားခြင်းလည်း မဖြစ်နိုင်။

ဦးလှခေါင်၏လက်သည် မသိမသာတုန်နေရာမှ သိသိသာသာ လာသည်။ အရက်သမားများ အရက်မသောက်ရသည့်အခါ ဤကဲ့သို့ တတ်၏။

ဦးလှခေါင်ကား အရက်မကြိုက်၊ ဆေးလိပ်အနံ့မခံ။ ဆေးဖြစ် ဖြစ်ပင် မသောက်။ မသုံးစွဲ။ အဘိုးကြီးနှာခေါင်းနှင့် အပျိုကလေးပါး သကဲ့သို့ ဝေရာမဏိ ရှောင်ကြဉ်ပေ၏။

သူသည် ငြိတွယ်နေသော သံယောဇဉ်ကြိုးကြီးကို ဓားမတို သွားတုံးကြီးဖြင့် ခုတ်ဖြတ်နေသူ။

သံသရာဝဋ်ဆင်းရဲမှ လွတ်ကင်းလိုသူ ...။ ဝိပဿနာတရား များချင်သည်၊ အားထုတ်ချင်သည်၊ နိဗ္ဗာန်သို့ လျှောက်လှမ်း ချင်သည်။

သို့သော် နိဗ္ဗာန်ဆိုသော ဇာတိမြေနှင့်ပင် ဝေးနေသည်မှာကြာပြီ။

တံရားဓမ္မနှင့်ပျော်မွေ့ချင်ပေမယ့် လေထဲဆောက်သည့် စာကလေးအိမ်။ ရပ်ကွက်ထဲတွင်ရှိသော နိဗ္ဗာန်လမ်းကိုကျောခိုင်းထားသူ။

ဦးလှခေါင်သည် အသက် (၅၀) ကျော် မုဆိုးဖို . . ။

"ခင်မင်သူ တွေ ဒီလိုခေါ်တယ် ကျွန်မကို မချို . . " အဲဒီလူမျိုးပါပဲ။ ခင်မင်သူတွေက သူ့ကို "ဘိုလုခေါင်" ဟု ခေါ်ကြ၏။ အချို့ မသိကြသည့်လူများက တပ်မတော်မှ ဗိုလ်ကြီးလို့ထင်၏။ သေချာပေါက် လွဲပြန်၏။

သူ့မှာ ငြိတွယ်နေသည့် သံယောဇဉ်ကြိုးကြီးတစ်ချောင်းကား အခြားမဟုတ်။ သူတစ်ဦးတည်းပိုင်သား မောင်ဟံသာကြောင့်ပင်တည်း။

ဟံသာသည် အသက်(၂၅)နှစ်ကျော် လူပျိုလတ်တစ်ယောက်ဖြစ်၏။ အသားဖြူဖြူ ကြည့်၍ကောင်းသော အရပ်အမောင်း၊ နှာတံပေါ်ပေါ် လူချောလူဖြောင့်ကလေး။

အဖေနှင့်မတူ။ အဖေက အရပ်ပုပု၊ အသားမည်းမည်း။ ပိုက်ဆံရှိ၍သာ အသားညိုသူဟု ပြောခြင်းခံရ၏။

အဖေနှင့်မတူလျှင် အမေနှင့်တူသည်ဟုသာ ပြောကြပါစို့ . . ၊ ဘွဲ့ရပြီးသော်လည်း အလုပ်အကိုင်မရှိ။ မိဘလုပ်စာ အားမနာတမ်း ထိုင်စားနေသူ၊ တစ်ခါတစ်ရံ ပွဲစားယောင်ယောင် . . ဘာယောင်ယောင်၊

ဦးလှခေါင်၏ လက်တုန်ရခြင်းအကြောင်းကို ပြန်လည် လင်းရသော် . . . ။

သူငယ်ချင်းဦးသက်ခိုင်၏စာကြောင့်ဖြစ်၏။ စီးပွားရေးလုပ်ငန်းရှင် ဦးသက်ခိုင်သည် ရန်ကုန်မှာနေ၏။ တစ်ဦးတည်းသမီးကလေး ဖြူစင်လဲ့ ရှိ၏။ တစ်ချိန်က ကတိအတိုင်း သူတို့နှစ်ဦးကို လက်ထပ်ဖို့ကိစ္စ စာရေး၍ ပို့လိုက်ခြင်းဖြစ်သည်။

ဟံသာနှင့်ဖြူစင်လဲ့တို့ကား တစ်ဦးနှင့်တစ်ဦး မမြင်ဖူး။

ဟံသာသည် ပြည်မြို့မှာ ကြီးပြင်းခဲ့ပြီး ဖြူစင်လဲ့က ရန်ကုန်မှာ ကြီးပြင်းသူ။ ဘာပဲဖြစ်ဖြစ် စာရရခြင်း ဦးလှခေါင်ပျော်နေ၏။ ဘဝင်ကို လေဟပ်မိခြင်းကြောင့် လက်များတဆတ်ဆတ်တုန်လာခြင်းသာ။

ဟံသာသည် ဘခင်ဖြစ်သူ၏ ဆောက်တည်ရာမရဖြစ်နေသော အမူအရာကိုကြည့်၍ အံ့အားသင့်သွားသည်။ တုန်နေသည့်လက်ကို ငေးကြည့်ရာမှ

"ဟင် . . . ဖေဖေ . . . အဖျားတက်နေတာလား . . ."

ဟု မေးလိုက်၏။ ဦးလှခေါင်က မဖြေ။ ပြုံးနေသည်။ လက်က တော့ တုန်နေမြဲ။

"ဒါဆို . . အိမ်မြှောင်ဥ ကိုင်ထားလို့ လက်တုန်တာဖြစ်မယ်။ အမေရှိတုန်းက ပြောဖူးတယ်။ အိမ်မြှောင်ဥ မကိုင်နဲ့တဲ့။ အိမ်မြှောင်ဥ ကိုင်ရင် လက်တုန်တယ်တဲ့ . . .။ ဖေဖေကလည်း မကြီးမငယ်နဲ့ အိမ်မြှောင်ဥ ကိုင်ရတယ်လို့ . . .။ ငုံးဥတွေ ဒီလောက် ပေါနေတာ အိမ်မြှောင်ဥတော့ မစားပါနဲ့ဖေဖေ . . .။ ဖေဖေ တစ်ခုခုဖြစ်သွားရင် သားတစ်ယောက်တည်း ဖျင်းနေလို့ပါ"

"တယ် . . . ဒီကောင် . . . မိဘကို မရိုမသေ . . ."

ဦးလှခေါင် ငေါက်ပစ်လိုက်မှ ဟံသာငြိမ်သွားသည်။ နှုတ်ခမ်း ကတော့ ဟစိဟစိအပြုံး . . .။

တကယ်တော့ သူတို့သားအဖ၏ ဆက်ဆံရေးမှာ မြန်မာမှု နယ်ပယ်တွင် ဆန်းသယောင်ရှိ၏။ တစ်ခါတစ်ရံ သူငယ်ချင်းဆက်ဆံပုံ။ တစ်ခါတစ်ရံ အစ်ကိုကြီးနှင့် ညီငယ်ဆက်ဆံပုံ။ များသောအားဖြင့်တော့ သားအဖ ဆက်ဆံမှု ပိုများသည်။

ဦးလှခေါင်ကလည်း လူတစ်မျိုး။ သားကို လွတ်လပ်ခွင့် ပေးထား ၏။ ခပ်ပျော်ပျော်နေတတ်၏။ ဒါမှလည်း ပွင့်လင်းမှုရှိမည်ဟု ယူဆသည်။

ဦးလှခေါင်သည် သား ပါးစပ်ပိတ်သွားသည်ကို ကြည့်၍ပြုံး၏၊

"ဖေဖေ လက်တုန်နေတာ ဒီစာကြောင့်ပဲ သားရဲ့"

ဟု လက်ထဲမှ စာကို ထောင်ပြ၏။

ဟံသာ မျက်ခုံးနှစ်ဖက်မြင့်တင်တင်ရင်း -

"ဘယ်က ရည်းစားစာလည်း ဖေဖေ ...၊ မကြီးမငယ်နဲ့ ရည်းစားစာ ပေးနေရတယ်လို့ ...၊ မဟုတ်မှလွဲရော ... ဟို .. သုံးခုလတ်အခေါ်ကြီး ခေါ် အေးစိုးဖြစ်မယ် ..."

"ဟာ ... ဒီကောင်ကွာ ..."

"ဒါဆို ဘယ်ကစာလဲ ဖေဖေ ..."

"ဦးသက်ခိုင်ဆီကစာ ... ဖေဖေ့သူငယ်ချင်း သက်ခိုင်ဆီကစာ ဒီစာဖတ်ပြီး ... ဖေဖေ့ဘဝင် လေဟပ်သွားလို့ကွယ်"

ဦးလှခေါင်က ခပ်ညင်းညင်းပြောလိုက်၏။ ဟံသာ အထိတ်တလန့် ဖြစ်သွားသည်။

"ဟာ ဒုက္ခပါပဲ ... ဘဝင်လေဟပ်ရင် ... ဆေးခန်းသွားမှပေါ့၊ အဲဒီ ဦးသက်ခိုင်ဆိုတဲ့ လူကြီးကလည်း စာနဲ့ကြွေးလှမ်းတောင်းရဟယ်လို့ဗျာ ..."

"ဟာ... ဒီကောင်... ပြောလေ... ကဲလေပါပဲလား ... ရော့... ဒီစာဖတ်"

ဟံသာသည် ဖခင်လှမ်းပေးသောစာကို ကဗျာကသီ လှမ်းယူရင်း ကြည့်လိုက်သည်၊

"လက်ရေးကလည်း ပဲပင်ပေါက် ခတ်လိုက်ထားသလိုပဲ ..."

"စကားမရှည်စမ်းနဲ့ကွာ ... အသံထွက်ဖတ်စမ်း"

ဟု အမိန့်ပေးမှ ဟံသာ အသံထွက်လာသည်၊

သို့

သူငယ်ချင်း ဘိုလှခေါင် . . . ။

ငါတို့ ဇနီးမောင်နှံ သတိရစွာနဲ့ စာရေးလိုက်ပါတယ်။ ကိစ္စကတော့ တို့ငယ်ငယ်က ကတိပြုထားတဲ့အတိုင်း သားရေး သမီးရေးကိစ္စပေါ့ကွာ . . . ”

ဟံသာက စာကိုရပ်၍ ဖခင်မျက်နှာကို အကဲခတ်လိုက်သည်၊ ဦးလှခေါင်က “ဆက်ဖတ်စမ်းကွာ” ဟုပြောမှ -

“သမီးကညာ ချိန်ခါမလင့် ဆိုသလို . . . ငါ့သမီး မြူစင်လဲ့နဲ့ မင်းရဲ့သား . . . ဘယ်သူ . . . ”

“ဟံသာလေဗျာ . . . ဟံသာ” ဟု ဟံသာကြားဝင်၍ ပြောလိုက်သည်၊ ဦးလှခေါင်က ထပ်၍ ဖတ်ရန်မျက်ရိပ်ပြသည်၊

“အေး . . . အဲဒီမင်းရဲ့သား . . . အခုမှ နာမည်ဖော်လို့ရပြီ၊ မောင်ဟံသာနဲ့ နေရာချထားပေးချင်တယ်၊ မင်းမနာပါဘူးနော်၊ ဒါကြောင့် သူတို့ချင်း တစ်ဦးနဲ့တစ်ဦး မြင်ဖူးအောင်ရယ်၊ ရင်းနှီးစေချင်တာကြောင့်ရယ် . . . ၊ မင်းရဲ့သားကို ငါ့ဆီကို အမြန် လွှတ်လိုက်စေချင်တယ်၊ ငါ့မှာ နှလုံးရောဂါလည်း ရှိတယ်ကွာ၊ မင်းသိတဲ့အတိုင်း ကြွက်မြင်ရင် နှလုံးက အကြောက်လွန်ပြီး ဖောက်, ဖောက်လာတယ်၊ တစ်ခါတစ်ခါ အသက်ထွက်မလား တောင် အောက်မေ့ရတယ်၊ ကလေးတွေကို နေရာချပြီးတာနဲ့ ငါ့လုပ်ငန်းတွေကိုလည်း လွှဲပေးလိုက်ချင်တယ်ကွာ”

ဒါပါပဲ သူငယ်ချင်း

မင်းရဲ့ သက်ခိုင်

“ဟာ ဒီလူကြီးက ကြွက်ကြောက်တယ်ဟုတ်လား ဖေဖေ” ဟု ဟံသာက မေးလိုက်၏၊

ဦးလှခေါင်က ခေါင်းတစ်ချက်ညိမ့်၍

"ဟုတ်တယ် ... သူက ကွက်ကို သိပ်ကြောက်တယ် .. ဒါကလည်း တစ်မျိုး ...။ သူ့မိန်းမ မယဉ်ဝေကလည်း တစ်မျိုး ..."

"သူက ဆင်ကြောက်သလား ဖေဖေ .."

"သူတစ်မျိုးဆိုတာက သူက အလှအပ သိပ်ကြိုက်တယ်။ သူ့ကို မြှောက်ရင် ကြိုက်တယ် ..."

"တစ်မျိုးနဲ့ တစ်မျိုးပဲနော် ..."

"တဲ့ ဒါတွေထားပါ ...။ သားသဘောကကော .."

ဦးလှခေါင်သည် ဟံသာကိုပြုံးတုံ့တုံ့ဖြင့် ကြည့်ရင်း မေးလိုက်သည်။

ဟံသာ ဇက်ကျိုးကျသွား၏။ မလှုပ်။

"ဟင် ... သား မိန်းမ မယူချင်ဘူးဟုတ်လား သား ..."

ဦးလှခေါင် အလန့်တကြားအော်၍ မေးလိုက်၏။

"သား ... တစ်ခွန်းမှ မပြောပါလား ဖေဖေ"

"ဒါဆို ..."

"ယူ ... ယူမယ်ဖေဖေ ..." ဟူသော ကျယ်လောင်သည့် အသံကြောင့် ဦးလှခေါင် ဝါးလုံးကွဲရယ်မောလေတော့သည်။

"ဟင်း ... ငါက ငြင်းများငြင်းလိုက်မလားလို့ စိုးရိမ်လိုက်ရတာ၊ ခွေးမသား"

"မဟုတ်ဘူးဖေဖေ ...။ သားက ဖေဖေ့သားပါ ..."

"တယ်လေ ... ငါ ..." ဟူသော စကားတစ်ခွန်းမှလွဲ၍ ဦးလှခေါင် ဘာမျှမပြောနိုင်တော့၊ ထို့နောက် အပျိုကလေးအမူအရာဖြင့် ရှက်သွေးဖြာသွားသော ဟံသာကို စူးစိုက်၍သာကြည့်နေလေတော့သည်။

# အခန်း (၂)

အချစ် . . .။

ထိုအရာကား အဘယ်နည်း . . .။

ကြီးဒေါ်မကုလားမ၏သမီး "အချစ်" မဟုတ်။

သေချာသည်။ ယင်းကား လူနာမည် "အချစ်" . . .။

သို့ဆိုလျှင် . . .။

"အ" နှင့် "ချစ်" ကိုပေါင်းစပ်ထားသောအချစ်လား။

"အ" ဆိုသည်မှာ ဆွံ့အခြင်း၊ နားမကြားခြင်းပင်။

"ချစ်" ဆိုသည်မှာကား "မြတ်နိုးခြင်း၊ နှစ်သက်ခြင်း"၊ "သံယောဇဉ် တွယ်နှောင်ခြင်း"ဟုနားလည်၏။

သို့ဆိုလျှင်လည်း . . .

အချစ်ဟူသည် ဆွံ့အ၊ နားမကြားခြင်းကို နှစ်သက်ခြင်းပေလော။ ဒါလည်းမဖြစ်နိုင် . . .။

အချစ်ကိုခြေရာခံရဦးမည်။ ပုရွတ်ဆိတ်ခြေရာကို ခံရသကဲ့သို့ ခြေရာခံရမည်။

လူသည် ပြဿနာကြီးလေးဦးကစသည်ဟုဆို၏။

ပြဿနာချစ် . . .။

အာဒံနှင့် ဧဝက စသည်ဟုလည်းဆို၏။ ဒါဆိုလျှင် ...

အာဒံဧဝအချစ် ...။

တစ်ချို့က မျောက်ကစသည်ဟု ပြော၏။ ဒါဆိုလျှင် ...

မျောက်ချစ် ...။

"မျောက်ချစ်" က အဖြစ်နိုင်ဆုံး။ ဖြစ်နိုင်ချေအရှိဆုံး ...။

ချစ်စိတ်သည် ဂဏှာမငြိမ်ရှိတတ်ခြင်းကြောင့် ဖြစ်၏။ အသီးမှည့်မှည့် မြင်တိုင်း ခူးချင်၏။ ဖိုးဖိုးဇတ်ဇတ်ကိုင်ချင်၏။ မျောက်ကားထိုကဲ့သို့ စရိုက်ရှိသည်မဟုတ်လား ...။

အချစ်ကို ထပ်ပြီး ခုတ်ထစ်ပိုင်းဖြတ် စိပ်ပိုင်းကြည့်ပြန်၏။

မောင်ချစ် နှမချစ် ...။

ရည်းစားချစ် ...။

သူငယ်ချင်းချစ် ...။

မိဘ ချစ် ...။

ထားပါတော့၊ ရှိပါစေတော့လေ ...။

သီချင်းထဲမှာ ကြားဖူးတာကတော့ ...

"အဘိုးကလည်း အဘွားကို ချစ်တယ်ပြောတာပဲ ..."

အဲ .. ဒါလည်း အချစ်ဆိုပဲ၊ ဘိုးချစ် ဘွားချစ်ပေါ့ ..။

"အဖေကလည်း အမေ့ကို ချစ်တယ်ပြောတာပဲ ..."။

အဲ ... ဒါကလည်း အချစ်တဲ့ ...။ ဖေချစ် မေချစ် ...။

"ကိုယ်ကလည်း မင်းကိုချစ်တယ် .. ပြောတာပဲ .. ချစ်တယ် .. ချစ်တယ် ..."

ဒါဆို ရှင်းသွားပါသည်။ အချစ်ဆိုသည်မှာ ...

"ချစ်တယ် ... ချစ်တယ် ..." ဟု အသက်ငင်အောင် ချစ်တတ်သော "အချစ် ..."

အသက်ငင် အချစ် . . . ။

(ဤကား မဆီမဆိုင် ဂလိုင်နှင့်ခေါက်ပြီး ကြားငင် အာချောင်လိုက်သော စာရေးသူ၏ စကားချပ်)

# အခန်း (၃)

ဟံသာသည် မိန်းမယူချင်စိတ် လောကြီး၏ ဖခင်ကို ကတိပေးပြီးကာမှ မှားမှန်းသိသွားသည်။

ထွက်ပြီးသောဆင်စွယ် . . .။

ထွေးပြီးသောတံတွေး . . .။

ရှည်လာသော ကြွက်မြီး ပြန်၍ထည့်မရသကဲ့သို့။ သူစဉ်းစားရချေပြီ။

တကယ်တမ်းမိန်းမယူရမည်ဆိုတော့ အကြောက်သား . . .။

မိန်းမယူခြင်းသည် ညဏ် ၃၀ %၊ ကံ ၇၀ % နှုန်းဖြစ်သဖြင့် အကယ်၍ ညဏ် ၃၀ ရာခိုင်နှုန်းသည် ကံရာခိုင်နှုန်းထဲသို့ တစ်ကိုယ်လုံးဝင်သွားလျှင် မိုးကြိုးပစ်ပြီ။ အိမ်ရှေ့အိမ်မှ ကိုမြင့်ဇော်ကြီး အိမ်ထောင်ရေးဒုက္ခအလုံးကြီးကို သူမြင်ဖူးသည်။

ဘုန်းကံသမ္ဘာ အရင့်အမာကြီးဖြစ်သူ ကိုမြင့်ဇော်သည် ကလေးထိန်း၊ အနှီးလျှော်၊ ထမင်းချက်၊ အိုးတိုက်။

ယူထားသည့်မိန်းမကို အချောအလှလေးဟု ထင်ကောင်းထင်မည်။

ရုပ်မလှပေမယ့် သဘောထားကောင်းမည်ဟုလည်း ထင်ပါသလား။

ရုပ်ဆိုး . . . သဘောပုပ်။

အိမ်ထောင်ရေးသုခဟူသည် ငွေကြေးပြည့်စုံမှုတော့လိုသည်။
ိကတော့မဟုတ်။

လှပသောဇနီးတစ်ယောက်ရှိဖို့လည်း လို၏၊ အဓိကတော့
တ်။

ဒါဆိုလျှင် . . .။

အချစ်ဆိုတာဘာလဲ . . .။

အဖြေရှာဖို့လိုပြီ။

နောက်တစ်ခု စဉ်းစားမိသည်။

လူတစ်ယောက်မှာ ဘာအရေးအကြီးဆုံးလဲ ဟူသော မေးခွန်း။

အသက်ရှင်သန်ဖို့ အရေးကြီးသည်။

ဆရာဝန်တစ်ဦးက ပြောသည်။

"ဒီလူ နှလုံးမခုန်တော့ဘူး .. သေပြီတဲ့ . . . "။

ထိုကား ဆရာဝန်မှတ်ချက်။

ဝက်သတ်သမား၏ မှတ်ချက်ကလည်း အလားတူဖြစ်သည်။

"နှလုံးကို လှံနဲ့ထိုးမှ တစ်ချက်တည်းသေတာတဲ့ . . . "။

သည်လိုဆိုလျှင် . . .

လူတစ်ယောက်နဲ့သက်ရှိသတ္တဝါတိုင်းအတွက် နှလုံးသားသည်
ရေးအကြီးဆုံးဖြစ်၏။

နှလုံးသားသည် အဓိက . . .။ ပွိုင့် . . . ပွိုင့် . . . ဖြစ်၏။

နှလုံးသားသည် . . .

ချစ်ခြင်း၊ မုန်းခြင်းတရားကို ခွဲခြားနိုင်၏။

အတုနှင့် အစစ်ကိုလည်း တစ်ကန့်စီခွဲခြားနိုင်၏။

အားလုံး . . . အားလုံးကို ခွဲခြားစိတ်ဖြာပေးနိုင်၏။

ရုပ်ဆိုး . . . သဘောပုပ်။

အိမ်ထောင်ရေးသုခဟူသည် ငွေကြေးပြည့်စုံမှုတော့လိုသည်။
မိကတော့မဟုတ်။

လှပသောဇနီးတစ်ယောက်ရှိဖို့လည်း လို၏။ အဓိကတော့
ဟုတ်။

ဒါဆိုလျှင် . . .။

အချစ်ဆိုတာဘာလဲ . . .။

အဖြေရှာဖို့လိုပြီ။

နောက်တစ်ခု စဉ်းစားမိသည်။

လူတစ်ယောက်မှာ ဘာအရေးအကြီးဆုံးလဲ ဟူသော မေးခွန်း။

အသက်ရှင်သန်ဖို့ အရေးကြီးသည်။

ဆရာဝန်တစ်ဦးက ပြောသည်။

"ဒီလူ နှလုံးမခုန်တော့ဘူး . . သေပြီတဲ့ . . ."။

ထိုကား ဆရာဝန်မှတ်ချက်။

ဝက်သတ်သမား၏ မှတ်ချက်ကလည်း အလားတူဖြစ်သည်။

"နှလုံးကို လှံနဲ့ထိုးမှ တစ်ချက်တည်းသေတာတဲ့ . . ."။

သည်လိုဆိုလျှင် . . .

လူတစ်ယောက်နဲ့သက်ရှိသတ္တဝါတိုင်းအတွက် နှလုံးသားသည်
ရေးအကြီးဆုံးဖြစ်၏။

နှလုံးသားသည် အဓိက . . .။ ပွိုင့် . . . ပွိုင့် . . . ဖြစ်၏။

နှလုံးသားသည် . . .

ချစ်ခြင်း၊ မုန်းခြင်းတရားကို ခွဲခြားနိုင်၏။

အတုနှင့် အစစ်ကိုလည်း တစ်ကန့်စီခွဲခြားနိုင်၏။

အားလုံး . . . အားလုံးကို ခွဲခြားစိတ်ဖြာပေးနိုင်၏။

ထို့ကြောင့် မေတ္တာစစ်၊ မေတ္တာမှန်ကို နှလုံးသားဖြင့် ရှာဖွေရန် ဟံသာ ဆုံးဖြတ်ချက်ချလိုက်လေတော့သည်။

# အခန်း (၄)

ရပ်ကွက်ထဲ၌ "အိမ်" ဟု ဘုရားစူးသမုတ်နိုင်သော အိမ်တစ်လုံး
ႈ။

ထိုအိမ်ထဲတွင် လူသတ္တဝါတစ်ဦးနေထိုင်၏။ ပမာတင်စားရသော်
တုလားအုတ်ကဲ့သို့ လည်ပင်းရှည်၏။

ဝေသာလီဖျိုင်း၏ ခြေတံလည်းရှိ၏။

တောကျီးကန်းကဲ့သို့ အာခေါင်လည်းနီ၏။

ပွေးကဲ့သို့လည်း မျက်စိမှေး၏။

ဖယောင်းတိုင်ကဲ့သို့လည်း ကိုယ်လုံးတိုယ်ထည်ရှိ၏။

ငါးပေရှစ်လက်မရှိသော ထိုသတ္တဝါ၏အရပ်အမောင်းကို ကြည့်၍
များက "အရပ်ကောင်း၍ အလောင်းလှမယ့်ကောင်"ဟု ပြောစမှတ်
လေ၏။

ထိုသတ္တဝါသည် တစ်စုံတစ်ခုကို တီထွင်ကြံဆရန် အားထုတ်နေ
ာင်ယောင်ရှိသော အလုပ်လက်မဲ့တစ်ဦးဖြစ်၏။

သတ္တဝါ၏ အမည်မှာ အောင်ဆွေ ဖြစ်လေ၏။ သူသည်
ယားထိုင် အပေါက်ပေါ်တွင် ပုဆိုးစုတ်ခု၍ စည်းစိမ်ခံတတ်သူ
ည်။

အောင်ဆွေသည် ကွမ်းတမြုံမြုံဖြင့် ဆက်ရက်မင်း ဆယ်သက်မက စည်းစိမ်ယစ်နေစဉ် ရိပ်ကနဲ ပေါ်လာသော မြင်ကွင်းကြောင့် တွန့်လှုပ်သွား၏။

"ဟာ . . . ဟံသာ"

ဟု နှုတ်မှမြည်တမ်းလိုက်၏။

အောင်ဆွေနှင့် ဟံသာတို့သည် အထက်တန်းကျောင်းသား ဘဝတွင် အခင်မင်ဆုံး သူငယ်ချင်းများဖြစ်ကြ၏။

အောင်ဆွေသည် ဟံသာကို ဝမ်းသာအားရကြိုဆို၏။ ကြမ်းပြင် အပေါက်နှစ်ခုကြားတွင်ရှိသော ပကတိပျဉ်ခင်းတစ်ချပ်ပေါ်၌ အကောင်းဆုံး နေရာပေး၏။

"မင်းကို တွေ့မှ တွေ့ပါ့မလားလို့ကွာ"

ဟံသာက ပြုံးရင်းပြောလိုက်၏။ စကားဦးသမ်း၏။

"ဆိုကွာ . . . ကိစ္စရှိလို့လား . . ."

ကွမ်းတံတွေးကို ကြမ်းကြားထဲသို့ အန္တရာယ်ကင်းစွာ ဗျစ်ကနဲ ထွေးလိုက်၏။ ကွမ်းတံတွေးသည် အိမ်အောက်ရှိ ရေခွက်ထဲသို့ လွင့်စင် ကျသွား၏။ ရေပွက်လျက် ကွက်ကနဲ နီသွားလေ၏။

"သေရေးရှင်ရေးကိစ္စဆိုပါတော့ကွာ . . ."

အောင်ဆွေ၏မေးနေသောမျက်လုံး ကျယ်သွား၏။ အားကုန် နေသော ဓာတ်ခဲမှ မှိတ်တုတ်တုတ်လင်းလာသော ဓာတ်မီးရောင်ကဲ့သို့ ဖြစ်၏။

"ဘယ်သူသေလို့လဲ . . . ဘယ်သူရှင်လို့လဲ . . ."

ဟု အလန့်တကြားနီးပါး အော်မေးမိ၏။

ဟံသာက ဒိုးယိုပေါက်ဖြစ်နေသော နောက်ဖေးဘက်ဆီသို့ မျက်လုံးဝေ့ ကစားလိုက်သည်၊ မည်သူမှမရှိမှန်းသိမှ စိတ်အေးစွ

နေလိုက်သည်။

ပြီးမှ -

"စကားအဖြစ်ပြောတာပေါက္ခာ . . .။ ကိစ္စကတော့ ငါ့မှာ လက်ထပ်ရမယ့်ကိစ္စနဲ့ ရင်ဆိုင်နေရလို့ . . ."

"ရင်ဆိုင်လိုက် . . . ယူလိုက် . . . ငါတောင်ယူချင်နေတာ မရလို့"

ဟံသာတွေဝေသွားသည်။ တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေ၏။ ကတ္တရာပုံး ထမ်းထားသကဲ့သို့ စဉ်းစား၏။ မျက်ခုံးနှစ်ဖက်သည် နွားနှစ်ကောင်ကို ထမ်းပိုးတပ် မောင်းနေသကဲ့သို့ မညီမညာ တက်သွားသည်အထိ စဉ်းစား၏။

"ငါလည်း စောစောပိုင်းကတော့ မိန်းမယူချင်စိတ်နဲ့ ဖေဖေ ပြောထားကို အလွယ်တကူ လက်ခံလိုက်တာပဲ။ နောက် သေသေချာချာ စဉ်းစားကြည့်တော့ မလွယ်ဘူးကွ။ မယ်ခူးတဲ့ ဖက်စိုဖြစ်နေတယ် . ."

"နှလုံးသားက အဖြေပေးမယ်လေ . . ."

အောင်ဆွေ့စကားကြောင့် ဟံသာ ကြောင်သွား၏။ သူ့စိတ်ထဲ တွင်ရှိသော အဖြေကို ကြိုတင်သိထား၍ အံ့ဩသွားသည်။

"ငါယူမယ့် မိန်းမကို တစ်ခါမှ မမြင်ဖူးလို့ ခက်နေတာကွ။ တကယ်လို့ သူ့ရုပ်ဟာ ဘီလူးရုပ်ပေါက်နေရင်ကောကွာ . . ."

"ပရိတ်နာနာရွတ်ပေါ့ . . . အဲလေ . . . နှလုံးသားက အဖြေ ပေးမယ်လေ . . ."

အောင်ဆွေက နှလုံးသားကိစ္စကို ထပ်ပြောပြီးရယ်သည်။

"မလျှောင်ပါနဲ့ကွာ . . ."

"မင်းကို လျှောင်ရအောင် "ဝက်" မှ မဟုတ်ဘဲ"

ဟံသာ နှုတ်ခမ်း ခပ်ထော့ထော့ဖြစ်သွား၏။

ပြီးမှ

"ဟုတ်ပါတယ်ကွာ . . ။ မင်းပြောတာလည်းဟုတ်ပါတယ် . . . ။ နှလုံးသားဟာ ဦးနှောက်နဲ့မတူဘူးမဟုတ်လား . . ."

"ဆိုပါဦး မင်းရဲ့အချစ်ဒဿဂီရိ . . ."

"အချစ်ဒဿနပါကွာ . . ."

"ငါကြားဖူးတာ ပြောတာပဲ . . . ဟား . . . ဟား . . ."

ဟု အောင်ဆွေရယ်၏။

"ဦးနှောက်က တန်ဖိုးတွက်တတ်တယ် . . ။ သာမှုနာမှု တွက်တယ် . . ။ အတ္တကြီးတယ် . . ။ နှလုံးသားကတော့ ဒီလိုမဟုတ်ဘူး . . ။ မေတ္တာတရားကိုအခြေခံတယ် . . ။ အကြင်နာတရားကို မြတ်နိုးတယ် . . ။ ရိုးသားမှု၊ သစ္စာရှိမှု၊ စာရိတ္တနဲ့ ကောင်းတဲ့အကျင့်စရိုက်စတဲ့ စိတ်ပိုင်းဆိုင်ရာ ကိုယ်ကျင့်တရားကိုကိုင်တွယ်ပြီး ဆုံးဖြတ်တယ်။ အတ္တမကြီးဘူး"

အောင်ဆွေ သက်ပြင်းချ၏။ "မယားထရှူးနဲ့ လာတွေ့တာမှားပြီ . . ." ဟု စိတ်ထဲမှပြောမိ၏။

"နေစမ်းပါဦး . . မင်း ငါ့ဆီလာတဲ့ကိစ္စက ဘာလဲ . . . ။ ငါ ဘာလုပ်ပေးရမှာလဲ။ ဘာကူညီရမှာလဲ။ နားထောင်ပေးပါဆိုရင်လည်း ဝမ်းဆို့ပြီး နားထောင်ပေးမယ်"

အောင်ဆွေ မျက်နှာခပ်တည်တည်ဖြင့်ပြောသည်။ ဟံသာ မျက်နှာလည်း လိုက်၍တည်သွားသည်။

"ငါ . . . ဆိုလိုတာက မိဘတွေသဘောတူလို့ အိမ်ထောင်ပြုရတဲ့အဖြစ်မျိုး မလွှဲချင်ဘူးကွာ။ ငါက ကော်ပတ်ရုပ်လည်း မဟုတ်ဘူး။ အန္တကုန်း အရုပ်ကြီးလည်း မဟုတ်ဘူး။ ဒီတော့ . . . ငါ . . . သူ့ကို ဆန်းစစ်ချင်သေးတယ်။ နှလုံးသားရဲ့အဖြေကို စောင့်ချင်သေးတယ်။ ဒီတော့ . . ."

ဟံသာက အောင်ဆွေကို အသေးစိတ်ရှင်းပြလိုက်သည်။ ဟံသာ
ာင်းသည့် အကူအညီကိုလည်း အောင်ဆွေလက်ခံလိုက်သည်။ ကွမ်း
မြုံ ခေါင်းတညိမ့်ညိမ့် ...။

ပြီးမှ အသေအချာ စဉ်းစား၍ -

"ကြည့်လည်း လုပ်ပါဦးကွာ ...၊ အယောင်ဆောင်မှုနဲ့ ငါ
ာင်နန်း စံနေရဦးမယ် ..."

"မပူပါနဲ့ ငါ ... ထောင်ဝင်စာ လာတွေ့ပါ့မယ် ...။ ဟာ...
တ်ပါဘူးကွာ ... ငါတာဝန်ယူပါတယ်ကွာ ... တကယ်လို့
င်မလေးက မင်းကို သဘောကျတယ်ဆိုလည်း မင်းကုသိုလ်ပေါ့..။
ပြောပြော သူဋ္ဌေးသမက်တော့ဖြစ်မှာပဲ ..."

"ထွီ ... ခွေးအန်ဖတ်တော့ ငါမစားချင်ဘူးကွာ ..."

"ကူညီပါကွာ ... အားကိုးပါတယ်။ ဘဲဥနဲ့ ပူဇော်ဆိုလည်း
ပ်ပါ့မယ် ..."

"ငါက မနှဲလေးမဟုတ်ဘူးကွ ..."

ဟံသာသည် ခိုကိုးရာမဲ့ဘဝတွင် ထမင်းတစ်နပ်ကို တောင်းစား
က် မျက်နှာကြုံ့၍ အကြိမ်ကြိမ် တောင်းပန်ရှာသည်။

"အေးကွာ ... ဒါဆိုလည်း ကူညီပါ့မယ် ..."

ဟံသာ ဝမ်းသာလုံးဆို့သွား၏။ အောင်ဆွေ့လက်ကို တဖျစ်ဖျစ်
အောင်ညှစ်၏။

"အမလေး... အရိုးကျိုးတော့မယ်... ကျွတ်... ကျွတ်..."

ဟု မဲ့ရွဲ့၍ညည်းသည်။

"ဝမ်းသာလွန်းလို့ပါကွာ ... ကဲ ဒါဆို မင်းနဲ့ငါ ဇာတ်တိုက်
..."

"ငါ ... ဇာတ်တော့ မကချင်ဘူးကွာ ..."

"အစမ်း လေ့ကျင့်မှာကို ပြောတာကွ . . ."

"ဒါဆို . . . အခုအချိန်ကစပြီး . . . မင်းဟာ သူဌေးသ
မဟုတ်တော့ဘူး . . .။ ငါ . . . သူဌေးသားဖြစ်သွားပြီပေါ့ . . ."

"ဟုတ်တယ်လေ . . . မင်းအဖေ ဦးလှခေါင်နော် . . ."

အောင်ဆွေ တွန့်သွား၏။

"ငါ့ အမေ မုဆိုးမတော့ ချမ်းသာပေးပါကွာ . . ."

"ဒီလို မဟုတ်ပါဘူးကွာ . . .။ မင်းက ငါ့နေရာရောက်သွ
ဆိုတော့ ငါ့အဖေလည်း မင်းအဖေဖြစ်သွားပြီပေါ့ . . ."

"ဒါဆို တော်သေးတာပေါ့ . . . မင်းက ငါ့ကျွန်နော် . . ."

"အခွင့်အရေးမယူပါနဲ့ကွာ . . . တပည့်ဆိုရင် လုံလောက်

"တပည့် . . ."

"ဆရာ . . ."

"တပည့်ရေ . . ."

"ဆရာရေ . . ."

အောင်ဆွေက ဆရာအခေါ်ခံလိုက်ရသည့်အတွက် ဘဝ
ပြုံး, ပြုံးလိုက်၏။ ပြီးမှ -

"ဟာ . . . တို့တစ်ခုမေ့နေတယ် . . . နာမည်ပြေ
မေ့နေတယ် . ."

အောင်ဆွေကပြောသည်။

"ဟုတ်တာပေါ့ . . . ငါ့နာမည် ဟံသာမဟုတ်တော့ဘူးနေ

"ဟံသာမဟုတ်ရင် . . . ဟံသာဝတီလို့ ပြောင်း . . ."

"ဟာ . . . အောင်ဆွေဖြစ်သွားပြီလို့ ပြောတာကွ . . .

"ဒါဆို . . . ငါ့နာမည် ပြောင်းရမှာလား . . ."

"ဘယ်လို ပြောင်းချင်လို့လဲ . . ."

"အိမ်ဖော်နာမည်နဲ့တူအောင် ... သံလစိ လို့ ..."

"ဟာ ... မဟုတ်တာကွာ။ ရှက်စရာကြီး ... ဟီး ဟီး ..."

"ဒါဆို ... အောင်ဆွေပဲထားလိုက်ပါတော့ကွာ ... ဒါနဲ့ တို့ ... ဘယ်တော့ ရန်ကုန်သွားမှာလဲ ..."

ဟံသာက ပျဉ်ပြားကို တဒေါက်ဒေါက် ခေါက်လျက် စဉ်းစားသည်၊

"ဘာလဲ ... မင်း ပျဉ်ပြားဗေဒင်တွက်နေတာလား ..."

"မဟုတ်ပါဘူး ... သန်ဘက်ခါသွားရင် ကောင်းမလားလို့ ..."

"သန်ဘက်ခါ သွားမယ်လို့ ပြောလေ တပည့် ..."

"ဟုတ်ကဲ့ပါဆရာ ..."

နှစ်ဦးစလုံး လှိုက်လှိုက်လှဲလှဲ ရယ်မောကြလေ၏။ သူတို့ရယ်သံကြောင့် အိမ်ရှေ့သစ်ကိုင်းပေါ်တွင် နားနေသော ကျီးကန်းတစ်ကောင် လန့်အော်ပြီး ပျံသွားလေသည်။

ထိုမှစ၍ ဟံသာ၏အချစ်စစ် ရှာပုံတော်ခရီးစလေပြီတည်း။

# အခန်း (၅)

ဖြူစင်လှဲ့ ဦးနှောက်ခြောက်နေသည်။ မြုံးစားကြီး မိုးရွာချလိုက်သလို၊ ယောကျ်ားတစ်ယောက်ကို အလုံးလိုက် အထည်လိုက်ရတော့မည်ဆို၍ ဦးနှောက်ခြောက်သွားသည်။ အရည်ခမ်းခြောက်သွားသည့်အုန်းသီးကဲ့သို့ ဦးနှောက်ခြောက်သွားခြင်းဖြစ်သည်။ ဖြူစင်လှဲ့ စဉ်းစားရပြီ။

မိန်းမသားတို့၏ ဘဝသည် "စင်ကောင်းမှစံ" ရသည့်ဘဝ။

ယောကျ်ားအတော်များများသည် အူကြောင်ကြောင်များသည်။ မရခင်က အာလူးသမား၊ လေပေါ်များ၏။ ရပြီးတော့ အူယောင်ယောင်ဖြစ်ကုန်ကြသည်။

လွင်သက်ဦးဆိုသော ကောင်စုတ်ကလေးသည် ဖြူဖြူကို ချစ်ရေးဆိုစဉ်က "မင်းကို မရရင် သေရပါမယ် . . ."တဲ့ . . .။

သူသည် ဖြူဖြူနှင့်မရပါ။

သို့သော် . . .။

သူသည် အသက်ရှင်နေဆဲဖြစ်၏။ အစားလည်းမပျက်။ ခံတွင်းလည်းမပျက်။ အိပ်ပျော်၊ စားဝင် . . .။

ကောင်မလေးတစ်ယောက်နှင့်အတွဲဖြစ်ပြီး၊ မိုးမဆုံးလေမဆုံးပျော်နေလေ၏။

သူသည် ဒီစကားကို ဘယ်နှစ်ယောက်ပြောပြီးသည်လည်း မသိ။ ယောကျ်ားဆိုတာ ဒါမျိုးချည်းပင်ဖြစ်၏။

တစ်ခါတုန်းက မမစိုးအိမ်သို့ အလည်ရောက်သွားခဲ့၏။ မမစိုး၏ အမည်မှာ ခင်မူယာစိုးဖြစ်သည်။ ကျောင်းတုန်းက ဖြူစင်လှဲသည် အစ်မရင်းတစ်ယောက်ကဲ့သို့ ခင်မင်ခဲ့သူ။

မမစိုး အိမ်ထောင်ကျသွားသည်။

သူ့ယောကျ်ားက လူချော လူလှ။ အရက်မသောက်၊ ဆေးလိပ် သောက်။ တကယ့် ကြောင်သူတော်ကြီးပင်။

ကြောင်သူတော်ကြီးဖြစ်မှန်းသိတော့ မမစိုး နောက်ကျသွားခဲ့ပြီ။

ကြောင်သူတော်ကြီးသည် အရက်ကို မသောက်သည့်နေ့ဟူ၍ ရှိ။ တွေ့လျှင်သောက်၏။ မတွေ့လျှင် ရှာသောက်၏။

"မိန်းမရေ . . . ငါ ဒီနေ့မျှားလာတယ်" ဆိုသောစကားကိုသာ မမစိုး ရိုးအီအောင်ကြားနေရသည်။

ဘယ်တော့မှ "နည်း" လာသည့်နေ့ မရှိ။

"ယောကျ်ားဆိုတဲ့ အမျိုးဟာ ကျီးအာသီးလိုပဲ လှဲရဲ့ . . .။ ကြည့်မှ ခါးမှန်းသိတယ် . .။ မရခင်ကတော့ ရေခဲမုန့်စားသလိုပဲ . . .။ လေးနဲ့ တို့လိုက်၊ တို့လိုက်နဲ့ မစားရက်သလိုလို ဘာလိုလို၊ နမော လိုလို . . ."

ဟု ပြော၏။

ဖြူစင်လှဲက စိတ်ဝင်စားစွာ နားထောင်ရင်း-

"ရပြီးရင်ကော မမစိုးရဲ့ . . ."

ဟု မေးလိုက်၏။ မမစိုးက နှုတ်ခမ်းတစ်လံ ပန်းတလံ မဲ့ရွဲ့ပြီး -

"ရပြီးရင်တော့ . . . ခွေးချေးပုံကို ဖနှောင့်နဲ့နင်းသလို နင်းတာ . . . ဖြစ်ကနဲတောင် မြည်သေး . . ."

"ရွှဲလိုက်တာ . . . ဝေါ့ . . . ဝေါ့ . . ."

နှလုံးမကောင်းသဖြင့် ဖြူစင်လဲ့ တဝေါ့ဝေါ့ အန်မိ၏။

"မမစိုးရယ် . . . ဥပမာပေးစရာရှားလို့ . . . မိန်းမတွေကို ခွေးချေးပုံနဲ့နှိုင်းရသလား . . ."

"လဲ့ ရှင်းအောင်ပြောရတာပါ . . .။ မှတ်ထားနော် ယောကျ်ား ဆိုတာ ဖနောင့်လိုပဲ . . ."

မမစိုးက မှတ်ချက်ပေး၏။

"ကြောင်သူတော်ပဲကောင်းပါတယ် မမစိုးရယ် . . ."

"ကြောင်သူတော်ဆိုလည်း ကြောင်သူတော်ပေါ့ . .။ လဲ့လည်း တစ်နေ့အိမ်ထောင်ပြုမှာပဲ . .။ ကြောင်သူတော်တွေကိုတော့ ဝေးဝေး ကသာ ရှောင် . ."

ကြောင်သူတော် . . .။

ဟုတ်ပါသည်။ အိမ်ကရွှေဝါကြီးသည်လည်း ကြောင်သူတော် အမျိုးအစားထဲက ဖြစ်သည်။ လူရှေ့သူရှေ့ ငါးကြော်ချကျွေးလျှင် မစားတတ်။ လူလစ်မှ ခိုးပြီး စားတတ်တဲ့အကျင့်ရှိသည်။

"ကဲဟာ . . . ကြောင်သူတော်ဖြစ်ချင်ဦး"

ဟု ဖြူစင်လဲ့သည် အော်ဟစ်ကာ ရွှေဝါကြီး၏ ခေါင်း တည့်တည့်ကို သနပ်ခါးတုံးဖြင့် ရိုက်ပစ်လိုက်သည်။

"ညောင် . . ."

ရွှေဝါကြီးသည် ဘုမသိ ဘမသိ အသားလွတ်ခံလိုက်ရ၏။

"ငါလည်း ဘာမှ မလုပ်ဘဲနဲ့ အရှုံးမ . . . ညောင် . . ညောင် . ."

ဟု အော်ရင်း တစ်ချိုးတည်းလစ်ထွက်သွားလေ၏။

အိပ်ခန်းထဲမှ ရိုက်သံနှက်သံကြားတော့ အိမ်ဖော်မလေးမိထူး ပြေးဝင်လာသည်။

"ဘာ . . . ဘာ ဖြစ်တာလဲ မမလေး . . . " ဟု နားမလည်သလို ကြည့်ရင်းမေးလိုက်သည်။

"ဘာဖြစ်ဖြစ် . . . ကြောင်သူတော် . . . "

ပြောပြီးမှ ဖြူစင်လှဲ့ သတိရသွားသည်။

"အဲ . . အဲ . . ဘာမှမဟုတ်ပါဘူး . . .။ ငါ့အဝတ်ပုံပေါ် တက်အိပ်လို့ . . . ရွှေဝါကြီးကို သနပ်ခါးတုံးနဲ့ပညာပေးလိုက်တာ . . "

"ဟာ . . . မမလေးကလည်း ကြောင်ဆိုတာ စာမှ မတတ်တာ ပညာပေးလို့ ဘယ်ရမှာလဲ . . . "

ဟု အတွန့်တက်သည်။

"အရေးထဲ . . . နင်ကလည်းတစ်မျိုး . . . "

ဟု ဟောက်လိုက်မှ မိထူးလျှာထုတ်၍ ပြုံးနေလေသည်။

"အတော်ပဲ . . . ငါလည်း ညည်းကိုခေါ်မလို့ . . . "

"ဘာ ကျွေးမလို့လဲ မမလေး . . . "

အစားအသောက်မက်သော မိထူးက စိတ်ထဲမှာထင်သည့်အတိုင်း ပြောသည်။

"ဘာမှ မကျွေးဘူး . .။ ငါပြောတဲ့အတိုင်းလုပ် . .။ အခု . . ဒရိုင်ဘာဦးလေးထွန်းကို ခေါ်ပြီး မြို့ထဲသွား . . . ဘွဲ့ဝတ်စုံနဲ့ဓာတ်ပုံ ရိုက်လာ . .၊ တို့မိသားစုနဲ့ရိုက်ထားတဲ့ဓာတ်ပုံကိုလည်း ယူသွား . .၊ ငါ့ဓာတ်ပုံနေရာမှာ ညည်းပုံအစားထိုးခဲ့ . . .။ ကွန်ပျူတာဆိုင်မှာ သွားလုပ်ချေ . . .။ ဒီနေ့အပြီးလုပ်ခဲ့. . .။ ကုန်ကျစရိတ် အားလုံး ငါပေးလိုက်မယ် . . . "

"ရှင် . . . မမလေး . . . "

မိထူး နားရှုပ်သွားသည်။ ဘာမှ နားမလည်၊ ဖြူစင်လှဲ့ကို ငေးစိုက်၍ကြည့်နေမိသည်။

"မမလေး . . . ညက အိပ်ရေးဝတယ်နော်"

ခပ်တိုးတိုးမေး၍ ဖြူစင်လဲ့ကို အကဲခတ်ကြည့်သည်။

"ဘာလဲ . . . ငါ့ကို အရူးလို့ပြောချင်လို့လား။ ငါ . . . ပြောတဲ့ အတိုင်းသာလုပ် . . ။ ဟင်း . . . ဟင်း . . . တွေ့ကြသေးတာပေါ့ . . . ကြောင်သူတော်ရယ် . . ."

"ဘာလဲ မမလေး . . . ကြောင်သူတော်ဆိုတာ"

မိထူးက ပြန်မေး၏။

"ယောကျ်ားတွေကို ပြောတာအေ့ . . ."

"ဒါဖြင့် . . . မိန်းမတွေကျတော့ ကော . . ."

"ခွေးချေးတဲ့ အေ့ . . ."

မိထူးက တံတွေးကို ဖျစ်ကနဲထွေး၍

"ထင်သားပဲ . . . အစကတည်းက ခွေးချေးနဲ့တူလို့ . . . နှမ်းဖတ်ချဉ်မစားချင်တာ . . . ။ ဒီနေ့ နှမ်းဖတ်ချဉ်သုပ်လေ. . ."

"တော်ပြီ . . . ငါလည်း မစားဘူး . . ."

မိထူးက မျက်လုံးကစား၍ကြည့်ရင်း -

"မမလေး . . ."

"ဘာလဲ . . ."

"ဒါဆို . . . ဒရိုင်ဘာဦးထွန်းကြီးလည်း ကြောင်သူတော်ကြီး ပေါ့နော်"

"ငါ့အဖေကလွဲရင် အတူတူချည်းပဲ . . ။ ကဲပါ . . လျှာမရှည်နဲ့ မြန်မြန်သွား . . ။ ပြန်လာရင် . . နင်နဲ့ငါ . . လုပ်စရာလေးတွေ ရှိသေးတယ်။ အဲဒီကျမှ . . . နင့်ကို အသေးစိတ်ရှင်းပြမယ် . . ."

မိထူးလှည့်မကြည့်တော့ဘဲ ထွက်သွားသည်။ မကြာမီ ကားမောင်း ထွက်သွားသံကိုလည်းကြားရ၏။

# အခန်း (၆)

ဂီတ၏သံစဉ်နှင့်တူသော Hand ဖုန်းသံ။

"ဟလို . . ."

ဟု ဦးသက်ခိုင်ပြန်ထူးသည်။

ဦးသက်၏ ကိုယ်ခန္ဓာဝဝဖိုင့်ဖိုင့်ကြီးသည် ဖုန်းပြောလျှင် ဘယ်ညာ ယိမ်း၍ပြောတတ်၏။ အဝေးမှကြည့်လျှင် မျောက်ဝံကြီးတစ်ကောင် ငှက်ပျောသီးအခွံနွှာစားပြီး လမ်းလျှောက်သည်နှင့်တူသည်။

တစ်ဖက်လူမှ ဘာပြောနေသည်မသိ။ ဦးသက်ခိုင်၏ တည်ထား သော မျက်နှာသည် တဖြည်းဖြည်းပြုံးလာ၏။ ဖုအစ်နေသည့် ပါးစုံကြီး နှစ်ဖက်တို့သည် အပေါ်နှင့်အောက် အတက်အဆင်းလုပ်နေလေ၏။ ခေါင်းကလည်း တညိမ့်ညိမ့် . . .။

ထို့နောက် တဟားဟား ရယ်မောရင်း ဖုန်းကိုပိတ်လိုက်သည်။ ဒါးတွင်ချိတ်လိုက်သည်။

"ဘယ်သူ့ဆီကလည်း ကိုသက် . . ."

ဒေါ်ယဉ်ဝေ အနားရောက်နေသည်ကိုပင် ဦးသက်ခိုင် သတိ မထားမိ။ ငုံ့ထားသည့်မျက်လုံးထဲတွင် ဒေါ်ယဉ်ဝေ၏ ခြေဖမိုးမို့မို့လေးကို မြင်လိုက်ရမှပင် သိလိုက်ရသည်။

ဒေါ်ယဉ်ဝေ၏မျက်နှာသည် ဖျားရည်သုတ်ထားသော မျက်နှာကဲ့သို့ ချို့နေ၏။ ရွှေးလျှာဖြင့် ရက်ချင်လောက်အောင် ချို့နေ၏။

"ကိုဘိုလှခေါင်ကြီးဆိက မဟုတ်လား ကိုသက် . . ."

ဒေါ်ယဉ်ဝေက ကြိုတင်တွက်ဆထားသည့်အတိုင်း မေးလိုက်၏။

"အေး . . . ဟုတ်တယ် . . ."

"ဘာတွေ ပြောလိုက်သလဲဟင် . . ."

ဒေါ်ယဉ်ဝေသည် ပိန်လျှလျှကိုယ်ခန္ဓာလေးဖြင့် ဦးသက်ခိုင်ဘေးသို့ ပူးကပ်လျက် ထိုင်ချလိုက်၏။

ဦးသက်ခိုင်စိတ်ထဲတွင် နွေးကနဲဖြစ်သွားသည်ဟု မထင်လိုက်ပါနှင့်။

နှစ်ဆယ်ကျော်ချစ်သူတွေဘဝကတော့ ဒါမျိုးဆိုလျှင် ရင်တွေကတဒိန်းဒိန်းခုန်နေပြီ။ သွယ်လျှလျှကိုယ်ခန္ဓာလေးကို မထိရက်မကိုင်ရက်နိုင်။ မတို့ရဲ . . . . မဆိတ်ရဲ . . . . . ။

ယခုတော့ ဒေါ်ယဉ်ဝေ၏ကိုယ်ခန္ဓာသည် သစ်သားချောင်းတစ်ချောင်းကဲ့သို့ အေးစက်မာကျောနိုင်လွန်းသည်။

"ပြောပါဦး ကိုသက်ရဲ့ . . . ယဉ်လည်း ကြားချင်တာပေါ့ . ."

ဟု အတွေးနယ်ကို ဖောက်ထွင်းလိုက်မှ ဦးသက်ခိုင် လှုပ်ရှားသွားသည်။

"သူ့သား မောင်ဟံသာ . . . သန်ဘက်ခါဆိုရင် ရထားနဲ့လာခဲ့မယ်တဲ့ . . ."

"ဝမ်းသာလိုက်တာ ကိုသက်ရယ် . . ."

"ပြောသေးတယ် . . . သူ့သားကို မင်းတို့လက်ထဲ အပ်ပြီးပုံအပ်လိုက်ပြီတဲ့ . . . ။ ကြော်စားစား ချက်စားစား မီးဖုတ်စားစား၊ ပြုတ်စားစားတဲ့လေ ဟား . . . ဟား . . . ဟား . . ."

ပြောပြီး ဦးသက်ခိုင် တဟားဟားရယ်မောသည်။ ဒေါ်ယဉ်ဝေပါ ရာပြီးရယ်သည်။ နှစ်ဦးသားရယ်သံကြောင့် ကြွက်ခုပ်ရန်ချောင်းနေသော ွှဝါအမြီးကုပ်၍ ထွက်ပြေးသွားလေသည်။

ပြီးမှ ဦးသက်ခိုင်က -

"ယဉ်သဘောထားကကော ယဉ်"

ဟု မေးလိုက်သည်။

ဒေါ်ယဉ်ဝေက မျက်ခုံးတွန့်၍ စဉ်းစားရင်း-

"သူ့သားကို ကြော်စားရင်တော့ မသိဘူး ကိုသက်ရဲ့ ချက်စား င်တော့ ...."

"ချက်စားရင် ဘာဖြစ်မလဲ ယဉ် ..."

"ဒီအရွယ်ဆိုရင် သိုးစော်နံပြီရှင့် ..."

ဦးသက်ခိုင်ထပ်၍ရယ်မိ၏။ ထို့နောက် ဧည့်ခန်းထဲသို့ နှစ်ဦးသား ှာက်သွားလေတော့သည်။

# အခန်း (၇)

ဆောင်းနံနက်မို့ လေပြည်တို့ တဖြူးဖြူးတိုက်ခတ်နေလျက်ရှိသည်။

မြတင်းပေါက်မှ တိုးဝင်လာသော လေနုအေးတို့ကြောင့် အနည်းငယ်အေးလာသည်။

အိမ်ရှေ့ခြံထဲမှ ဆောင်းငှက်ကလေးများ၏ တေးဆိုသံလည်း ညံလာသည်။

"နည်းနည်းအေးလာတယ်။ ကော်ဖီသောက်မလား ကိုသက် .."

ဒေါ်ယဉ်ဝေက မေးလိုက်၏။

"ကောင်းသားပဲ . . . ပေါင်မုန့်ပါ မီးကင်ထောပတ်သုတ်ကွာ၊ စားပြီးတာနဲ့ လမ်းလျှောက်ထွက်ဦးမယ် . . ."

ပြောပြီး ဦးသက်ခိုင်၏မျက်လုံးများသည် ညှို့နံရံဆီသို့ အလိုလိုရွေ့လျားသွားမိသည်။

"ဟင် ဘာတွေဖြစ်ကုန်ပြီလဲ . . ."

ဟု အလန့်တကြားအော်မိ၏။

"ဘာဖြစ်လို့လဲ ကိုသက် . . ."

ဒေါ်ယဉ်ဝေက ဦးသက်ခိုင် မျက်လုံးကြည့်ရာ မြင်ကွင်းသို့

လိုက်၍ကြည့်မိ၏။

ဒေါ်ယဉ်ဝေက မျက်လုံးပြူးသွားသည်။

"ဒီ . . . ဘွဲ့ဓာတ်ပုံက ဘယ်ကရောက်လာတာလဲ . . သမီး
ဓာတ်ပုံလည်း မဟုတ်ပါလား။ ဘယ်နှယ့် မိထူးပုံဖြစ်နေတာလဲ . . .
ကြည့်ပါဦး ကိုသက် . . ."

ဒေါ်ယဉ်ဝေ တစ္ဆေခြောက်ခံရသကဲ့သို့ပြောသည်။

"တို့မိသားစု ဓာတ်ပုံလည်း ဘယ်လိုဖြစ်ကုန်တာလဲ . . ။ သမီး
ဘွဲ့ယူတုန်းက ရိုက်ထားတဲ့ပုံလေ. . . ။ သမီးမဟုတ်ဘဲ မိထူးပဲဖြစ်နေ
ပါလား . . ."

ဟု ဦးသက်ခိုင် ပြောပြန်သည်။

"အို . . တို့အိမ်မှာ ဘာတွေဖြစ်ကုန်ကြတာလဲ. . သမီးရေ . .
ဲ့ မိထူး လာကြစမ်း . . ."

စူးစူးနစ်နစ်ဟစ်ခေါ်လိုက်သော ဒေါ်ယဉ်ဝေအသံ အဆုံးတွင်

"ရှင် . . . လာပြီ ဖေဖေနဲ့မေမေ . . ."

တူသည့် အသံရှင်ရောက်လာ၏။

"လာပါပြီ . . . ဖေဖေနဲ့မေမေ . . ."

ဟူသော မိထူး၏အသံ။

"ဘာ . . . ဖေဖေနဲ့မေမေဟုတ်လား . . . မိထူး . . ."

ဦးသက်ခိုင် ထိုင်ရာမှ ထရပ်လိုက်၏။ ထိတ်လန့်စွာကြည့်၏။

"ဟုတ်ပါတယ် ဖေဖေ . . ."

"ဘာ . . ."

ဒေါ်ယဉ်ဝေ၏ အလန့်တကြား "ဘာ"သံ၊ အိပ်မက်မှ လန့်နိုး
ည့်မျက်လုံးဖြင့် မိထူးကိုကြည့်၍ မင်သက်မိသွား၏။

ဒေါ်ယဉ်ဝေ မိထူးတစ်ကိုယ်လုံးကို ခြေဆုံးခေါင်းဆုံးကြည့်မိသည်။

မိထူးကိုယ်ပေါ်တွင် ဖြူစင်လှ၏ အကောင်းစားအဝတ်တွေချည်း။ မတော်တရော်ဝတ်ထားသဖြင့် ပွယောင်းယောင်းတွေချည်း . . . ။

ကြည့် . . . ဖိနပ်ကလည်း ခုံမြင့် ဖိနပ်။ ပြေးလာစဉ် ခြေခေါက်သွားသဖြင့် ထော့နဲ့ထော့နဲ့ဖြစ်နေသည်။

"မိထူး . . . နင် ရူးနေသလား"

ဦးသက်ခိုင်တုန်ယင်ယင်ဖြင့် မေးလိုက်သည်။

"မရူးပါဘူးဖေဖေ . . ။ ဖေဖေပြောသလို မိထူးလည်း မဟုတ်ပါဘူး . . . ။ ဖေဖေ သမီး ဖြူစင်လှလေ . . . "

ကိုယ့်နားကိုယ် မယုံနိုင်။

သူတို့နှစ်ယောက်ကပဲ ရူးသွားပြီလား။ အိမ်ဖော်မလေး မိထူးပဲ ရူးသွားပြီလား။

ဦးသက်ခိုင် အရက်မသောက်ဘဲ ချာချာလည်အောင် မူးသွားသည်။ ဒေါ်ယဉ်ဝေကလည်း ထိုနည်းတူစွာပင်။ ဘီယာမသောက်ဘဲ မူးဝေသွားသည်။

"ယဉ် . . . "

"ရှင် . . . "

"ငါ ရူးသွားပြီလား . . . "

"အို . . ရူးတဲ့လူက ကိုယ့်ကိုကိုယ်ရူးတယ်လို့ ဘယ်သိမလဲ . . "

"ဒါဆို . . . ငါ့ကို ဆိတ်စမ်း . . အိပ်မက်များလားလို့ . . "

ဒေါ်ယဉ်ဝေက ဦးသက်ခိုင်၏ လက်မောင်းကို ခပ်နာနာ ဆိတ်လိုက်၏။

"အမယ်လေး လက်သည်းကြီးနဲ့ နာလိုက်တာသေချင်းဆိုးမ. . "

ဟု ဦးသက်ခိုင် မဲ့ရွဲ့ရွဲ့ဖြင့်ပြန်အော်လိုက်၏။

"ကိုသက် . . . သေချင်းဆိုးမဆိုတာ ရှင်ပြောလိုက်တာလား"

ဒေါ်ယဉ်ဝေက ပြန်မေးလိုက်၏။

"အေး . . . ဟုတ်တယ် . . ."

"ဒါဆို ယဉ်လည်း အိပ်မက် မက်တာမဟုတ်ဘူး . .။ ကိုသက်ရယ် ပြောစမ်းပါ . . .။ မင်းဟာ နတ်သမီးလေးလို သိပ်လှတာပဲလို့ ယဉ့်ကို ချစ်ကြောင်း ပြောစမ်းပါ . . ."

"အို . . . ငါးဖောင်ရိုးမကို မပြောနိုင်ဘူးကွာ။ ကျက်သရေတုံးမကြီး . . ."

"ဟုတ်ပြီ . . . ဟုတ်ပြီ . . . ဒါဆို . . တို့နှစ်ယောက် အိပ်မက်လည်းမဖြစ်နိုင်တော့ဘူး . . .။ ရူးတာလည်း မဟုတ်တော့ဘူး . . .။ တို့နှစ်ယောက် မရူးရင် . . . မိထူးပဲရူးတာဖြစ်မယ် . . ."

ဦးသက်ခိုင်နှင့် ဒေါ်ယဉ်ဝေတို့သည် မိထူး၏မျက်လုံးများကို ကပ်၍ ကြည့်ကြသည်။

ရူးသောသူများကား မျက်လုံးကို ကြည့်ရုံဖြင့် သိနိုင်၏။ ဘယ်တော့မှ မျက်လုံးမငြိမ်။

"ကျွန်မလည်း မရူးပါဘူး ဖေဖေကြီး . . .။ မမလေး . . . မမလေး ဖြူစင်လှဲ့ . . ."

ဟု မိထူးသည် စကားကို ဆက်မပြောဘဲ ရပ်သွားလေသည်။

"သ . . . သမီးလေး ဖြူစင်လှဲ့ ရူးသွားတယ် . . . ဟုတ်လား မိထူး . . ."

ဒေါ်ယဉ်ဝေက အလန့်တကြားမေးရင်း ဖြူစင်လှဲ့အခန်းသို့ ပြေးသွားရန်ဟန်ပြင်သည်။

"မမလေးလည်း မရူးပါဘူး ဖေဖေကြီး . . ."

"ဒါဆို ညည်းပြောစမ်း . . . တို့ကို ဘာသဘောနဲ့ဒီလို လုပ်တာလဲ . . .။ ပြောစမ်းမိထူး . . ."

ဒေါ်ယဉ်ဝေ၏အသံကြောင့် မိထူးတုန်သွားသည်။ သူ ... ဘာပြောရမှန်းမသိ။

"ငါခိုင်းတာမလုပ်ရင် .... နင့်ကို အိမ်ပေါ်က နှင်ချမယ် .."

ဟူသော ဖြူစင်လဲ့ကိုလည်း ကြောက်ရသည်။

"ပြောလေ မိထူး ... ဘာသဘောနဲ့ အခုလိုလုပ်တာလဲလို့ .."

"ကျွန် ... ကျွန်မ ..."

ဟူသည့် စကားမဆုံးပါ။

"သူ့ကို မဆူပါနဲ့ မေမေ ...။ အဲဒီ အစီအစဉ်တွေကို သမီး ခိုင်းတာပါ ...။ သမီးအပြစ်ပါ မေမေ ..."

ဖြူစင်လဲ့ရောက်လာပြီး ဝင်ပြောမှ မိထူးအပေါ်ကျရောက်နေသော ရာဇသံပျောက်သွားတော့သည်။

"ဘာတွေဖြစ်နေကြတာလဲ သမီးလေးရယ် ... ဖေဖေနဲ့ မေမေတို့ကိုလည်း ပြောပါဦး ..,။ အို ... သမီးလေးကလည်း နွမ်းဖတ်ဖတ်နဲ့ အိမ်ဖော်မလေးကျနေတာပဲသမီးရယ် ..."

ဒေါ်ယဉ်ဝေသည် ဖြူစင်လဲ့ကို ငိုမဲ့မဲ့ကြည့်၍ ပြောသည်။ ဦးသက်ခိုင်ကတော့ အဖြေရခက်ခဲသည့် ပုစ္ဆာကိုတွက်နေရသကဲ့သို့ ခေါင်းရှုတ်၍သာနေတော့သည်။

"သမီး ရှင်းပြပါ့မယ် ဖေဖေနဲ့မေမေ ... အခုလို ဖေဖေနဲ့ မေမေကို မတိုင်ပင်ဘဲ လုပ်လိုက်ရတာကို ခွင့်လွှတ်ပါ ..."

ဖြူစင်လဲ့သည် သူ၏အကြံအစည်ကို မိဘနှစ်ပါးအား အသေးစိတ် ရှင်းပြလိုက်၏။

ဦးသက်ခိုင်က ခေါင်းတယမ်းယမ်း ... ။ ဒေါ်ယဉ်ဝေကတော့ စိတ်ဝင်စားစွာ နားထောင်နေသည်။

ဆောင်းလေအဝေ့တွင် ပြတင်းပေါက်တံခါးတစ်ချပ် "ဂျိုင်း"ကနဲ

က်သွား၏။

ဆောင်းလေနှင့်အတူ လွင့်မျောလာသော ရွက်ကြွေကစ်ရွက်သည်
မ်ပေါ်သို့ ရုပ်တိုက်၍ရောက်ရှိလာ၏။

ပျံ့ဝဲလာသည့်သစ်ရွက်ချပ်သည် နံရံနှင့်ထိပြီး ရပ်တန့်သွား
ယတော့သည်။

# အခန်း (၈)

"သမီးအစီအစဉ်ကို ဖေဖေခွင့်မပြုနိုင်ဘူး သမီး ...
ဘယ်နှယ့်ကွယ်. . . သမီးရင်းကို အိမ်ဖော်လုပ်ခိုင်းထားပြီး အိမ်ဖော်မိထ
ကိုတော့ သူဌေးသမီးလုပ်ခိုင်းထားရမယ်လို့ . . ."

ဦးသက်ခိုင် ခါးခါးသီးသီးပင် ငြင်းပယ်လိုက်သည်။ ကြက်ဟင်
ခါးသီး ကြား တမာရွက်ကြားမှ ဖြတ်သန်းလာသောလေသံ။

"မဟုတ်ဘူး ဖေဖေ ... မဟုတ်ဘူး။ ဟန်ဆောင်ခိုင်းထာ
တာလည်း သုံးလလောက်ပဲဟာ။ ဒီလိုမှမဟုတ်ရင် . . . သူ့အကြောင်း
အတွင်းကျကျသိဖို့ မလွယ်ဘူးလေ . . .။ သမီးကို သူတွေ့ရင် ဥစ္စာပေ
ရုပ်ချော၊ ပညာတတ်မို့ သူ ... ဘယ်ငြင်းမှာလဲ ...။ ဒါ ..
ယောကျာ်းတွေရဲ့အပေါ်ယံစရိုက်လက္ခဏာပဲ မဟုတ်လား ဖေဖေ ...

"အို ... သမီးကလည်း အရက်ခွက်လှဲ့ချတဲ့ယောကျာ်းချင်းပဲ
ဖေဖေပိုသိတာပေါ့။ ဖေဖေနဲ့သူ တစ်ဝိုင်းလောက်တွဲပြီးချလိုက်ရင် ..
ဒီကောင့်စိတ်ဓာတ်ပေါ်ပြီ ..."

"ရှင်ကလည်း သမက်တောင် မတော်ရသေးဘူး။ ပုလင်း
ဖူးဆို့လုပ်ချင်သေးတယ် ..."

ဒေါ်ယဉ်ဝေ ဟန့်တားလိုက်မှ ဦးသက်ခိုင် တိတ်သွားသည်၊

ပြီးမှ ဒေါ်ယဉ်ဝေက

"မေမေလည်း ရှိသားပဲကွယ် . . . လူကြီးချင်းဘယ်လိုပဲ သဘောတူထားတူထား ဆိုးဆိုးဝါးဝါးသူဆိုရင် မေမေတို့ကလည်း တွတာ၊ ဘိုင့်ဘိုင်ပါပဲ . . .။ ဖြစ်နိုင်ရင် မေမေနဲ့အရင်ပေါင်းကြည့်ပြီးမှ သမီးယူ . . ."

"ဟော့ . . . မိန်းမ . . . စကားကို ဆင်ခြင်ပြောစမ်း . . ."

ဦးသက်ခိုင် အနာပေါ် တုတ်ကျသွားသကဲ့သို့ ဆတ်ဆတ်ခါ နာသွားသည်။ မျက်ထောင့်နီကြီးဖြင့် ကြည့်နေသည်။

"ယဉ်က သဘောပြောတာပါ ကိုသက်ရယ် . . ."

ဟု လေပြည်ထိုးမှ ဦးသက်ခိုင်၏ စူးစူးရှရှအကြည့်ရပ်သွားသည်။

"ဖေဖေတို့ မေမေတို့ကတော့ ဖိတ်ချင်းဖိတ် ကိုယ့်အိတ်ထဲဖိတ် ကိုယ့်ခြံထဲရောက် ကိုယ့်နွားတော့ ဖြစ်ချင်တာပဲ . . .။ ဒါပေမယ့် ကေနီးလား . . . ကျေျးလား . . . ပိုလီယိုလား . . . ချိုကျိုးလား . . . နားရွက်ပဲ့လား ဆိုတာလည်း သိမှ မသိရသေးဘဲ . . ."

"သွားပါပြီမေမေရယ် . . . မေမေပြောမှပဲ တစ်ခုမှ ရစရာမရှိ ဖြစ်သွားတယ် . . ."

ပြောရင်းဖြူစင်လှဲ့ ဟက်ဟက်ပက်ပက်ရယ်၏။

"ဒါဆို . . . သမီး ဘယ်အခန်းမှာနေမှာလဲကွယ် . . ."

ဦးသက်ခိုင်က ဖြတ်ကနဲ လှမ်းမေးလိုက်၏။

"မိထူးအခန်းနဲ့ လဲပြီးနေမှ သဘာဝကျမှာပေါ့ မေမေရဲ့ . . ."

ဟု ပြန်ပြောလိုက်သည်။

"ကဲ . . ကဲ . . ဒါဆိုလည်း သမီးသဘောအတိုင်းပဲကွယ် . . ."

ဦးသက်ခိုင်သည် ပြောမရသည့်အတူတူ ကြည်ဖြူစွာ ခွင့်ပေးလိုက်လေတော့သည်။

ဖြူစင်လှဲ့ မျက်နှာချက်ချင်းပဲ ဝင်းထိန်သွားလေသည်။

ဘေးတွင် ရပ်နေသော မိထွေးက -

"တော်သေးတယ် ကြားထဲက ဝင်ပြီး အရိုက်မခံရလို့"

ဟု တွေးရင်း အပူလုံးကြီးကျသွားသည်။

"ကဲ . . ကိုသက်ရေ . . . သမီး ဒါရိုက်တာခိုင်းတဲ့ အတိုင်းသာ သရုပ်ဆောင်ပေတော့။ အကယ်ဒမီမရရင်လည်း နေပါစေနော် . . ။ နှုပ်ပစ်တော့ မခံရစေနဲ့ သိလား . . . "

ဟု ပြောပြီး ရယ်သည်။

ဦးသက်ခိုင်၊ ဖြူစင်လှဲ့နှင့် မိထွေးပါ ရောရှ်ရယ်ကြလေသည်။

❊❖❊

# အခန်း (၉)

မီးရထားကြီးသည် သံလမ်းနှစ်ချောင်းပေါ်တွင် ဝမ်းလျားမှောက်
ပြေးလွှားနေသည်။

ရန်ကုန် မီးရထားဘူတာကြီးဆီသို့ မောပန်းနွမ်းနယ်စွာ
ဆိုက်ရောက်လာသည်။

ရထားကြီး လျှာထွက်လာပြီး ငယ်သံပါအောင် အော်သည်။
ပြီးနောက် အမြေးကို တုန့်ဆိုင်းလိုက်လေသည်။ တီကောင်၏ဖင်ပိုင်းကို
အားနှင့်ထိလိုက်သကဲ့သို့ ရပ်သွားသည်။ တစ်ဖန် ရွေ့သွားသည်။ တစ်ဖန်
ရပ်သွားသည်။

ဟံသာနှင့်အောင်ဆွေတို့သည် တစ်ဦးနှင့်တစ်ဦး မျက်စပစ်
ချက်ပေးလျက် အထုပ်ကိုယ်စီဆွဲကာ စကြံန်ပေါ်သို့ဆင်းသည်။

အောင်ဆွေရထားပေါ်မှ အဆင်းတွင် ဝဖိုင့်ဖိုင့် အမျိုးသမီးကြီး၏
ခင်ပါးဆုံကို သူ့ဒူးနှင့်တွန်းချသလို ဖြစ်သွားသည်။

အောင်ဆွေသည် သူ့နောက်မှ တိုးထွက်လာသော အင်အားကို
ထိန်းနိုင်၊ ဝဖိုင့်ဖိုင့်အမျိုးသမီးကြီးကလည်း သူ့ခန္ဓာကိုယ်ကြီးကို
နိုင်မနင်းသယ်ယူရင်း ဆင်းနေသည်။ ခြေတစ်ဖက်က အောက်မှာ၊
တစ်ဖက်က အပေါ်မှာ၊

အပေါ်မှာတင်နေသော တင်ပါးဆုံတစ်ခြမ်းကို အောင်ဆွေက ဒူးနှင့်တိုက်ချမိသွားသည်။

"ဂေါက်"

အမျိုးသမီးကြီးက နောက်လှည့်၍ "တက်" တစ်ချက် ခေါက်သည်။

အောင်ဆွေက မကြားသလို၊ မသိသလိုဖြင့် လူအုပ်ကြားမှ ထိုးထွက်လာခဲ့သည်။

ဟံသာက ရှေ့မှာရောက်နှင့်နေ၍ ဘာမျှမသိ။

"အဘွားကြီးတင်ပါးကို ဒူးနဲ့ထိုးမိလို့ . . .။ ကံကောင်းလို့ကွာ။ ပါးအရိုက်မခံရတာ . . ."

ဟံသာနောက်မှ အမီလိုက်၍ပြောသည်။

ဟံသာက ခြေလှမ်းတုန့်၍ ရပ်စောင့်လိုက်သည်။

"မင်းကလည်းကွာ . . . အဘွားကြီးတောင် ချမ်းသာမပေးဘူး၊ ပါးရိုက်လိုက်ဖို့ကောင်းတာ . . . ဘာဖြစ်လို့ မရိုက်လိုက်တာလဲ . . ."

အောင်ဆွေ မဲ့ရွဲ့သွား၏။ ရှေ့နေငှားကာမှ ထောင်လုံးလုံးက သွားလေသည်။

"မင်းပြောမှုပဲ . . . အဘွားကြီးနောက်လိုက်ပြီး ပါးထိုးခံပေး မလို ဖြစ်နေပြီ . . ."

"အံ့သွားပါ ကျွတ်သွားရင် . . . ပိုကောင်းမယ် . . ."

"ဟာ . . . မင်းကလည်းကွာ . . . ငါက တမင်တိုက်ချင်လို့ တိုက်တာမှမဟုတ်ဘဲ . . . နောက်ကတွန်းနေတဲ့အရှိန်ကို မထိန်း နိုင်လို့ တိုက်မိတာ . . .။ အဘွားကြီးကလည်း သူ့တင်ပါးကြီး တစ်ဝက်ခွဲပြီး အောက်ကိုဆင်းနေတာကွ . . ."

"ဒါဆိုရင်လည်း မင်းကပြောပေါ့ . . .၊ အဒေါ်ကြီးရယ် . . .

အခေါ်ကြီး တင်ပါးကြီးကို မနိုင်ရင်လည်း ကျွန်တော့်ကို တစ်ဝက်ခွဲပေးလိုက်ပါလို့ . . .”

“ဟာ . . . ဘာလုပ်ဖို့လဲကွ . . .”

“ရန်ကုန်မှာ ဝက်သားတုတ်ထိုး လုပ်ရောင်းရင် ရောင်းရမယ်လေ. .”

“အဲဒီအကြံကောင်းသားပဲ . . .။ မင်းလိုက်ပြောကြည့်ပါလား။ ဟိုမှာ . . . ဟိုမှာ . . . လိုက်ရင် မီသေးတယ် . . .”

သည်တော့မှ ဟံသာ ဘာမျှ မပြောတော့။ ရပ်သွားသည်။ ထို့နောက် ပျာပျာသလဲဖြင့် အောင်ဆွေ၏တစ်ကိုယ်လုံးကို ကြည့်သည်။ ဖိုင်းဘောင်းဘီကို ဟိုစမ်း၊ သည်စမ်းလုပ်သည်။

“ဟေ့ကောင် . . . ဘာလဲ . . . မီးခြစ်ပျောက်လို့ ရှာနေတာလား”

“ဟာ . . . မင်းအမေ . . . မီးခြစ်ဘာလုပ်ဖို့လဲ . . .”

“မဟုတ်ဘူးလေ . . . မီးရှို့ဖို့ ကြံစည်နေသလားလို့ . . .”

“မဟုတ်ဘူးကွ . . .။ မင်းနဲ့ငါ အဝတ်အစားချင်း လဲဖို့ မေ့နေလို့ . . .”

“ဟင်း . . . ဟင်း . . . ဟုတ်သားပဲ . . .။ ငါလည်း မေ့နေလိုက်တာကွာ . . .”

အဝတ်အစားတွေက သူဌေးသားတစ်ယောက် ဝတ်ရမည့် အဝတ်အစား။

ဟံသာက အိမ်ဖော်တစ်ယောက်၏ အဝတ်အစားမျိုးဖြစ်ရမည် မဟုတ်လား။

သူဌေးသားဟန်ဆောင်ရမည့် အောင်ဆွေက စုတ်စုတ်ပြတ်ပြတ် အဝတ်အစားမျိုးဝတ်နေလျှင် ဖြူစင်လှဲလို ခေတ်ပညာတတ် တစ်ယောက်

၏ အမြင်၌ သံသယဝင်စရာ။

"ဟော့ကောင် အောင်ဆွေ . . . အိမ်သာရှာကွာ . . ."

"ငါ . . ဗိုက်မနာဘူးကွ။ မင်းဘာသာ အီးပါချင်ရင် လိုက်ရှာပေါ့။ အီးဆိုတာ အငှားထည့်လိုက်လို့ ရတာမှမဟုတ်တာ . . ."

"အီးပါဖို့ . . မဟုတ်ဘူးကွ . . .။ အဝတ်အစား ဝင်လဲရ အောင်လို့ . . ."

သည်တော့မှ အူတူတူ အောင်ဆွေ သဘောပေါက်၍ ပြုံးသွားသည်။

လက်မှတ်စစ် တစ်ယောက်ကို မေးသည်။ သူ လက်ညှိုးထိုးပြသည့် နေရာဆီသို့ လျှောက်သွားကြသည်။

အခန်းပေါက်တစ်ခုတွေ့သည်နှင့် နှစ်ဦးသားဝင်သွားကြသည်။

အခန်းထဲတွင် ဒုရဲအုပ်တစ်ယောက် ထိုင်နေသည်ကိုတွေ့မှ ရဲစခန်းမှန်းသိပြီး ပြန်လှည့်လိုက်ကြသည်။

"တော်သေးတာပေါ့ကွာ . . . အချုပ်ခန်းထဲရောက်မလို့ . . ."

အောင်ဆွေက ရယ်၍ပြောသည်။

"ကံပေးသလောက်ပေါ့ကွာ . . ."

ဟု ဟံသာက ပြန်ပြောသည်။ အောင်ဆွေခေါင်းညိတ်ပြသည်။

ထို့နောက် လူအများ ဝင်လိုက်ထွက်လိုက် လုပ်နေသည့် အခန်းကို တွေ့ရသည်။

စာကလေးများအသိုက်ထဲသို့ ဝင်ချည်ထွက်ချည်လုပ်နေသည်နှင့် တူ၏။

"ဪ . . . အိမ်သာဆိုတာ စာလေးအိမ်မျိုးပါလား . . ."

ဟု ဟံသာ က မှတ်ချက်ပေး၏။

သူတို့နှစ်ဦး သန့်စင်ခန်းထဲသို့ အရောက်တွင် လူရှင်းနေသည်။

ဟံသာက ဂျင်းဘောင်းဘီနှင့် ဂျင်းဂျာကင်ချွတ်ပြီး အောင်ဆွေကို ပေးသည်။ အောင်ဆွေက ပုဆိုးချွတ်ပေးသည်။

ပုဆိုးနှင့် ဘောင်းဘီလဲဝတ်ရန် ပြင်နေကုန်း တံခါးဖွင့်၍ လူတစ်ဦးဝင်လာသည်။ ယူနီဖောင်းဝတ် ရဲသားတစ်ဦး။

ရဲသားသည် သူတို့နှစ်ဦးကို မသင်္ကာသည့်မျက်လုံးဖြင့် နေရာ အနှံ့ရှာဖွေကြည့်ရှုနေလေသည်။

ဟံသာနှင့်အောင်ဆွေ မလှုပ်မလဲဖြစ်သွားသည်။ တစ်ဦး၏မျက်နှာ ကို တစ်ဦးက ကြောင်စီစီကြည့်နေမိသည်။

ရဲသည် သူတို့အနီးသို့လျှောက်လာပြီး -

"ခင်ဗျားတို့နှစ်ယောက် . . . ဘောင်းဘီနဲ့ပုဆိုးတွေ ချွတ်ပြီး ဘာလုပ်နေကြတာလဲ"

ဟု ခပ်ငေါက်ငေါက်မေးလိုက်သည်။

"ဘာ . . . ဘာမှ မတော်တရော် မလုပ်ကြပါဘူး ခင်ဗျာ . ."

အောင်ဆွေက ကြောက်ကြောက်ရွံ့ရွံ့ဖြေသည်။

"ဟုတ် . . , ဟုတ်ပါတယ်ခင်ဗျာ . . ."

ဟံသာက သွားဖြီးပြလျက် ဘေးမှဝင်ထောက်၍ ပြောသည်။

ရဲသားသည် သူတို့နှစ်ဦးကို အနေရခက်အောင် စူးစိုက်ကြည့် နေပြီ။

"ဒါ . . . မတော်တရော်လုပ်မယ့် လက္ခဏာပဲ . . ။ အီးပါ ခင်လည်း အိမ်သာထဲရောက်မှ ဘောင်းဘီချွတ်ပေါ့ဗျ . . ."

"ဒါ . . . ဒါက ဒီလိုပါ . . ။ ကျွန်တော်တို့ အဝတ်အစားတွေက ပေနေလို့ ရန်ကုန်မြို့တော်ကြီးရဲ့ အင်္ဂါရပ်နဲ့ မညီဘူးလေ . . ။ ဒါ့ကြောင့် အဝတ်အစားသစ်လဲကြတာပါ . . ."

အောင်ဆွေက မျက်နှာချိုသွေး၍ပြောသည်၊ ရဲသားသည်

တစ်စက်မျှမပြုံး။ မျက်နှာကြောတင်းနေဆဲဖြစ်သည်။ ပြီးမှ -

"ဟုတ်ပါတယ်ခင်ဗျာ . . . အပေါက်ချင်း မှားဝင်မိလို့ပါ . . . "

ရဲသားက ဘာမျှ ဆက်မပြောတော့။ အခန်းထဲမှ ချာကနဲ လှည့်ပြန်သွားသည်။ သို့မှပဲ နှစ်ယောက်စလုံး သက်ပြင်းချနိုင်လေတော့သည်။

သူတို့နှစ်ယောက် အဝတ်အစားလဲပြီးနောက် တစ်ဦးကိုတစ်ဦး ကြည့်ကြသည်။

အောင်ဆွေဝတ်ထားသော ဂျင်းဘောင်းဘီမှာ တစ်ထွာခန့်တိုနေသည်။

ဟံသာဝတ်ထားသော ပုဆိုးမှာလည်း ခါးပုံစ ပွပွကြီးဖြစ်နေသည်။ ပုဆိုးစသည် မြေကြီးပေါ်တွင် တံပြက်စည်းလှဲနေသည်။

သူတို့နှစ်ဦးသည် ဘူတာရုံအပြင်ဘက်သို့ ထွက်လာခဲ့သည်။

ထို့နောက် တစ်ခါဖူးမျှ မမြင်ဖူးသော မြို့စင်လဲ့ကို ရှာပုံတော်ဖွင့်ရပေဦးမည်။

❁❖❁

# အခန်း (၁၀)

ဖြူစင်လဲ့သည် မိမိအဝတ်အစားထဲမှ သင့်တော်သည့် ဝတ်စုံကို
တ်ယူ၍ မိထူးကို ဝတ်ပေးသည်။ မိထူးနှင့်တော်သည့်ဝတ်စုံတို့ကိုလည်း
ပိုင်ပေးလိုက်၏။

မိထူးနှင့်သူသည် ကိုယ်လုံးကိုယ်ထည်ချင်း သိပ်မကွာလှ၊ မိထူး
အရပ်တော့ပုသည်။ ထို့ကြောင့် သူခပ်ငယ်ငယ်က ဝတ်ခဲ့သည့်
ဝတ်အစားများနှင့် တော်သည်။ ထို့ပြင် ပွဲသွားပွဲလာကြုံလျှင်
တ်နိုင်အောင် ဝတ်စုံတစ်စုံချုပ်ပေးထားခဲ့သည်။

"လူမှာ အဝတ်၊ တောင်းမှာအကွပ်"ဆိုသည့်အတိုင်း မိထူးကို
င်ဆင်ပေးလိုက်တော့လည်း အရောင်ထွက်လာသည်။ နိုင်ငံခြားဖြစ်
တ်ကပ်လိမ်းလိုက်သည့်အခါ မျက်နှာကလေးပေါ်လာသည်။

သို့သော် ဖိုးဖိုးဇတ်ဇတ်လုပ်တတ်၊ ပြောတတ်သော အမူအကျင့်
းကိုတော့ သတိထား၍ ပြုပြင်ပေးရမည်။

မိထူးဘဝသည် ငယ်စဉ်ကတည်းကပင် ဖြူစင်လဲ့တို့အိမ်တွင်
မ်ဖော်ဘဝအဖြစ် နေလာခဲ့သူဖြစ်သောကြောင့် အသားကျနေပြီ။
စောထ၊ စောစောအလုပ်လုပ်ရသည်။ အိမ်အလုပ်မှန်သမျှ ဇယ်ဆက်
လို လုပ်ရသည်။ သန့်ရှင်းရေးအလုပ်မှ စ၍ ချက်ပြုတ်မှုတာဝန်
းလုံး။

အခုတော့ သုံးလလောက် သူဌေးသမီးဖြစ်ရမည်။ အောက်ခြေသိမ်းအလုပ်တော့ မလုပ်ခိုင်းတော့။

ဖြူစင်လှဲသည် မိထူးအား ပေးထားခဲ့သည့် သူ့အဝတ်အစားထဲမှ သင့်တော်သည့် ဝတ်စုံတစ်စုံကို ယူ၍ ဝတ်လိုက်သည်။ သိပ်ပြီး နွမ်းနွမ်းဖတ်ဖတ်တော့မဟုတ်။ အသားဖြူသောကြောင့် ဘာပဲဝတ်ဝတ် အရောင်ကတော့ ထွက်နေသေးသည်။

ဖြူစင်လှဲ မိတ်ကပ် မလူးတော့ပေ။ သနပ်ခါး ဘဲကြားလူး၍ထားသည်။

"မမလေး ... သွားကြစို့ ...။ ဒီအချိန်လောက်ဆိုရင် ကျောင်းသူတော်ကြီး ဘူတာမှာ ရောက်နေရောပေါ့ ..."

မိထူးသတိပေးလိုက်မှ ဖြူစင်လှဲသည် သူ့ကိုယ်သူ အပေါ်အောက်ကြည့်ရင်း

"အေး .... သွားကြမယ် ...."

ဟု ပြန်ပြောလိုက်သည်။

"ဒါနဲ့ မမလေး ...."

"ဘာလဲ မိထူး ..."

"ကျောင်းသူတော်ကြီးက ရှည်ရှည်လား၊ ပုပုလား၊ ပိန်ပိန်လား၊ ဝဝလား မသိဘူးနော် ..."

ဖြူစင်လှဲက မကြားဟန်ပြု၍ ကားဂိုဒေါင်ဘက်သို့ ထွက်လာခဲ့သည်။

ဦးလေးထွန်း အသင့်ပြင်ထားသော ကားပေါ်သို့တက်၍ မောင်းထွက်ခဲ့သည်။

အိမ်နှင့်ဘူတာရုံသည် ကားနှင့်သွားလျှင် သိပ်မကြာ။ အလွန်ဆုံးမောင်းရမှ (၂၅)မိနစ်ပေါ့။

❖❖❖

# အခန်း (၁၁)

ကားရပ်လိုက်သည်။

ပြီး - ဖြူစင်လဲ့နှင့် မိထူးတို့ ကားပေါ်မှ ဆင်းလိုက်သည်။

ဟိုဟိုဒီဒီအကြည့်တွင် သူတို့ဆီသို့ ဦးတည်၍ လျှောက်လာသော ဟံသာနှင့်အောင်ဆွေကို မြင်ရလေသည်။

"မမလေးကြည့်စမ်း .... ကျွန်မတို့ဘက်ကို လာနေတဲ့ ရှည်ရှည်နဲ့ပုပု နှစ်ယောက်တွေ့လား ... ။ အဲဒါ မမလေးရဲ့ ခင်ပွန်းလောင်း ကြောင်သူတော်တွေပဲဖြစ်မယ် ..... ရှည်ရှည်ကြောင်သူတော်နဲ့၊ ပုပု ကြောင်သူတော်လားတော့ မသိဘူး ...."

"တော်စမ်း မိထူး၊ နှင့်ပါးစပ် ပိတ်ထား ...."

ဖြူစင်လဲ့က ခပ်မာမာငေါက်လိုက်၏။ မိထူးတိတ်သွား၏။ ပြီးမှ ရယ်ကျဲကျဲဖြင့် ဖြူစင်လဲ့ကိုပြန်ကြည့်ရင်း -

"အခု အချိန်ကစပြီး မမလေးဖြစ်သွားပြီနော် ... ဒိ ... ဒိ"

ဟု လက်ဖြင့် ပါးစပ်ကိုပိတ်လိုက်ရင်း ခပ်အုပ်အုပ်ပြောလိုက်ပြန်သည်။

"ပိပိရိရိနေနော် ..."

ဟု သတိပေးရင်း ဟံသာတို့နှစ်ယောက်ကို အကဲခတ်နေ၏။

အောင်ဆွေသည် ဟံသာ၏ရှေ့မှ မားမားမတ်မတ် လျှောက်လာလေ၏။

ဒူးဆစ်နီးပါးတိုနေသော အောင်ဆွေ၏ ဂျင်းဘောင်ဘီကို မိထူးက သတိထားမိသလို၊ ဘဲဥကို အနီးဖြင့်ထုပ်ထားသည့် မိထူး ကိုလည်း အောင်ဆွေ သတိထားလိုက်မိသည်။

အောင်ဆွေ၏ရှည်လွန်းသောအရပ်ကြောင့် ထန်းလက်တစ်လက် လေထဲတွင် လွင့်နေသည်နှင့်တူနေ၏။

ဟံသာသည် မိထူးကိုမြင်လိုက်သည်နှင့် ဖြူစင်လှဲ့အာ့ထင်ဖြင့် နှုတ်ခမ်းရှုံ့သွား၏။

ဖြူစင်လှဲ့ကလည်း အောင်ဆွေကို ဟံသာအထင်နှင့် စိတ်ပျက်သွားသည်။ ရှေးရေစက် နည်းလွန်းသည်ဟုပင် ကိုယ့်ကိုယ်ကို အပြစ်တင်မိသည်။

"ရှင် . . . ကိုဟံသာလား . . . "

မိထူးက ခပ်တည်တည်ဖြင့် မေးလိုက်၏။ သဏ္ဌာန်လုပ်တော့လည်း သရုပ်တူလာသည်။

မိထူး၏ရုတ်တရက်မေးခွန်းကြောင့် အောင်ဆွေတိတ်သွားသည်။

"မဟုတ်ဘူး . . . "

ဟု လန့်၍ ဖြေခါနီးမှ သတိကို အမြန်ဆုံးထိန်းလိုက်မိသည်။

"ဟုတ်ပါတယ် . . . "

မိထူးက မယုံကြည်သလို စိုက်ကြည့်နေသောအခါ မလုံမလဲဖြစ်သွားပြီး

"နိုင်ငံသားမှတ်ပုံတင် ပါ, ပါတယ် . . .။ အမျိုးသားမှတ်ပုံတင်ကတော့ . . . နိုင်ငံသားမှတ်ပုံတင်လုပ်တုန်းက သိမ်းထားလို့ မရှိတော့ဘူး . . ဟဲ . . ဟဲ . . "

"အဖေ နာမည် . . ."

"ဦးခွေးပု . . .။ အဲ . . . အဲ ဦးလှခေါင်ပါ . . .။ ဘိုလှခေါင် လို့လဲ ခေါ်ပါတယ် . . ."

ဖြူစင်လဲ့သည် ဘေးမှာရပ်၍နေရင်း အားနာသွားသည်။ ဇွတ် အတင်းတားလို့ကလည်း အိမ်ဖော်ဘဝဖြစ်နေ၍ အခက်တွေ့နေသည်။

ထို့ကြောင့် မရဲတရဲဖြင့် -

"မမလေးကလည်း အားနာစရာ . . ."

ဟု တားဆီးလိုက်လေသည်။

ဟံသာသည် ကြည်လင်သော အသံလေးနှင့် လိုက်ဖက်ညီသည့် အလှအပ။ ဆန့်ကျင်ဘက်ဖြစ်နေသော အိမ်ဖော်မလေးဘဝကို ယှဉ်တွဲ၍ ကရုဏာသက်သွားသည်။

ဖြူစင်လဲ့သည် ဟံသာ၏ကရုဏာအကြည့်ကို လွှဲဖယ်၍ မိထူးကို လှမ်းပြောလိုက်သည်။

"မမလေး သွားကြစို့ . . ."

မိထူးက ခပ်တည်တည်ဖြင့် -

"ကဲ . . . ရှင်တို့ ကားပေါ်တက်"

ဟု ဩဇာသံဖြင့် ပြောနေစဉ် ဟံသာက အောင်ဆွေကို လက်ခါပြ နေသည်ကို မြင်တွေ့လိုက်ရသည်။

"ပုံမလာဘူး"ဟူသော အဓိပ္ပာယ်ဖြစ်လေသည်။

"ဟိုလူ . . . ဘာလို့ လက်ခါတာလဲ"

မိထူးက လှမ်းမေး လိုက်သည်။

"ဒါ ကျွန်တော့်အကူပါ . . .။ ရာသီဥတုအေးရင် လက်ကိုက် တတ်တယ် . . .။ ပြောရဦးမယ် သူ့နာမည်က အောင်ဆွေတဲ့ . . .။ သူ့အဖေဦးခွေးပုက ကျွန်တော်တို့ ကားဒရိုင်ဘာပေါ့။ သူနဲ့ကျွန်တော်က

တစ်နေ့တည်း တစ်နာရီတည်း တစ်စက္ကန့်တည်း မွေးခဲ့ကြတာ . . .”

“ဩော် . . . ထူးဆန်းတာပဲ”

မိထူးက စုပ်သပ်၏။

“ရှိသေးတယ် . . ။ ဝမ်းဆွဲဆရာမကလည်း တစ်ယောက်တည်း။ ဗိုက်နှစ်လုံးကြားခွထိုင်ပြီး မွေးပေးတာ . . .”

“ရှင်က အရပ်ရှည်သလောက် စကားရှည်တဲ့လူပဲ . . .”

မိထူးက ခပ်မာမာပြောလိုက်၏။

“ခင်ဗျားကလည်း အတော်ဟောက်တဲ့သူပဲနော် . . . ဖေဖေကလည်း မိန်းမပေးစားပါဆို အရိုက်ကြမ်းတဲ့ဆရာမလက်ထဲ မူကြိုကျောင်းသားအပ်လိုက်သလိုပဲ . . .”

မိထူးက မဲ့၍ကြည့်ရင်း-

“ကျွန်မကလည်း အိမ်က သဘောတူလို့သာ မိဘစကားနားထောင်လိုက်ရတာ . . ။ ယောကျ်ားယူရင်လည်း တည်တည်ခန့်ခန့် ယောကျ်ားမျိုးပဲ ကြိုက်တယ် . . ။ ကျောက်ကျောကို ရေပက်ထားတဲ့ မျက်နှာမျိုးတော့ . . .”

“လာပါ မမလေးရယ် . . . သွားကြပါစို့။ ဖေဖေကြီးနဲ့မေမေကြီးတို့ မျှော်နေတော့မယ် . . .”

ဖြူစင်လှဲ့က ကြားဝင်၍ ဖျန်ဖြေမှ စကားရပ်သွားကြသည်။

“ကားပေါ် တက်ကြ . . . သွားကြမယ်” မိထူးက ပြောပြီး ကားနောက်တံခါးကို ဖွင့်ပေးလိုက်သည်။ အောင်ဆွေက ရှေ့ခေါင်းမှာ ဝင်ထိုင်သည်။ ဟံသာက ဖြူစင်လှဲ့နှင့် ယှဉ်လျက်သား။

မိထူးသည် ကားမောင်းရန်ပြင်လိုက်မှ -

ခေါင်းကို တူနှင့် ထုလိုက်သကဲ့သို့ မူးနောက်သွား၏။

ဖြူစင်လှဲ့လည်း မျက်လုံးပြူးသွားသည်။

ဘူတာရုံသို့ ကားမောင်းလာခဲ့သည်မှာ ဖြူစင်လှဲ့။ မိထွေးသည်
ားစီးတတ်ရုံမှလွဲ၍ ဘာမျှမလုပ်တတ်။

မိထွေး ချွေးပြန်လာသည်။ အကြံအိုက်လာသည်။ ယခုအချိန်မှ
ဖြူစင်လှဲ့ကလည်း ရှေ့ထွက်၍မဖြစ်တော့။ ထိုစဉ် မိထွေးခေါင်းထဲသို့
ကြံတစ်ခုရောက်လာသည်။ နားထင်ကို လက်မနှင့်ဖိနှိပ်ရင်း -

"အား . . . ဘယ်လိုဖြစ်မှန်းမသိဘူး။ ခေါင်းထဲက မူးလိုက်တာ။
ဟံသာ ကျေးဇူးပြုပြီး ကားမောင်းပေးပါလား ဟင် . . . "

မိထွေးက ဝေဒနာကို ခံစားနေရပုံဖြင့် ပြောလိုက်သည်။

မိထွေး၏ဖြောင့်လက်သီးသည် အောင်ဆွေ၏ အရှိက်သို့ထိုးမိ
်သည်။

"ဟာ . . . ပြဿနာပဲ"

ဟု လွှတ်ကနဲ ထွက်သွားပြီးမှ -

"ရပါတယ် . . . ရပါတယ်။ လာကွာ . . . တပည့် . . . မင်းပဲ
င်းကွာ . . . "

အောင်ဆွေက မင်သေသေပြောသည်။

ဟံသာသည် သူ့ကို ပထမဦးဆုံးအကြိမ် တပည့်အခေါ်ခံလိုက်
ည့်အတွက် အောက်သိအောက်သက်ဖြစ်သွားသည်။ ရှိန်းကနဲ
သွားသော မျက်နှာကို အမြန်ဆုံးထိန်းသိမ်း၍ ကားထဲမှထွက်
်သည်။ အောင်ဆွေက အလိုက်သင့်ဆင်းပေးသည်။

ကားမောင်းဖို့ပြင်ပြီးကာမှ ပါးစပ်ချဉ်လာသည်။ စီးကရက်
်လိပ်ကို မီးညှိလိုက်သည်။

သူ့ခေါင်းထဲသို့ မစီစဉ်ထားဘဲ အတွေးတချို့ဝင်ရောက်လာ
၏။

တစ်ခုက အငြိမ့်စင်ပေါ်မှ ပျက်လုံးများဖြစ်သည်။ လူရွှင်တော်

တစ်ယောက်က သူသည် ဗိသုကာတစ်ဦးဖြစ်ကြောင်းပြောသည်။

ဘစ်ယောက်ကကြီးကျယ်ခမ်းနားသော ဟိုတယ်နှင့်အဆော
အဦများကို ညွှန်း၍ "အဲဒါတွေ မင်းဆောက်တာလား"ဟု မေး၏
တစ်ခုပြီး တစ်ခုမေး၏။

ဗိသုကာပညာရှင် လူရွှင်တော်က "တပည့်များနှင့်သာ ဆော
ခိုင်းကြောင်း၊ ဒီလောက် အသေးအမွှား အဆောက်အဦများ
သူလက်ဖျားနှင့်တောင် မထိကြောင်း၊ အဆင့်နိမ့်လွန်း၍ဖြစ်ကြောင်း
ဟန်နှင့်ပန်နှင့်ပြောသည်။

"ဒါဆို ဆရာက ဘာလုပ်သလဲ . . ."

ဟု မေးသည်။

ဗိသုကာလူရွှင်တော်က "ဆရာက အိမ်သာပဲ ဆောက်တယ်"
နောက်တစ်ခု . . .။

ကမ္ဘာ့သိပ္ပံပညာရှင်ကြီး အိုင်စတိုင်းသည် ဟောပြောပွဲများတွ
ဟောပြောတိုင်း အပါးတော်မြဲတပည့်တစ်ဦးကို ခေါ်သွားလေ့ရှိသည်
ကြားဖူး၏။

ကြာတော့ တပည့်သည် အိုင်စတိုင်း၏ဟောပြောမှုများ
နားရည်ဝလာသည်။ ထို့ကြောင့် ဟောပြောပွဲတစ်ခုကို ဆရာ့ကိုယ်စ
သူဟောပြောမည်ဖြစ်ကြောင်း ခွင့်ပန်၏။ ဆရာကလည်း ခွင့်ပြုလိုက်
ဲဟောပြောပွဲတွင် တပည့်သည် အိုင်စတိုင်း၏ ဟောပြောမှုအတို
ဟောပြောသွားနိုင်၏။ ပရိသတ်ကလည်း အိုင်စတိုင်းဟုပင် မှတ်ထင်
နားထောင်ကြသည်။

သို့ဖြင့် ဟောပြောပွဲအပြီးတွင် "သိချင်သည့် မေးခွန်းများ
မေးမြန်းနိုင်ကြောင်း" ပရိသတ်ကြီးသို့ ပန်ကြားသည်။

ပရိသတ်ထဲမှ သိလိုသည့်မေးခွန်းများကို တစ်ခုပြီးထ

မေးကြသည်။ သို့သော် . . . ။ ပရိသတ်တစ်ဦး၏ မေးခွန်းတစ်ခုကိုမှ မဖြေနိုင်။

တပည့်ဖြစ်သူက ခပ်တည်တည်ပင် ပြန်ပြောသည်။

"ဒီမေးခွန်းဟာ လွယ်လွန်းအားကြီးလို့ မဖြေချင်ပါဘူး . . ။ အောက်မှာထိုင်နေတဲ့ ကျွန်တော့်တပည့်ကပဲ ဖြေပါ့မယ် . . . "ဟု အိုင်စတိုင်းကို လက်ညှိုးထိုးပြသည်။

အိုင်စတိုင်းက ထ၍ ဖြေရှင်းပေးလိုက်သည်။

ဒါကတော့ တကယ်ဟုတ်၊ မဟုတ်တော့ မသိ။ ကြားဖူးနားဝ ဖြစ်သည်။ ဟာသလုပ်ဇာတ်လည်း ဖြစ်နိုင်သည်။

"မောင်းတော့လေ . . . "

မိထူးက သူ့လက်မောင်းကို လှုပ်၍ သတိပေးမှပဲ ဟံသာ ကားစက်ကို နှိုးလိုက်သည်။

နောက်ကြည့်မှန်ထဲတွင် ပေါ်နေသော ဖြူစင်လဲ့၏အပြုံးစ တစ်ဝက်ကို လှစ်ကနဲ လှမ်းမြင်လိုက်ရ၏။

ထို့နောက် ကြည်ပြာရောင် ကားကလေးသည် မိုးကောင်းကင် အောက်၌ ရွှေ့လျားပြေးလွှားသွားလေတော့သည်။

❁❖❁

# အခန်း (၁၂)

အိမ်ရှေ့ ဆင်ဝင်အောက်၌ ဦးသက်ခိုင်နှင့် ဒေါ်ယဉ်ဝေတို့သည် သမက်လောင်းကို ကြိုဆိုနေကြ၏။

ကားရပ်ပြီးနောက် ရှေ့ဆုံးမှ မားမားမတ်မတ် ဆင်းလာသော အောင်ဆွေကို လက်တွဲ၍ အိမ်ထဲသို့ခေါ်ဆောင်သွားလေ၏။

ဧည့်ခန်းထဲတွင် ထိုင်မိသည်နှင့် ဦးသက်ခိုင်ကပင် စ၍-

"ကိုဘိုလှခေါင် ဖုန်းဆက်ပြီးကတည်းက အန်ကယ်တို့လည်း မျှော်နေတာကွဲ့"

ဟု ပြော၏။

"ဟုတ်ကဲ့ . . . ကျွန်တော်လည်း အဲဒီကတည်းက လာချင်နေတာပါ . . ."

အောင်ဆွေ နှုတ်မှ လွတ်ကနဲထွက်သွားသည်။

ဦးသက်ခိုင်က "မယားထရူး သမက်တွေ့ရပြီ" ဟူသော အကြည့်ဖြင့် ဒေါ်ယဉ်ဝေကို လှမ်းကြည့်လိုက်၏။

ဒေါ်ယဉ်ဝေကမူ အလိုက်သင့်ပင် ပြုံးပျော်နေလေ၏။

ဦးသက်ခိုင်က အောင်ဆွေ၏ အရပ်အမောင်း ရှည်ပုံကို အပြန်ပြန် အလှန်လှန်ကြည့်ရင်း-

"မောင်ဟံသာကို ငယ်ငယ်တုန်းကတော့ တစ်ခါ မြင်ဖူးတယ်။
ါလောက် အရပ်ရှည်လာမယ်လို့ မထင်ဘူး . . ."

အောင်ဆွေက -

"ဒါက ဒီလိုရှိပါတယ် အန်ကယ် . . .။ ကျွန်တော်တို့ မြန်မာ
ဆေးကျမ်းမှာ ပထဝီ .. တေဇော.. အာပေါ .. ဝါယော ဆိုတဲ့
တ်ကြီးလေးပါးနဲ့ ကိုယ်ခန္ဓာကို ဖွဲ့စည်းထားတယ်လို့ ဆိုတယ်
ဟုတ်လား . . ."

"အင်း . . . ဟုတ်တာပေါ့ . . ."

ဦးသက်ခိုင်က ခေါင်းညိမ့်၏။

"အခုမှ ဘိန္နောဆရာနဲ့တွေ့ပြီ" ဟု စိတ်ထဲက မှတ်ချက်ချ၏။

"အဲဒီဓာတ်ကြီးလေးပါးဟာ လူရဲ့ခန္ဓာကိုယ်ကြီးထဲမှာ အလုံးလိုက်
ပါင်းစည်းတဲ့အခါ ရှိသလို၊ အရှည်လိုက် ပေါင်းစည်းတဲ့အခါမျိုးလည်း
တယ် . . .။ အလုံးလိုက်ပေါင်းစည်းလို့ ကာလရှည်ကြာတဲ့အခါ
ရဲ့ခန္ဓာ ကိုယ်ဟာ ပုပြီး လုံးသွားပါတယ် . .။ ဥပမာ အန်ကယ်တို့
ပေါ့ . . ."

ဦးသက်ခိုင်က သူ၏ စူထွက်နေသော ဗိုက်ကြီးကို ပြန်ကြည့်
ိုက်မိသည်။

အောင်ဆွေက ဆက်ပြောလေသည်။

"အရှည်လိုက် ပေါင်းစည်းမိလို့ ကာလကြာသွားတဲ့အခါမှာတော့
ဘကျွားပီသတဲ့ ကျွန်တော့်အရပ်မျိုး ထွက်လာတတ်ပါတယ် . . ."

အောင်ဆွေ၏ကိုယ်လိုရာ ဆွဲပြောလိုက်သည့် ယုတ္တိလွန်စကား
ကြောင့် ဦးသက်ခိုင်ရော ဒေါ်ယဉ်ဝေပါ ရယ်မိကြသည်။

"မောင်ဟံသာက လူပျော်တစ်ယောက်ပဲနော် . . ."

ဟု ရယ်သံလွင်လွင်ဖြင့် ရယ်ရင်းပြောလိုက်လေသည်။

အောင်ဆွေသည် ရော၍ ရယ်ရာမှ မျက်နှာတည်သွားပြီး ဟံသာကို လှမ်းကြည့်လိုက်သည်။ ပြီးမှ -

"တပည့်ရေ . . . အန်ကယ်အတွက် ဖေဖေပေးလိုက်တဲ့ လက်ဆောင်ထုတ်ကွာ . . ."

ဟုပြောလိုက်သည်။

"ဘာလက်ဆောင်လဲကွဲ့ . . . မောင်ဟံသာရဲ့ . . ."

"ကွက် . . . ကွက် . . ." အောင်ဆွေ၏ စကားမဆုံးမီ။

"အောင်မယ်လေးဗျ"

ဟု အော်ပြီး ဦးသက်ခိုင် ထိုင်ခုံပေါ် ပြေးတက်သည်။

"ကွက်ကြော်ပါ အန်ကယ်ရဲ့ . . .။ အန်ကယ်ဘီယာနဲ့ မြည်းဖို့ ဖေဖေပေးလိုက်တဲ့ ကွက်ကြော်ပါ . . ."

ဟု ပြောမှ ဦးသက်ခိုင်က သူ့ရင်ဘတ်ကို လက်နှင့်ဖိရင်း -

"ကွက်ကြော်ဆိုရင်တော့ အန်ကယ် လုံးဝမကြောက်ပါဘူး . . . ကြောက်တာက အရှင် . . ."

"အဲဒါသာကြည့်ပေတော့ မောင်ဟံသာရေ . . . မင်း အန်ကယ် ကလေ . . . ကိုယ်ခန္ဓာသာကြီးတာ . . ."

ဟု စကားကို တစ်ဝက်တွင် ဖြတ်လိုက်သောကြောင့် ဦးသက်ခိုင် မျက်နှာနီသွားသည်။

"ကိုယ်ခန္ဓာသာကြီးတာ. . .။ ကွက်ဆိုရင် သိပ်ကြောက်တာ. . ."

ဟု စကားကို အစသပ်ပေးလိုက်လေသည်။

"ဖြစ်တတ်ပါတယ် အန်တီ . . . ။ တစ်ချို့ဆိုရင် ဖားတို့ အိမ်မြှောင်တို့တောင် ကြောက်တဲ့လူတွေရှိတယ် . . ."

"ဟုတ်တာပေါ့ . . ."

ဒေါ်ယဉ်ဝေက ထောက်ခံလိုက်သည်။

အောင်ဆွေသည် ဒေါ်ယဉ်ဝေကို မျက်လုံးထောင့်ကပ်၍ ကြည့်ရင်း -

"အန်တီ စိတ်မဆိုးနဲ့နော်...။ အန်တီ စကားပြောတာက ပ်ရှင်မင်းသမီး မေသဥ္စာဦးနဲ့တူတယ်နော် ...။ အသံရော ပ်ရောတူတာ ..."

"စိတ်မဆိုးပါဘူးကွယ် ... အမှန်အတိုင်း ပြောတာပဲဟာ .."

ဒေါ်ယဉ်ဝေက သူ့ခန္ဓာကိုယ်ကို လှုပ်ရင်း ပြန်ပြောလိုက် လသည်။

ဦးသက်ခိုင်ကတော့ သိပ်ပြီး ကျေနပ်ပုံမပေါ်။ နဖူးပြင်ပေါ်မှ ရေးအကြောင်းများ အနည်းငယ်တွန့်သွားသည်။

ဒီမိန်းမမျိုးက မြောက်ပေးလျှင် ခေါင်းပေါ်တွင် ရွက်ထားသည့် န်ကော ကျိုးချင်ကျိုး၊ ကွေးအောင်ကမည့် မိန်းမ။

သမက်လောင်း၏အပြောကိုလည်း သိပ်ပြီး ဘဝင်မကျချင်။ ်းမထိလျှင် မားကြည့်။

"အိမ်နီးချင်းနယ်နိမိတ်ကိုတော့ မကျူးကျော်လာနဲ့ ကိုယ့်လူ .." ၍ ဖြောင့်လက်သီးတစ်လုံး၊ ကောက်လက်သီးတစ်လုံး၊ ဝိုက်လက်သီး ်စုံ ပေးလိုက်ချင်သည်။

သို့သော် မကြာသောကာလတွင် မိသားစုထဲသို့ ရောက်လာ ်သူဖြစ်၍ လူကြီးပီပီ ကျေနပ်စွာပင် ပြုံးရလေတော့သည်။

"ဩော် ဒါနဲ့ အန်ကယ်ကို မိတ်ဆက်ပေးရဦးမယ် ...။ သူက ်တော့်တပည့် အောင်ဆွေတဲ့ ..။ အကူခေါ်လာတာပါ ..။ ခိုင်းစရာ ်င် အောက်ခြေသိမ်း အကုန်ခိုင်းနိုင်ပါတယ် ...။ ကျွန်တော့်ကို လုံးဝ ားနာဖို့ မလိုပါဘူး ..။ သန့်ရှင်းရေးတို့၊ အိမ်သာရေဆေးတာကအစ ားလုံးကို ခိုင်းနိုင်ပါတယ် ..."

အောင်ဆွေ့စကားကြောင့် ဟံသာ တစ်ကိုယ်လုံး ကြက်သီး မွေးညင်းထသွား၏။

ရှင်ဘုရင်ဖြစ်သည့်နေ့တွင် "သတ်စေ"ဟု အမိန့်တော်ချမှတ်သည်နှင့်တူ၏။

ဒီဆေးသည် သူကိုယ်တိုင် ဖော်စပ်ခဲ့သည့် ဆေးခါးကြီးပင် မဟုတ်လား။ အတတ်နိုင်ဆုံး သည်းခံရပေမည်။ သည်းခံခြင်းကိုရယူ၍ အောင်ပွဲဆင်ရမည်ဖြစ်သည်။

"ဟုတ်ကဲ့ . . . ခိုင်းနိုင်ပါတယ် အန်ကယ် . . ၊ ဆရာဟံသာရဲ့ ယောက္ခမအိမ်ကို ကျွန်တော့် ယောက္ခမအိမ်လို့ . . ."

ဟု လွတ်ကနဲပြောပြီး ကာမှ -

"ကျွန်တော့်ဆရာရဲ့အိမ်လို့ သဘောထားပြီး လုပ်ပေးပါ့မယ် ခင်ဗျာ"

ဟု ရိုရိုသေသေပြောလိုက်လေသည်။

"စေတနာဟာ အမြန်ဆုံးတုံ့ပြန်တတ်ပါတယ်ကွာ . . .။ ဪ ဒါနဲ့ . . မောင်ရင့်ကိုကြည့်ရတာ ကိုဘိုလှခေါင် ငယ်ငယ်တုန်းကရုပ်နဲ့ ခပ်ဆင်ဆင်ကွ . ."

ဦးသက်ခိုင်၏ မှတ်ချက်ကြောင့် ဟံသာ တုန်လှုပ်သွား၏၊ ဖြတ်ကနဲ ဦးသက်ခိုင်ကို ပြန်ကြည့်သည်။

"ဒါကတော့ လူတူ မရှား . . ၊ ခွေးတူမရှား ဆိုသလိုပါပဲ . ."

အောင်ဆွေက ဝင်နှုက်ပြန်သည်။ ပြီးမှ ဆက်၍ပြောသည်၊

"သူ့အမေက ခြံထဲမှာ နေဖူးခဲ့တာဆိုတော့ ဟုတ် မဟုတ် မပြောနိုင်ဘူးပေါ့ . . ."

အခွင့်အရေးရလျှင် ရသလို နှက်နေသော အောင်ဆွေ့ကို ဟံသာ စိတ်ထဲက "မအေ၊ နှမ"ဖြင့် ကော်တုပ်၍ နေမိတော့သည်။

"ကိုယ့်အဖေရဲ့စာရိတ္တကို အခုလို ရဲရဲကြီး အာမခံပေးလိုက်တော့ ပိုပြီး ကောင်းတာပေါ့ကွာ . . ."

ဦးသက်ခိုင်က ပြုံးစစဖြင့် အရွှန်းဖောက် လိုက်သည်။

ပြီးမှ -

"ကဲ ကဲ . . . မောင်ရင်တို့ နားလိုက်ကြဦး"

ဟု ပြော၍ ဖြူစင်လဲ့ ဘက်သို့ လှည့်ကြည့်ရင်း -

"မိထူးရေ . . . မောင်ဟံသာကို သူ့အတွက် ပြင်ဆင်ပေးထားတဲ့ အခန်းထဲ ပို့ပေးလိုက်ကွယ် . . ."

"သူ့ကိုကော ဖေဖေကြီး . . ."

ဖြူစင်လဲ့က မရဲတရဲဖြင့် မေးလိုက်၏။

"ဦးလေးထွန်း ကားဂိုဒေါင်ကိုပဲ ပို့လိုက် . . . သူ့အတွက် ဦးလေးထွန်းနေရာချပေးပါလို့ . . ."

"သေပေတော့ ဟံသာ"

ဟံသာသည် ပါးစပ်မှ အသံမထွက်အောင် အော်လိုက်မိသည်။

ထို့နောက် ဖြူစင်လဲ့နှင့်အတူ ကားဂိုဒေါင်ဆီသို့ ထွက်လာခဲ့တော့သည်။

ဦးသက်ခိုင်က မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ လိုက်ကြည့်ရင်း -

"အန်ကယ်က လူလူချင်း အဆင့်အတန်းတော့ မခွဲတတ်ပါဘူး။ ဒါပေမယ့် လူတွေကပဲ ခွဲခိုင်းနေတာ . . .။ အန်ကယ် . . . အောက်ခြေလူတန်းစားတွေနဲ့ ဆက်ဆံဖူးတယ် . .။ အောက်ခြေလူတန်းစားဟာ အောက်တန်းစား အကျင့်စရိုက်ပဲ ကျင့်သုံးတတ်တယ် . . . . .။ အောက်တန်းစား အမူအကျင့်မျိုးပဲ လုပ်ကိုင်တတ်ကြတယ် . .။ အန်ကယ် ပညာရခဲ့တာဟာလည်း သူတို့ပေးခဲ့တာပဲ . . ."

ဦးသက်ခိုင်၏ လူတန်းစားခွဲခြားမှု အတွေးအခေါ်ကို အောင်ဆွေအောင့်သိအောက်သက်ဖြင့် နားထောင်နေရ၏။ သူ့ကိုများ ရည်ညွှန်းပြောနေသလားဟု ထင်ရလောက်အောင်ပင် စကားလုံးတွေက သူ့ရင်ကို ရိုက်ခတ်လာလေသည်။

သူသည် ခေါင်းတညိမ့်ညိမ့်ဖြင့် ထောက်ခံနေရ၏။ ဟန်ဆောင်၍ ပြုံးထားရ၏။ ပြင်ထားသောမျက်နှာသည် ပကတိ မျက်နှာလောက်တော့ ကြည်လင်မှုမရှိပေ။

❁❖❁

# အခန်း (၁၃)

ဆောင်း၏ညနေသည် အေးစိမ့်စိမ့်ဖြစ်လာသည်။

နေဝင်စောခြင်းသည် နှမျောတသဖွယ်ရာကောင်းလှလေသည်။ ကောင်းကင်ပေါ်တွင် ပျံလွှားငှက်တစ်အုပ် လူးလာတုန့်ပြန်ပျံသန်းနေကြသည်။ အိပ်တန်းဝင်ခါနီးမို့ အင်အားရှိသမျှ ပျံသန်းနေခြင်းဖြစ်လသည်။

"လာပါ မောင်ရင် . .။ မောင်ရင် ဦးဆီကို ရောက်လာမယ်တာသိလို့ နေရာထိုင်ခင်းတောင် ပြင်ထားတယ် . . ."

အထုပ်အပိုးဖြင့်ဝင်လာသော ဟံသာအား ဦးလေးထွန်းကက်လှဲစွာ ဆီးကြိုနှုတ်ဆက်လိုက်သည်။

အရပ်ထောင်ထောင်မောင်းမောင်း ဦးလေးထွန်းသည် ဆံပင်ကိုသပ်ရပ်ရပ် ဖီးထားသော်လည်း ဆံစအချို့မှာ မညီမညာ ဖြန့်ကျလျက်ရှိ၏။ အသားက ခပ်ညိုညို။ စူးရှတောက်ပသည့် မျက်လုံးသည် သူ၏လေးနက်သော အတွေးအခေါ်တို့ကို စုစည်းထားသလိုလသည်။ ကားစီယာတိုင် ကိုင်နေသော သူ့လက်ချောင်းများသည်မ်းတမ်းခြင်းမရှိ။ အနုပညာဆန်နေသည်။

"ကျေးဇူးတင်ပါတယ်ဦး . . ."

ဟု ပြောစဉ် ဦးလေးထွန်းက -

"ဦးလေးထွန်းလို့ပဲ ခေါ်ပါကွယ် . . ."

"ဟုတ်ကဲ့ ဦးလေးထွန်း . . .။ ဒါနဲ့ ဦးလေးထွန်းဆီကို ကျွန်တော် ရောက်လာမယ်ဆိုတာ ဘယ်သူပြောလို့လဲ . . ."

ဟံသာက ခပ်လေးလေး မေးလိုက်မိသည်။

ဦးလေးထွန်းက ခေါင်းကို ညင်သာစွာခါယမ်းလိုက်လေသည်၊

"လူဆင်းရဲတို့နေရာဟာ ဒါပဲမဟုတ်လားကွယ် . .။ မောင်ရင်က သူဌေးသမက်လောင်းမှ မဟုတ်ဘဲ . . .။ သူဌေးသားလည်း မဟုတ် ဘူးလေ . . .။ အဲဒီလူက ဦးလေးထွန်းဆီကို မရောက်လာရင် ဘယ်သူ ရောက်လာမှာတုန်း"

ဟု ပြောရင်း ခပ်သွက်သွက် ရယ်မောလိုက်လေသည်။

ဦးလေးထွန်းသည် ဘဝကို လေးလေးနက်နက် တွေးတတ် သော်လည်း ခပ်ပေါ့ပေါ့နေတတ်သူဖြစ်ကြောင်း ဟံသာ အကဲခတ် လိုက်မိသည်။ ထို့အတူ ဦးလေးထွန်း၏စကားကို ကြားလိုက်ရုံဖြင့် အဆင့်အတန်း မနိမ့်သူတစ်ဦးဟု မှတ်ချက်ချမိသည်။

ဦးသက်ခိုင်ကတော့ ငွေနှင့်တိုင်းတာ၍ အဆင့်အတန်းကို ခွဲခြားသည်။

ငွေမရှိသူသည် အဆင့်အတန်းမရှိသူဟု သတ်မှတ်ထားသည်။

ငွေမရှိသော်လည်း ဦးလေးထွန်းကဲ့သို့သောသူကို အဆင့်အတန်း မရှိဘူးဟု ပြောနိုင်မည်လား။

သူသည် အသက် ၆၀ နီးပါး ဘဝအတွေ့အကြုံ ရင့်သန်သူ ဖြစ်သော ဦးလေးထွန်းဆီမှ ပညာတွေကို ဆည်းပူးရတော့မည်၊

အသက်ကြီးသောလူတစ်ယောက်ကို ဆည်းကပ်ခြင်းသည် အချည်းနှီးတော့မဖြစ်နိုင်၊

လူတစ်ဦးမှာ သူ့အတတ်နှင့်သူရှိကြသည်။ သူကျွမ်းကျင်သည့် ဘာသာရပ်များရှိတတ်သည်။

ဟံသာသည် သူဖတ်ဖူးသော ပုံပြင်တစ်ခုကို အမှတ်ရမိသည်။

စာပေကျမ်းဂန်တတ် ပညာရှိတစ်ဦးသည် ကူးတို့လှေဖြင့် မြစ်တစ်ဖက်ကမ်းသို့ ကူးလေ၏။

လှေစီးရင်း ပညာရှိက လှေသမားကို စာပေကျမ်းဂန်တွေ အကြောင်း မေးသည်။

"ဟို ကျမ်းဂန်ကို သိလား၊ ဒီကျမ်းဂန်ကို သိလား"

စသဖြင့် တစ်ခုချင်းမေးသည်။

လှေသမားက မသိကြောင်း ခေါင်းခါသည်။ ပညာရှိက စုပ်သပ်လျက် -

"ခင်ဗျား . . . အင်မတန် လူဖြစ်ရှုံးတာပဲ"

ဟု ပြောသည်။

သို့ဖြင့် မြစ်လယ်သို့အရောက်၌ လေပြင်းမုန်တိုင်း တိုက်ခတ်လာသည်။ မုန်တိုင်းကျလျှင် လှေနစ်မြုပ်သွားနိုင်သည်။ ထိုအခါ လှေသမားက -

"ပညာရှိကြီး . . . ခင်ဗျား ရေကူးတတ်သလား . ."

ဟု မေးသည်။

ပညာရှိကြီးက - "ရေမကူးတတ်ဘူး . . ."

ဟု ပြန်ဖြေ၏။

"အခု လေမုန်တိုင်းကျတော့မယ်။ ရေကူးတတ်ဖို့ လိုပြီ . . ."

ဟု ပြောပြီး ရေထဲသို့ ခုန်ဆင်းသွားလေတော့သည်။

"ဦးလေးထွန်း ရေကူးတတ်သလား" လွှတ်ကနဲ မေးပြီးမှ ဟံသာ သတိရသွားသည်။

"ရေကူးတတ်တာပေါ့ မောင်ရင်ရဲ့။ ယောကျ်ားဆိုတာ ရေကူးတတ်ရမယ်။ အဲပြီးတော့ . . ."

စကားကိုရပ်၍

"ဖဲရိုက်တတ်ရမယ်ကွ . . . ဟား . . . ဟား . . ."

ဦးလေးထွန်း ပြောရင်းရယ်သည်။

ပြီးမှ -

"ဖဲရိုက်ရင်တော့ ရဲဖမ်းမှာပေါ့ကွာ . . . . ဦးလေးထွန်းက ပျော်တတ်လို့ပါ . . ။ ဘဝကို ခပ်ပျော်ပျော်နဲ့ ရင်ဆိုင်တတ်လို့ပါကွာ. ."

ဟုပြောသည်။

ဟံသာသည် ဦးလေးထွန်းကို ချက်ချင်းပင် ခင်မင်သွားသည်၊ လေးလည်း လေးစားသွားသည်။

"ကဲ --- မောင်ရင် အိတ်တွေ နေရာချထားလိုက်ဦး ---ပြီးမှ စကားဆက်ပြောကြတာပေါ့ကွာ။ ဦးလေးထွန်းအတွက် စကားပြောဖော် တစ်ယောက်ရလို့ ပျော်သွားပြီကွ"

"ဟုတ်ကဲ့ ဦးလေးထွန်း"

ဟုပြောပြီး ဟံသည် ပစ္စည်းများကို ဦးလေးထွန်းညွှန်ပြသည့် ကွပ်ပျစ်ပေါ်တွင် နေရာချထားလိုက်သည်။ ကားဂိုဒေါင်ဘေးမှာဖြစ်သည်၊ မန်မိုးထားသော တစ်ဖက်သပ်အဖီကလေးပင်ဖြစ်လေသည်။

❋❖❋

# အခန်း (၁၄)

ခုံးမျက်စ လရောင်သည် တိမ်ကြားမှ ချောင်းကြည့်၍နေရှာသည်။
တိမ်သားများ ပြေးလွှာနေကြသဖြင့် မကြာခဏ ခေါင်းမြီးခြုံသည်။
ို့နောက် ပြုံးစစ မျက်နှာကလေးသည် ပြူးယောင်သန်း၍ ပေါ်လာ
ကဲ့သို့ မြင်လာရပြန်သည်။

တယောသံ . . . ။ ချွဲသံ . . . . ။

အပြင်ဘက်ဆီမှ သာယာသော၊ နွဲ့သော၊ ချွဲသော တယောသံ
ကြားလာရသည်။

ဘာမှန်းမသိသော်လည်း ဟံသာ၏နှလုံးသားကို ဆွဲ၍ကိုင်လှုပ်
ကဲ့သို့ လှုပ်ယမ်းသွားလေသည်။

တယောအသံရှင်မှာ ဦးလေးထွန်းဖြစ်သည်။

အစကတည်းကပင် အထင်သား၊ ဦးလေးထွန်း၏လက်ချောင်း
းသည် အနုပညာလက်ဟု . . . ။

"လာဟေ့ . . . မောင်ရင် . . . ဒီမှာလာထိုင် . . ."

ဝါးပက်လက်ကုလားထိုင်တစ်လုံးပေါ်တွင် ထိုင်၍ တယော
်းနေသော ဦးလေးထွန်းက ဟံသာကို ဖိတ်ခေါ်လိုက်သည်။

ဟံသာသည် လွတ်နေသော ကုလားထိုင်ပေါ်တွင် ဝင်၍
ိုင်လိုက်သည်။

"မောင်ရင် . . . သီချင်းတစ်ပုဒ်လောက် ဆိုကြည့်ပါလား . . ."

ဦးလေးထွန်းက ပြောသည်။

"ကျွန်တော်ရတဲ့သီချင်းကို . . . ဦးလေးထွန်း လိုက်ထိုးလို့ ရပါ့မလား . . ."

ဟု ရယ်သံ ခပ်သဲ့သဲ့ဖြင့် ပြောသည်။ ပြီးမှ -

"ဒါဆို စ,မယ် ဦးလေးထွန်း . . .။ "မုန်းတယ် . . မုန်းတယ် . . မင်းကိုမုန်းတယ် . . ." ဟာ . . . ဦးလေးထွန်း မရဘူးလား . . . ထပ်ဆိုဦးမယ် . . ."

ဦးလေးထွန်းက တယောဘိုးတံကို အသင့်ပြင်ထားလိုက်သည်။

"မင်းကလေးရဲ့မျက်နှာ၊ မနေနိုင်လို့ချောင်းကြည့်၊ အိပ်မရလို့ ချောင်းကြည့်၊ ယောက္ခမကြီးမြင်တော့ ခွေးနဲ့ ရှူးတိုက်၊ တအား မိုက် . . .၊ တယောလိုက်ထိုးလေ . . . ဦးလေးထွန်း . ."

ဦးလေးထွန်း အသံထွက်၍ ရယ်သည်။

"မောင်ရင် သီချင်းဆိုတာမှမဟုတ်ဘဲ . . စကားပြောတာပဲဟာ. . ဘယ်လိုလုပ် တယောလိုက်ထိုးလို့ရမှာလဲကွယ် . . ."

"အဲဒါ အခုခေတ်သစ်ပေါ့ သီချင်းတွေလေ ဦးလေးထွန်းရဲ့ . ."

ဦးလေးထွန်း ခေါင်းထဲတွင် မူးနောက်နောက်ဖြစ်သွားလေသည်။ ပြီးမှ -

"ကော်ပီ သီချင်းတွေလားကွဲ့ . . ."

ဟု မေးလိုက်သည်။

"ဟုတ်တာပေါ့ ဦးလေးထွန်းရဲ့ . . ."

"အေး . . . ကော်ဖီဟာ ခါးလွန်းအားကြီးရင် . . . ရင်တုန်တယ်ကွယ် . . .။ နှလုံးကို ထိခိုက်မယ် . . ."

ဦးလေးထွန်း ဆက်၍ပြောသည်။

"ခေတ်မီတာ ကောင်းပါတယ် ...။ ခေတ်ဆန်တာတော့ ကောင်းဘူးကွဲ့ ...။ ကော်ပီသီချင်းဆိုတာ ... မြဝတီမင်းကြီးဦး ခေတ်ကတည်းက ရှိတာပဲ ...။ ယိုးဒယားသီချင်းကြီးတွေဆိုတာ မြန်မာမှုပြုထားတဲ့ ကော်ပီသီချင်းတွေပေါ့ .... အဲဒီနောက် ပတ်ပေါင်းတေးခေတ်ရောက်လည်း လေ့ကလေးကို လော့မည် ... ဆိုတဲ့ ကော်ပီသီချင်းတွေ ပေါ်ခဲ့တာပဲ ...။ ဒါပေမယ့် ဦးလေးထွန်း ကောင် ကော်ပီသီချင်းမှန်း မသိဘူး ..။ မြန်မာမှုပြုတာ ပိပြင်လွန်းအား ကြီးလို့ ..."

ဦးလေးထွန်းသည် စကားပြောရင်း သက်ပြင်းတစ်ချက် မသိမသာ ရှုချလိုက်သည်။

ဟံသာက စိတ်ဝင်စားစွာနားထောင်နေသည်။

"ဒါဆို ... ခေတ်ပေါင်းသီချင်းတွေထဲက လဒခေါင်း အမွှေး ပင်သလို ... ခရိုးတော် နီးရက်နဲ့ဝေး ..." "ဆိုတဲ့ သီချင်း"

"ရွှေငုံးမင်း အမြီးမျှော်သလိုပါကွယ်"

ဦးလေးထွန်းက ကြားဖြတ်၍ ပြောလိုက်သည်။

"ကျွန်တော်လည်း သူငယ်ချင်းတွေ နောက်ပြောင်ဆိုတာပဲ ကြားဖူးလို့ပါ ..."

"အဲဒါ ... တို့ မြန်မာ့ဂီတ အဆီအနှစ်တွေကို ပေါ်စေတာပေါ့။ ... ဦးလေးထွန်း မောင်ရင်ကို သီချင်းတစ်ပုဒ် ဆိုပြမယ် ...။ မောင်ရင်တို့ လူငယ်တွေအတွက် အားမာန်ပေါ့ ...။ အင်း ... အနှစ် သယ်တေးတစ်ပုဒ်ပေါ့ကွယ် ... ကဲ ... နားထောင် ..."

ဦးလေးထွန်းက တယောကို စမ်းသည်။

အနည်းငယ်စမ်းပြီးနောက် တယောဘိုးတံကို ချသည်။

"မြင်းမြီးကို ထင်ရှူးဆီ တိုက်ရဦးမယ်ကွဲ့ ...၊ အရေးထဲ

သေတ္တာပေါ် ကျန်နေခဲ့သေးတယ် . . ."

ဟံသာက "ကျွန်တော့်ဟာလည်း ပါလာတယ်"ပြောပြီး နေရာမှ ထလိုက်သည်။ ထို့နောက် ပြန်ထွက်လာပြီး-

"ရော့ --- ဦးလေးထွန်း"

ဟု လှမ်းပေးလိုက်၏။

လှမ်းယူလိုက်သော ဦးလေးထွန်း၏လက်တို့၍ရပ်သွားသည်။ မှေးထားသောမျက်လုံးပြူးလာပြီး ရယ်သံထွက်လာသည်။

"အဲဒီ ထင်ရှူးဆီမဟုတ်ဘူးကွဲ့ . . .၊ မောင်ရင့် ထင်းရှူးဆီက မီးမွှေးတဲ့ ထင်းရှူးဆီ . . . တယောဘိုးတံကို တိုက်ရတဲ့ ထင်းရှူးဆီက အခဲကွဲ့ . . ."

"ဩော် . . . ဟင်း . . . ဟင်း . . ."

ဟံသာရှက်ကိုးရှက်ကန်းဖြင့် ပြန်ထွက်သွားပြီး ဦးလေးထွန်း သေတ္တာပေါ်မှ ဘူးငယ်လေးတစ်ခုကို ယူလာလိုက်သည်။

ဦးလေးထွန်းသည် တယောဘိုးတံကို ထင်းရှူးဆီခဲဖြင့် အတော်ကြာကြာပွတ်တိုက်ပြီးလျှင် တယောထိုးရန် ဟန်ပြင်လိုက်သည်။

တယောကို ပုခုန်းပေါ်တင်လိုက်သည်။ မေးစေ့နှင့်ဖိလျက် ခေါင်းကို ငဲ့ထားလိုက်သည်။

တယောသံနှင့် အဆိုသံ တွဲ၍ ပေါ်လာလေသည်။

×× ကိုယ်တို့လူ့ဘုံခန်းလယ် ××× သူငယ်မွေးစ ××× အခက်အလက် တောင်ရယ် ××× မစုံကြသေး ××× အရွယ်မှကွယ် ××× လူလားမြောက်သည့်အထိသို့သာရယ် ××× ရာသက်တိုင်သာတကယ် ××× အောင်မြင်လိုသော ××× ဆန္ဒတွေဟာလည်း ××× အတိအကျသာပဲ ××× ရှိကြလျက်ပါကွယ် ×××

ဒီဆန္ဒ ပြီးမြောက်ဖို့ရယ် ××× တစ်ဦးနှင့်တစ်ဦး ××× တူပြိုင်

လျှောက်သော လမ်းချင်းကဖြင့် ××× မတူညီလေကြတယ် ××× တချို့တော့လည်း ××× သာယာဟန်ကျ ××× ဒီအမိ ××× ဒီအဖ ××× မနေအင်အား××× မှီထားလို့ရယ် ××× အောင်မြင်ခြင်း ဒီလမ်း ××× ကြမ်းသည်ဆိုသော်လည်း ရွှေခဲ ××× ငွေခဲ ခင်းကာကြလို့ ××× အောင်မြင်ခြင်းလမ်းကို ××× ဦးစွာ ရောက်ကြတယ် ××× ကိုယ့်မှာတော့ ××× သည်သို့သာလည်း မဟုတ်ရ ပါတယ် ××× မနေအင်အား ××× နောက်ခံထားစရာ မရှိသာတော့ ××× ကြမ်းလှ ပါသည် ××× ဒီခရီးလမ်း ××× ချွေးအစက်စက် ××× ချောင်းလျှံတက်သည့် ပမာသို့နှယ် ××× ဘယ်သို့ အန္တရာယ်တွေရှိသော်လည်း ××× အားနဲ့မာန်ကို တူယှဉ်တွဲလို့ ××× ကြမ်းသောလမ်းလည်း ကိုယ်လျှောက်ခဲ့ပါတယ် ××× သို့သော် နှစ်ဦး ××× ပြန်လည်ဆုံတွေ့တစ်နေ့မှာကွယ် ××× အောင်မြင်ခြင်း အတူတူ ဘယ်သူမြတ်သည်လဲ ××× ဘယ်သူမြတ်သည်လဲ ××× အောင်မြင်ခြင်း အတူတူ ××× ဘယ်သူမြတ်သည်လဲ ×××

သီချင်းသံပြီးသွားသည်။

ဟံသာငေးငိုင်၍နေဆဲ။

ဦးလေးထွန်းထံမှ ဘာအသံမှမကြားရဘဲ တိတ်ဆိတ်သွားမှပင် သူ သတိဝင်လာသည်။

"သိပ်ကြိုက်သွားသလား မောင်ရင် . . . "

ဦးလေးထွန်းအမေးကိုပင် အတန်ကြာမှ ပြန်ဖြေနိုင်သည်။

"ဟုတ်ကဲ့ . . . အဓိပ္ပာယ်သိပ်ရှိတာပဲ ဦးလေးထွန်း . . . ဒါနဲ့ ဒီသီချင်းဟာ ဦးလေးထွန်းကိုယ်ပိုင်ပဲလား ဦးလေးထွန်း . . . "

ဦးလေးထွန်း ခေါင်းညိမ့်၏။

ထို့နောက် ခေါင်းခါပြန်သည်။

"ဟာ. . ဦးလေးထွန်းကလည်း ခေါင်းလည်းညိမ့်တယ်၊ ခေါင်း

လည်း ယမ်းတယ် . . . ဘယ်လိုလဲ . . . ”

ဟံသာက စိတ်ဝင်စားစွာ မေးလိုက်သည်။

“ကိုယ်ပိုင်ဆိုတာက ဦးလေးထွန်း အမြဲတမ်း ဒီသီချင်းကိုပဲ ဆိုနေလို့ ပိုင်နေသကွ . . . ”

ဦးလေးထွန်း ဆက်၍ပြော၏။

“ခေါင်းယမ်းတာကတော့ ငါစပ်တဲ့သီချင်း မဟုတ်ဘူး . . စန္ဒယားထွန်းညွန့်စပ်ပြီး ဆိုတာ . . . ဟဲ ဟဲ . . . ”

“ဟာဗျာ . . . ဦးလေးထွန်းကလည်း နောက်ပြန်ပြီ . . . ”

ဟံသာက ဦးလေးထွန်းလက်ထဲမှ တယောကို ယူ၍ ပွတ်သတ်ကြည့်မိသည်။

ပြီးမှ

“ဦးလေးထွန်းဟာ ဂီတ လောကထဲကများလားဗျာ . . ”

ဟု မေးလိုက်လျှင် ဦးလေးထွန်း သဘောခွေ့သွားသည်။

“နောက်တော့ ပြောတာပေါ့ . . . မောင်ရင်လည်း ဒီအိမ်မှာ သုံးလလောက် ကြာဦးမယ် မဟုတ်လား . . . ”

“ခင်ဗျာ . . သုံးလဟုတ်လား . . ”

ဟံသာ အလန့်တကြားအော် လိုက်မိသည်။

သူတို့အကြံအစည်ကို ဦးလေးထွန်း သိထားလေပြီလား ဟု သံသယမျက်လုံးများဖြင့် စူးစူးစိုက်စိုက် ကြည့်နေမိသည်။

လရောင်အောက်၌ သူတို့နှစ်ဦး လရောင်ငွေ့လှုံနေချိန်တွင် အိမ်ကြီးပေါ်မှာတော့ ရောင်စုံမီးများ ထိန်ငြီးလျက်ရှိသည်။

အောင်ဆွေ သူ့ဌေးသမက်တော့ ဟန်ကျနေပြီထင်ပါရဲ့လေ . . ။

“ကဲ . . ကဲ . . မောင်ရင်အိပ်တော့ . . မနက်ကျရင် ဈေးသွားပြီး ခွေးစာဝယ်ရမယ်၊ အမဲသားပြုတ်ပေးရမယ် . . ငါ့ကိုယ်စားမင်းကို

တဝန်ပေးဖို့ . . သူဌေးက ပြောထားတယ် . . . "

ဟံသာရင်ထဲ အောင့်ကနဲ စူးသွားသည်။

"ကျွန်တော် ခွေးစာဝယ်ရမယ် . . . ချက်ရမယ်ဟုတ်လား
လေးထွန်း . . . "

"ဟုတ်တယ်လေ . . . မင်းဆရာ သူဌေးသမက်လောင်းကလည်း
ကို ခေါ်ပြောထားတယ် . .။ အားမနာတမ်းခိုင်းပါတဲ့လေ . . . "

"ခွေးမသား အောင်ဆွေ . . "

ဟံသာ စိတ်ထဲက အတုံးလိုက် အတစ်လိုက် ကလော်ဆဲ
မိသည်။

"သေချင်းဆိုး ကာလနာ . . အခွင့်အရေးယူထားဦးပေါ့ကွာ . .
ဖူးကောင်းစား တမွန်းတည့်ပဲ . . . အလေနတော ကလေကချေ . . .
ဆိုးမသား . . သိကြသေးတာပေါ့ကွာ . . . ဟင်း . . . ဟင်း . . .
င်း"

ဟံသာသည် အသံမထွက်ဘဲ ပါးစပ်ထဲတွင် အသံကို ရေငုံသလို
၍ ပွစိပွစိဆဲဆိုနေမိသည်။

"မောင်ရင် . . ဘာတွေ ရွတ်ဖတ်နေတာလဲကွဲ့ . . . ဒီနေရာမှာ
ကောင်းဆိုးဝါးမရှိပါဘူး . . . "

ဦးလေးထွန်းက သူ့ပါးစပ်လှုပ်နေသည်ကိုတွေ့၍ပြောလိုက်သည်။

"မေတ္တာပို့နေတာပါ ဦးလေးထွန်း . . .။ ကျွန်တော့်ဆရာ
ဟံသာ အေးချမ်းပါစေ . . ဘေးကင်းပါစေ . . သံသရာမှ လွတ်ကင်း
စေလို့ . . . "

"ဩော် . . ဒီလိုလား . . သာဓုကွယ် . . သာဓု . . သာဓု . . "

လေးထွန်းက အဟုတ်မှတ်ထင်၍ သာဓုပင်ခေါ် လိုက်လေတော့သည်။

## အခန်း (၁၅)

နံနက်လင်းခါနီးမှ ဟံသာ အိပ်၍ ပိုကောင်းနေသည်။ အိမ်မှာလို စောင်က ထူထူထည်းထည်း မခြုံရသဖြင့် အတွင်းမှ ပုဆိုးကို တစ်ထပ် ခြုံထားရသည်။ အပေါ်စောင်သည် ခပ်ပါးပါး။

ပို၍ပို၍ အေးလာလေလေ၊ ဒူးခေါင်းကို ကွေးရလေလေ။ ထို့ကြောင့် နဖူးနှင့်ဒူးသည် ထိရုံမတပ် ရှိသည်။ မြင်ကွင်းကို အဝေးမှ ကြည့်လျှင် "ငှ"ကို တုံးလုံး လှဲထားသည်နှင့်တူလေသည်။

"ရှူး .. ရှူး"

မြွေသံလိုလိုကြားရသည်။

ဟံသာ မျက်လုံးကို မဖွင့်သေးဘဲ နားစွင့်ထားလိုက်သည်။

"ရှူး .. ရှူး"

ထပ်၍ ကြားရပြန်သည်။ အသံနီးလာသည်။

"ရှူး .. ရှူး .. ဟံသာ .. ရှူး .. ရှူး .. ဟံသာ ..."

ဟင် .. မြွေက သူ့နာမည်ဝှက်ကို သိနေပါလား။

မြွေက စကားပြောတတ်နေပါလား။ ဟိုတုန်းကတော့ ကြောင်က စကားပြောတာ ကြားခဲ့ရဖူးသည်။ စစ်ကိုင်းဘက်မှာ ... ။

"မင်းနာမည်ဘယ်သူလဲလို့" မေးလျှင် "ရန်အောင်"တဲ့။ တီဗီ

ထဲမှာ ကြည့်ခဲ့၊ ကြားခဲ့ဖူးသည်။

မြွေစကားပြောတာကိုတော့ အခုမှပဲ သူ့နားနှင့် ဆတ်ဆတ် ကြားရဖူးသည်။

"ရှူး .. ဟံသာ .. ရှူး .. ဟံသာ .. ။ ဟော့ကောင် .. ဟံသာ .."

ဟု အောင်ဆွေက လှုပ်နှိုးပြီးခေါ်မှ ဟံသာမျက်လုံးကို ပွတ်သပ်၍ ကြည့်သည်။ အိပ်မှုန်စုံမွှား။

"မင်းကလည်းကွာ . . . နှိုးလိုက်ရတာ . . ."

ဟု မဲ့ရွဲ့လျက် ပြောသည်။

ဟံသာက အိပ်ချင်မူးတူးအသံဖြင့် -

"မသိဘူးကွာ .. ငါက ရှူးဆိုလို့ မြွေခေါ်နေသလားလို့ နားထောင်နေတာ . . ."

"မြွေဆိုရင် . . . ဟံသာလို့ ခေါ်ပါ့မလားကွ . . ."

"မြွေကများ လူစကားပြောသလားလို့ . . . ကဲ . . . ပြောစမ်း ဆရာ့ကို ဘာကူညီရမလဲ .."

"အိမ်သာ .. အိမ်သာ ဘယ်မလဲ"

အလောတကြီး အောင်ဆွေ မေးသည်။

"ဘာလဲ .. မင်း ဘရိတ်ဖတ်စ်စားမလို့လား .."

"စားရင်လည်း မင်းဖို့ တစ်ဝက်ချန်ထားမယ် .. ဟာ .. ဖင်းကလည်းကွာ .. ဗိုက်နာလို့ .."

"သူဌေးအိမ်ဖြစ်ပြီး .. အိမ်သာတစ်လုံးတောင် ဆောက်မပေး ထားဘူးလား ..။ ဓကန္တ .. ဒီသူဌေးအိမ်ကလူတွေ ပါးစပ်ရှိပြီး .. ဖင်မရှိကြဘူးထင်တယ် . . ."

"မင်းကို ရှင်းပြနေတာနဲ့ ငါထွက်ကျတော့မယ် . . . အိမ်သာ

ကိုသာ အရင်ပြေပါကွာ . . . "

ဟံသာက အိမ်သာဘက်သို့ ကြည့်ရုံမျှသာ ရှိသေးသည်။ လက်ညှိုးထိုးပြတာကိုပင် မစောင့် --။ တချိုးတည်းပြေးလေတော့သည်။

"ဩော် . . . ဖင်မပါတဲ့ လူမျိုးတွေလည်း ရှိသေးတာပဲနော် . . "

ဟံသာ အပြောစကားကို အောင်ဆွေ နားမထောင်နိုင်တော့ပေ။

ခဏအကြာတွင် အောင်ဆွေ ပြန်ရောက်လာလေသည်။ တစ်ကိုယ်လုံး တုန်ခါလျက်။

"ဟင်း . . . အခုမှပဲ ကြက်သီးထတာတွေ ပျောက်သွားတော့တယ် . . "

"ကဲ . . ဆိုပါဦး . . သူဌေးအိမ်မှာ အိမ်သာမရှိလို့လား . . "

အောင်ဆွေ နှာခေါင်းတစ်ချက်ရှုံ့လိုက်သည်။

"ဟာ . . သူတို့အိမ်သာက ဇလုံခွက်ကြီးနဲ့ပါတဲ့ အိမ်သာကွ။ ငါ . . အီးမထွက်ဘူး . . . "

"ဇလုံးခွက်ကြီးနဲ့ အီးပါလို့ မရရင်လည်း ဆန်ကောနဲ့ပါပေါ့ကွာ။ ငယ်ငယ်တုန်းကလိုပေါ့ . . ဟဲ . . ဟဲ . . "

"မင်းကလည်း နောက်နေပြန်ပြီ။ နောက်မနေနဲ့ ရှေ့တိုးစီး . . ကားထဲမှာ ဇာတ်ပွဲကလို့ရတယ် . .။ ဟာ . . မင်းနဲ့စကားပြောရင် အကောင်းပြောလို့ကို မရဘူး . . . အိမ်သာက ဘိုအိမ်သာဖြစ်နေလို့ ပြောနေတာကွ . . . "

"သူဌေးသမက်ပဲကွာ . . .။ မင်းကို အဆင့်မြင့်မြင့် နေစေချင်လို့ ငါစီစဉ်ပေးတာပဲကွာ . . . "

ဟု ပြောပြီး ဟံသာက ပတ်ဝန်းကျင်ကို ငဲ့ကြည့်သည်။

ဦးလေးထွန်း ပန်းခြံထဲရောက်နေတာကိုတွေ့မှ အသံကို ပုံမှန်ပြောလိုက်ရသည်။

"အင်း . . . သူ့ငွေးသမက်ဒုက္ခကိုတော့ ဘယ်အထိ ခံစားရမလဲ မသိဘူးနော် . . ."

ဟု ခပ်ညည်းညည်းပြောစကားကြောင့် ဟံသာ သွားဖြီး၍ ပြုံးမိသည်။

ထိုစဉ် မိထူး ခပ်ပျာပျာရောက်လာသည်။

"ကိုဟံသာ . . ဒီမှာ ဘာသာလုပ်နေတာလဲ . . ဖေဖေနဲ့ မေမေ ခေါ်နေတယ်"

ဟု ပြောရင်း ဟံသာကို လှမ်းကြည့်လိုက်သည်။ ဟံသာက အိပ်ယာခင်းတွေကို ခေါက်၍သိမ်းနေသည်။

"တပည့်နေရထိုင်ရတာ . . အဆင်မှ ပြေပါ့မလားလို့ လာကြည့်တာ . ."

"ဩော် . . ရှင်က . . တပည့်ကို တော်တော်ဂရုစိုက်တာပဲနော်"

မျက်ခုံးကိုမြှင့်၍ မိထူးကပြောသည်။

ထို့နောက် ဟံသာ့ကို လှမ်းပြောသည်။

"ကိုအောင်ဆွေ . . ကျွန်မ အခုပဲ ပြန်လာခဲ့မယ် . . ရှင်နဲ့ ကျွန်မ အလုပ်လုပ်စရာလေးတွေရှိတယ် . ."

ဟုပြောပြီး အောင်ဆွေကို ခေါ်သွားလေသည်။

အောင်ဆွေသည် ဟံသာ့ကို သမင်လည်ပြန်ကြည့်၍ ထွက်သွားလေတော့သည်။

❖

# အခန်း (၁၆)

ဟံသာသည် အိမ်ဘေးရှိ ကွက်လပ်ပေါ်တွင် မိထူးအလာကို စောင့်နေလေသည်။

"အဲဒီမှာရပ်နေ . . "

ဟူသော မိထူးအသံကိုကြားရပြီးနောက် ခြေစုံရပ်လျက်စောင့်နေမိသည်။

မိထူး ထွက်လာသည်။

တစ်ယောက်တည်းမဟုတ်။ စုတ်ဖွားခွေးငယ်လေး နှစ်ကောင်ကို ဘယ်ညာကြိုးဆွဲ၍ သူ့ဆီသို့ရောက်လာသည်။ ဖြူမွမွ ခွေးငယ်လေးနှစ်ကောင်သည် ချစ်စရာကောင်းသော်လည်း ဂဏှာမငြိမ်။ တဝုတ်ဝုတ်ဟောင်၍ ခုန်ပေါက်ပြေးလွှားနေသည်။

ဟံသာ တွန့်ဆုတ်သွားလေသည်။

သူငှေးသမီးသည် သူ့ကို ခွေးစာကျွေးပစ်ဖို့ အားထုတ်နေဟန်ရှိသည်။

ခွေးကိုတော့ သူကြောက်သည်။

အဆင့်အတန်းရှိသည့် ခွေးဖြစ်ဖြစ်၊ လမ်းပေါ်မှ ကလေကချေခွေးပဲဖြစ်ဖြစ် ခွေးသည် ခွေးသာပဲဖြစ်သည်။ ခွေးကိုက်ခံရလျှင် ခွေးရူး

ပြန်တတ်သည်ဟူသော အသိတရားက သူ့ခေါင်းထဲမှာ ကိန်းအောင်းနေ
သျက်ရှိသည်။

"ဘာ . . ဘာလဲ . . ခင်ဗျား . . ကျုပ်ကို ခွေးစာကျွေးဖို့လား"

ဟု ကြောက်ကြောက်လန့်လန့် မေးသည်။ မျက်လုံးက ခွေး
နစ်ကောင်၏ လှုပ်ရှားမှုနှင့်အတူ ဆော့ကစားနေသည်။

"အလို . . ကြံစည်းကြံရာ . ."

ရယ်ကြဲကြဲဖြင့် မိထူးက ပြန်ပြောသည်။

"ဒါ . . . ဒါဖြင့်ရင် . . . ခွေးဆပ်ကပြမလို့လား"

ဟံသာအပြောကြောင့် မိထူးက္ကမြွေမဆည်နိုင်အောင် ရယ်သည်။

"ခွေးဆပ်ကပြလို့ရတဲ့ ခွေးဆိုရင်တော့ ဦးမောင်မောင်ဆပ်က
ထဲက ခိုးလာတာပဲဖြစ်မယ် . .။ ခင်ဗျားက ခွေးသူခိုးလား . . ."

"ဘယ်နှယ့် . . . ရှင်တစ်ယောက်တည်းနဲ့ပဲ . . . ကျွန်မကို
ထင်မြင်ချက်ပေးနေတာ များလှချည်လား . . ."

"ဒါဆိုရင် . . . ဘာဖြစ်လို့ ကျွန်တော့်ကို ခွေးနဲ့ရှုးတိုက်
နေတာလဲ"

"တစ်ခုမှမဟုတ်ဘူး . . . ရှင်နဲ့ ကျွန်မအိမ်က ခွေးတွေကို
မိတ်ဆက်ပေးမလို့ . . ."

"ဟာဗျာ . . . ခွေးနဲ့မိတ်ဆက်ပေးရအောင် . . . ကျွန်တော်က
ခွေးမှ မဟုတ်တာ . . .၊ ဘာဖြစ်လို့ မိတ်ဆက်ရမှာလဲ . . ."

"ဒါက အကြောင်းရှိလို့ပေါ့ရှင့် . . . ဒီဘက်က စုပ်ဖွားလေးက
အောင်အောင်တဲ့ . . ."

"ဟုတ်ကဲ့ တွေ့ရတာဝမ်းသာပါတယ် ကိုအောင်အောင် . . ."

"အို . . . ရှင် ဘာတွေ လျှောက်ပြောနေတာလဲ . . ."

"မသိဘူးလေ . . . ခင်ဗျားက . . . ခွေးနဲ့ မိတ်ဆက်ပေး

နေတာဆို . . . ”

“အဲ . . . ဒီဘက်က စုပ်ဖွားလေးကတော့ ဖွေးဖွေးတဲ့ . . . ”

“ဟုတ်ကဲ့၊ သိရတာ ဝမ်းသာပါတယ် ကိုဖွေးဖွေး”

“ခွေးမလေးရှင့် . . . ”

“ဟုတ်ကဲ့ . . . တွေ့ရတာဝမ်းသာပါတယ် မဖွေးဖွေး . . . ”

မိထူးက အတော် အူကြောင်ကြောင်နိုင်တဲ့လူ ဟူသော အကြ

မျိုးဖြင့် ဟံသာကို ကြည့်သည်။

ပြီးမှ -

“ကဲ . . . အောင်အောင်နဲ့ ဖွေးဖွေး . . သူ့ကို နှုတ်ဆက်လို

ကြစမ်း . . . ”

သခင်မ၏အမိန့်ကို မလွန်ဆန်ကြသော ခွေးနှစ်ကောင်သ

တရှုးရှုးဖြင့် ဟံသာ၏ခြေဖမိုးမှ စ၍ နမ်းသည်။

ဟံသာ ကြက်သီးမွေးညင်းထသွားသည်။

ထို့နောက် တဖြည်းဖြည်း အပေါ်သို့ ရွေ့၍ နမ်းကြသည်၊

ဒူးအထက်သို့အရောက်တွင် ဟံသာသည် တစ်ကိုယ်

ဆတ်ကနဲတုန်သွားသည်။

“ငါ့အကြောင်း ခွေးတွေ သိကုန်ပြီ . . ”

ဟု ခပ်တိုးတိုးပြောသံကို မိထူးကြားသွားသည်။

“ဘာတွေ ပြောနေတာလဲ . . . ”

“ဩော် . . . အဝတ်အစား တစ်ထည်ပဲရှိတာ . . . ခွေး

သိကုန်ပါပြီလို့ . . . ”

မိထူး မျက်စောင်းထိုးသည်၊ ဆက်၍မပြော၊ ခွေးနှစ်ကောင်

မျက်နှာသို့အရောက်တွင် တစ်ကိုယ်လုံးကိုဖက်၍ ပါးကိုနမ်းသ

လျှာအဆစ်ထည့်၍ ရက်သည်။

"အမယ်လေး . . . ယားလိုက်တာ"

ဟံသာ လန့်၍အော်သည်။

ဟံသာ၏ပါးနှစ်ဖက်ကို လျှာဖြင့်ရက်၍ အားရသွားသောအခါ အောက်သို့ပြန်ဆင်းသွားသည်။

"ကဲ . . . ဘာလုပ်နိုင်းဦးမလဲ . ."

ဟံသာက ခပ်ဆတ်ဆတ် မေးလိုက်သည်။

"ခွေးတွေ အညောင်းပြေအောင် လမ်းလျှောက်ရဦးမယ် . . ."

"အဲဒီတော့ ခင်ဗျားအာသာ ခေါ်သွားတော့ . . .။ ဘယ်နှယ့်ဗျာ ခွေးပဲဟာ လူလို ကုလားထိုင်မှာထိုင်ပြီး . . . စာရေးနေရတာမှ မဟုတ်တာ . . ."

"အို . . . ဒါ . . . လုပ်နေကျအလုပ်တွေပဲ . . ရှေ့ . . ရှင်က အောင်အောင့်ကို ယူ . . ကျွန်မက ဖွေးဖွေးနဲ့လမ်းလျှောက်မယ်။ ရှင်နဲ့ ခွေးတွေကို မိတ်ဆက်ပေးရတာဟာ အဲဒါပဲ . .။ ရှင်ဟာ ကျွန်မတို့ ညွှသည် မကိုက်ရဘူး . .။ မိတ်ဆွေတွေဖြစ်သွားပြီဆိုတာ ခွေးတွေသိရအောင်လို့ အခုလို မိတ်ဆက်ပွဲကျင်းပပေးရတာပဲ . . ."

"ပိုပြီး ခမ်းနားအောင် စာနယ်ဇင်းအဖွဲ့တွေကို ဖိတ်ပြီး . . . ထရေးဒါးဟိုတယ်မှာ ကျင်းပရင် ပိုပြီးကောင်းတာပေါ့ . . ."

ဟံသာက အရွဲ့တိုက်၍ပြောလိုက်သည်။

"မမလေး . . . ဘာဖြစ်နေကြတာလဲ . . ."

အသံရှင်မှာ ရွှေမင်းသမီးလေးဖြစ်သည်။ အနေစုတ်သော်လည်း ရွှေထုပ်သည့် မြပဝါလေး။ မိထူးအမည်ခံ ဖြူစင်လှဲဖြစ်သည်။

ဖြူစင်လှဲသည် ဟံသာကို ကရုဏာမျက်လုံးဖြင့် စူးစူးစိုက်စိုက် ကြည့်ရင်း အားနာနေပုံရသည်။

"သူ့ကို ခွေးကြောင်းခိုင်းမလို့ . . ."

မိထူးက ပြန်ပြောလိုက်သည်။

"အားနာစရာ မမလေးရယ် . . . ကျွန်မကိုပဲပေးပါ . . ။ ကျွန်မ
ခွေးတွေနဲ့ ထွက်ပြီးလမ်းလျှောက်ပါ့မယ် . . . "

"နေစမ်းပါ မိထူးရယ် . . .။ လာ . . . ဟော့ လူ . . . ခွေး
သွားကြမယ်"

"ဟုတ်ကဲ့ပါ မမလေး . . ."

ဟူသော အရွဲ့တိုက်သံနှင့်အတူ ဟံသာ့လက်ထဲ ခွေးတစ်ကော
ရောက်လာသည်။

မင်းသားကို ခွေးမောင်းခိုင်းသည်ဆိုသော စကားအဓိပ္ပာယ်
ဟံသာ်နားလည်လာသည်။

"ဒါနဲ့နေပါဦး . . . ဟို သူဌေးသားကိုတော့ ကျွန်တော့်
ခွေးတွေနဲ့ မိတ်ဆက်ပေးပြီးပြီလား . . . "

ဟံသာက မိထူးကို လှည့်၍ မေးလိုက်သည်။

"မိတ်ဆက်ပေးစရာတောင် မလိုဘူး . . ခွေးတွေက သူဌေး
မှန်း သိပြီးပြီ . . . "

"တော်တော်အဆင့်အတန်း ခွဲခြားတဲ့ ခွေးတွေပဲ . . ။ ခင်
ကိုကော ခွေးတွေက အဲဒီအတိုင်း ပြန်ပြောသလား . . . "

"ကျွန်မ သိတာပေါ့ . . . "

"ဒါဆို မဆိုးပါဘူး . . . ခင်ဗျားက ခွေးစကားတောင် နား
နေပြီပဲ . . . "

"စကားကြောအတော်ရှည်တဲ့လူပဲ . . ။ ကဲ ရှေ့က သွားတော့

မိထူးက အမိန့်သံခပ်ပြတ်ပြတ်ပေးလိုက်သည်။

ဟံသာ ဘာမျှ ပြန်မပြောနိုင်တော့။ မိထူးပြောသလို ခွေးနေ
ကြိုးဆွဲ၍ လိုက်သွားရလေတော့သည်။

✿❖✿

# အခန်း (၁၇)

ဖြူစင်လှဲသည် သက်ပြင်းတစ်ချက်ချ၍ သူတို့နှစ်ဦး၏ ျာပြင်ကို ငေးကြည့်ရင်း ကျန်ရစ်ခဲ့လေတော့သည်။

ဦးသက်ခိုင်၊ ဒေါ်ယဉ်ဝေနှင့် အောင်ဆွေတို့ ထမင်းဝိုင်းတွင် င်မိကြသည်။

ဖြူစင်လှဲသည် ယပ်တောင်တစ်ချောင်းကိုင်၍ ယင်ကောင်များကို ပ်ပေးနေလေသည်။

ဦးသက်ခိုင်က အောင်ဆွေကို ပြုံး၍ -

"မိထူး က ဟင်းချက်ကောင်းကွ၊ အစပ်အဟပ် တည့်အောင် င်မတန်ချက်တတ်တာ၊ မောင်ဟံသာ ခံတွင်းတွေ့သွားလိမ့်မယ်"

ဟု ပြောပြီး ဟင်းတွေကို ကြည့်လိုက်၏။ မျက်မှန်ကို မ, ၍ သေချာချာကြည့်လိုက်၏။

ဖြူစင်လှဲက ဟင်းခွက်များကို ပြင်ပေးရင်း -

"ဒါက .. ငါးရံ့ချဉ်ရေချက် .. ဒါက ဇီးဖြူသီးသုပ် .. မ်းသီးသုပ် ... ဇောင်းလျားသီးသုတ် ... ပုန်းရည်ကြီးသုတ် .. ခြောက်သံပုရာဆမ်း ... အင်း .. ဒီဘက်ကတော့ ကြက်ပေါင်သီးနဲ့ န်တင်း ... မြိန်ရေရှက်ရေ စားကြနော် ... "

ဟု ခပ်ရိုရိုလေးပြောလိုက်သည်။

ဦးသက်ခိုင် မျက်နှာ မဲ့ရှုံ့သွားလေ၏။ ဒေါ်ယဉ်ဝေကတော့ ပြုံးနေသည်။

အောင်ဆွေက ကွမ်းစားသူမို့ အချဉ်ဆိုလျှင် ပြောတာနှင့်ပင် သွားတွေ ကျိန်းလာသည်။ ပါးရိုက်ခံလိုက်ရသလို ကျဉ်သွား၏။

ဒီဟင်းမျိုးကို မိထွေးသာ ချက်ကျွေးလျှင်တော့ တကယ့်ကို မလွယ်၊ တုတ်ထိုးအိုးပေါက်ပြောတတ်သော ဦးသက်ခိုင်၏လေလုံးထဲတွင် အမှုန့် ဖြစ်သွားနိုင်သည်။ အခုတော့မှ သမီးရင်းဖြစ်နေသည်မို့ အပြောရခက်၊ အခံရခက်၍သာ နေရှာသည်။

ဦးသက်ခိုင်သည် မဲ့ရှုံ့ထားရာမှ တဖြည်းဖြည်း ပြုံးလာသည်။ လူကြီးရှက်ပြုံးဟုပင် ပြောနိုင်သည်။

"မောင်ဟံသာရေ . . . အန်ကယ်တို့အိမ်က ကျန်းမာရေးကို သိပ်ပြီး ဂရုစိုက်ကြတာကွ . . .။ ရုပ်ကို အာဟာရစောင့်ဆိုသလို .. ဥတုဘောဇ . . . ဥတုဘောဇ . . ."

ဟု ဦးသက်ခိုင် စကားဆက်မရဘဲ ထစ်နေစဉ် ဒေါ်ယဉ်ဝေက

"ဥတုဘောဇနပါ ကိုသက်ရဲ့ . . ."

ဟု ဝင်ထောက်ပေးမှ -

"အေး . . . ဟုတ်တယ် .. ဥတုဘောဇနကျမ်းအရ နေကြ.. စားကြတာကွဲ့ . . .။ အခုရာသီဟာ ဆောင်းရာသီမဟုတ်လား . . .၊ ဆောင်းရာသီမှာ အခုလို မီးဖုတ်ကြိုက်တဲ့ ဖုတ်စာတွေကို စားရတယ်. ."

"ဟုတ်ပါတယ် အန်ကယ် . . . ချဉ် .. ခါး .. ငန် .. အညီနံ့ပြင်းထန်တေဇောကြိုက်ဖုတ်စာ အဆိုရှိတာ ကြားဖူးတယ် . .၊

ို့ထိုး . . ပျို့အန် . . ခြေလက်မသယ်ချင် . . လေးလံ . . ထုံထိုင်း . .
ာ . . အကြောဆွဲ . . ထုံနစို ထုံနခြောက်နာ . . ခြေဆတ် . .
န်းဝေ . . ကုတ်ဟီးနာ . . ချောင်းဆိုးနာ . . နားအူ နားပင်း စတဲ့
ဓာတ်ပျက်ရောဂါတွေကိုလည်း ပျောက်နိုင်သတဲ့ အန်ကယ်ရဲ့ . . . "

ဦးသက်ခိုင်သည် ခရားရေလွှတ် တတွတ်တွတ်ရွတ်နေသော
ောင်ဆွေကို အံ့ဩစွာငေးမော့ကြည့်နေမိသည်။

သူ့ထက်ကဲ ရွှေပြည်စိုးပေလား။ စာတတ်ပေတတ် ဖင်နှတ်ခမ်း
ာ်တဲ့လူလား ဟု အကဲခတ်နေမိသည်။

"ဒါ့ထက် မောင်ဟံသာရဲ့ . . . မောင်ဟံသာ ရွတ်လိုက်တဲ့
ထဲမှာ ကုတ်ဟီးနာဆိုတာပါတယ် . . .။ အဲဒါဘာရောဂါလဲကွဲ့ . . "
ါယဉ်ဝေက ဝင်မေးလိုက်လေသည်။

အောင်ဆွေ ငိုင်သွားသည်။ ဘာပြန်ပြောရမှန်းမသိ။ သူအလွတ်
က်ထားသော ဓာတ်စာများသာဖြစ်၍ သူဘာမှမသိ။ သူ့ဘကြီး
တွက် ဓာတ်စာကူးပေးခဲ့စဉ်က အလွတ်ရထားသည့် ဓာတ်စာများ
ဖြစ်သည်။

ဟန်ကိုယ့်ဖို့ အရေးကြီးလာပြီ။

မသိလို့မေးခြင်းဖြစ်၍ ကိုယ်ဖြေသမျှ ယုံဖို့သာလျှင်ရှိတော့သည်။

"ဟဲ . . ဟဲ . . ဒီ ကုတ်ဟီးနာ ဆိုတာ လူတွေမှာဖြစ်ခဲတဲ့
ဂါပါအန်တီ . . .။ အထူးသဖြင့် မြင်းတွေမှာသာ ဖြစ်တတ်
ယ် . . "

မသိသူကို မတတ်သည့်လူက ဖြီးချေပြီ။

ဒေါ်ယဉ်ဝေက စိတ်ဝင်စားစွာ ငေးကြည့်ပြီး နားစွင့်ထားသည်။
င်လဲ့က ရယ်ချင်လွန်းသဖြင့် ယပ်တောင်ကွယ်၍ တစ်ဖက်သို့
ည့်ထားသည်။

"မြင်းတွေမှာ ဖြစ်တဲ့ရောဂါ ဟုတ်လား မောင်ဟံသာ . ."

ဟု မေးလေးကိုဆတ်၍ မေးလိုက်သည်။

"ဟုတ်ပါတယ် . . မြင်းတွေရဲ့ချိုင်းကြားမှာဖြစ်တတ်ပါတယ် . .။ ဒါကို လူတွေက ကိုင်ကြည့်ရင် . . . မြင်းက ယားပြီး ရယ်ပါတယ် . .။ မြင်းစကားနဲ့ပြောရင် ဟီတယ်ပေါ့ . .။ ဒါကြောင့် ကုတ်ဟီနာ . .။ ကုတ်ဟီနာကနေ ပါဠိဖျက်ပြီး ကုတ်ဟီးနာဖြစ်လာတာပါပဲ အန်တီ . ."

"ဩော် . . . . မောင်ဟံသာက အတော့်ကို စာပေနဲ့စပ်တဲ့ ကလေးပဲ . . ."

ဒေါ်ယဉ်ဝေက သမက်လောင်းကို ချီးကျူးထောပနာပြုလေသည်။

"ကဲ ကဲ . . . ဖေဖေကြီးနဲ့မေမေကြီး . .။ ဒီက ညွှံသည်ပါ ကျွန်မချက်ထားတဲ့ ဥတုဘောဇနေ ဓာတ်စာဟင်းကို စားကြပါဦး . . .။ ထမင်းတွေလည်း ကုန်တော့မယ်"

ဖြူစင်လဲ့က မျက်နှာပိုးသေသေပြောမှပင် သူတို့အားလုံး ထမင်းစားကြတော့သည်။

ထမင်းစားကြသူတွေထဲတွင် အောင်ဆွေသည် အရှုံ့မဲ့ဆုံး။ ထမင်းစားပြီးလျှင် သွားတွေက လေတိုက်ပင်ခံနိုင်မည်မဟုတ်တော့ . .။

အောင်ဆွေ ထမင်းစားပြီးသွားသည်။ လက်ဆေးပြီးသော်လည်း လက်သုပ်ပုဝါ ရှာမတွေ့။ ထို့ကြောင့် ခုံအောက်တွင် လက်လျှို၍ သူ့ပုဆိုးစနှင့်ပင် လက်သုပ်လိုက်သည်။ ပုန်းရည်ကြီးအဖတ်များသည် ပုဆိုး၌ ကပ်၍မဲနေ၏။

ဦးသက်ခိုင်နှင့် ဒေါ်ယဉ်ဝေတို့လည်း ရှေ့ဆင့်နောက်ဆင့် ဆိုသလို ထမင်းစားပြီး သွားကြသည်။

ဖြူစင်လဲ့သည် ယခုမှပင် လက်သုတ်ပုဝါ ချမပေးခဲ့သည်ကို သတိရမိကာ ကမန်းကတမ်း ပြေးယူရလေသည်။

"ရော ... ဖေဖေကြီး လက်သုတ်ပုဝါ ..."

ဟု လှမ်းပေးစဉ် ဦးသက်ခိုင်သည် လက်မသုတ်သေးဘဲ လက်သုတ်ပုဝါကို ကိုင်ထားရင်း -

"ထမင်းစားပြီး .... လက်သုတ်တာနဲ့ ပတ်သက်လို့ ပုံပြင် တစ်ပုဒ်ကို သတိရမိတယ် ..."

ဟု အစချီလျက် -

"ဟိုတုန်းကပေါ့ကွယ် ...။ အခုလိုပေါ့ .. သူဌေးချင်းစေ့စပ် ထားတဲ့ သူငယ်ချင်းသူဌေးဆီကို လူငယ်နှစ်ဦးလွှတ်လိုက်သတဲ့ ...။ တစ်ဦးက သူဌေးသား ...။ တစ်ဦးက ကျွန်မသားတဲ့ ...။ သမီးရှင်သူဌေးကြီးဟာ သူ့ဆီရောက်လာတဲ့ လူငယ်နှစ်ဦးကို ခွဲခြားဖို့ ခက်နေတယ်တဲ့ ...။ ရုပ်ချင်းကလည်း ခပ်ဆင်ဆင်။ လူရည်သန့်တွေ ချည်းပဲတဲ့လေ ...။ ဒီအချိန်မှာ ... သူဌေးကြီးက စိတ်ကူးရ သွားတယ် ..။ သူတို့နှစ်ဦးကို ထမင်းကျွေးပြီး လက်သုတ်ပုဝါချ ပေးထားဘူးတဲ့ ...။ ထမင်းစားပြီးတဲ့အခါ သူဌေးသား အစစ်က လက်မသုတ်ဘဲ လက်သုတ်ပဝါအပေးကို စောင့်နေသတဲ့ ..။ အဲ .. ကျွန်မသားကတော့ ဘာပြောကောင်းမလဲ သူ့ပုဆိုးနဲ့သူ ကောက်သုတ် လိုက်သတဲ့ ...။ အဲဒီအခါကျမှပဲ သမီးရှင် သူဌေးကြီးဟာ သူဌေးသား အစစ် ဘယ်သူလဲဆိုတာ ခွဲခြားလိုက်နိုင်သတဲ့လေ ..."

ဦးသက်ခိုင်က စကားပြောပြီးနောက် လက်သုတ်ပဝါကို သေသေ သပ်သပ်သုတ်၍နေသည်။

အောင်ဆွေရင်ထဲ၌ တဝုန်းဝုန်းတဒိုင်းဒိုင်း ခုန်နေသည်။ သူ့ကိုပဲ သွယ်ဝိုက်၍ပြောနေတာလားဟု အကဲခတ်နေသော်လည်း ဦးသက်ခိုင် စကားက ကြုံမိကြုံရာ ပြောခြင်းမျိုးသာဖြစ်ကြောင်း သိသာသည်။ အောင်ဆွေက စိတ်ဝင်စားသလို၊ ထောက်ခံသလိုဖြင့် ခေါင်းကိုသာ

တွင်တွင်ညိမ့်၍နေလေသည်။

"အနုတ်စုတ် ဂုတ်စုတ် ဆိုတဲ့ လူတွေရဲ့စရိုက်က သိကိုသိသာလွန်းပါတယ် . . . "

ဒေါ်ယဉ်ဝေက ဝင်၍ပြောလိုက်သောအခါ အောင်ဆွေ ပို၍အနေကြပ်သွားပြန်သည်။

ပြီးမှ ဦးသက်ခိုင်လှမ်းပေးလိုက်သော လက်သုတ်ပုဝါကိုယူ၍ အောင်ဆွေလက်သုတ်လိုက်ရသည်။ ပါးစပ်ကိုပင် သိမ်း၍သုတ်သည်။

ဟဲ့သာရေ . . . မင်းပေးတဲ့ အကုသိုလ်တွေကတော့ အတုံးလိုက် အတစ်လိုက် ခွဲပြီးဝင်နေပြီကွ . . . ။

❀❖❀

# အခန်း (၁၈)

ဓားမတိုတစ်လက် . . . ။

ဘောင်းဘီတိုတစ်ထည် . . . ။

လူတစ်ယောက်သည် နွားပေါ်၊ ဝက်ပေါ်နေသကဲ့သို့ အလုပ်
ပ်နေသည်။

ထိုသူသည် အမဲသားကို အင်နှင့်အားနှင့် ခုတ်ပိုင်းနေသော
ံသာပင်ဖြစ်သည်။

လုပ်နေကျမဟုတ်သဖြင့် အမဲသားပေါ်တွင် ဓားချက်တွေက
လီလီအလာလာ ကွဲပြားနေသည်။

"မောင်ရင် အလုပ်လုပ်တာ ဦးလေးထွန်း အားရတယ်ကွယ်။
အင်ရင်ရေ . . . ပေါင်သားတစ်မျိုး . . . အရိုးတစ်မျိုးခွဲပြီး အိုးနဲ့
ည့်နော် . . "

ဦးလေးထွန်းက အားပေးစကားပြောသည်။

"ဟုတ်ကဲ့ပါ ဦးလေးထွန်း . . . "

ဟု ပြန်ပြောရင်း အမဲသားများကို အသားတစ်အိုး၊ အရိုးတစ်အိုး
ံးသန့်စီထည့်လိုက်သည်။

"ပြီးပြီ ဦးလေးထွန်းရေ . . . ဘာဆက်လုပ်ရမလဲ . . . "

ဟု ပြန်မေးလိုက်လေ၏။

"အမဲသား အသားချည်းပဲကို ကြက်သွန်အဖြူအနီနဲ့ ဆီသတ်ပြီး ချက်ကွ . . .။ အရိုးတွေကိုတော့ ရေလုံပြုတ်ပေါ့ကွာ . . ."

ဟု ပြောရင်း ဦးလေးထွန်း သူ့နားရောက်လာသည်။

ဟံသာက ချွေးတလုံးလုံးဖြင့် ပြန်ကြည့်ရင်း -

"ဆီသတ်ပြီး ချက်ရမှာက ကျွန်တော်တို့ဖို့ပေါ့ဟုတ်လား ဦးလေးထွန်း . . ."

ဦးလေးထွန်း ခပ်သွက်သွက်ခေါင်းခါသည်၊ နားရွက်ပေါ်ကျနေသည့် ဆံပင်ကို သပ်တင်လိုက်ရင်း -

"ဆီသတ်ပြီးချက်ရမှာက ခွေးစာ . . . ရေလုံပြုတ်တာက မင်းနဲ့ငါ့ အတွက်ကွ . . ."

ဟံသာ ဒေါသထွက်သွားသည်။ ကိုင်ထားသည့် ဆီပုလင်းကို ခပ်ဖြည်းဖြည်း ပစ်ချရင်း -

"မိုက်ရိုင်းလိုက်တာဗျာ . . .။ ခွေးစာက လူစာထက်တောင် ကောင်းနေပါလား . . ."

ဟု မကျေမနပ်ပြန်ပြောသည်၊ ဦးလေးထွန်းက ခပ်ညင်းညင်း ရယ်သည်။

"ဘဝအကြောင်းပေါ့ကွာ။ လောကကြီးမှာ လူတွေ သိပ်ခက်တယ်ကွ။ အဆင့်အတန်းခွဲခြားတာလဲ လူတွေပဲ။ မခွဲခြားရင်လည်း လူတွေပဲ။ လူနဲ့လူချင်းကျတော့ ခွဲခြားတယ်။ အောက်တန်းစား၊ အထက်တန်းစား . . .။ အဲဒီ အထက်တန်းစားတွေကပဲ အနိမ့်ကျဆုံး ခွေးတိရစ္ဆာန်နဲ့ကျတော့ ပေါင်းစည်းပြန်တယ် . .။ တစ်ခါတရံမှာ ဆန့်ကျင်ဘက်တွေ ပေါင်းစည်းထားတဲ့ သဘောရှိတယ်ကွ . . .။ ဥပမာ. . ရေဆိုတာမီးကို ငြိမ်းသတ်ပေမယ့် . . . ရေကို အကြောင်းပြုပြီး မီးဖြစ်တာတွေလည်းရှိတယ် . .။ ရေအားလျှပ်စစ်မျိုးပေါ့ကွာ . ."

ဟံသာက ဦးလေးထွန်းရင်ထဲမှ တိုး၍ထွက်လာသော ဒဿန စကားတွေကို တအံ့တသြ နားစွင့်နေလေသည်။ ဦးလေးထွန်းစကားကို ဟံသာ နှစ်သက်သွားမိသည်။ သဘောကျမိသည်။

"ဘာလဲ မောင်ရင် . . ဦးလေးထွန်း စကားကို သဘောကျသွားပြီ ထင်တယ် . . ."

ဟု ရယ်သံဖြင့် မေးလိုက်သည်။

"သိပ်သဘောကျတယ် ဦးလေးထွန်းရာ . . ဒီလို ပညာရှိကြီးမျိုး သေရင် အုတော်ပုပ်စော်နံမယ်ထင်တယ်နော် . . ."

"ဟာကွာ . . . မောင်ရင်ကလဲ . ."

ဟူ၍ နှစ်ဦးသား ကျယ်လောင်စွာ ရယ်မောမိကြသည်။

"ဦးလေးထွန်းရဲ့ သူဌေးအိမ်ကြီးမှာ သူဌေးနဲ့ သူဌေးကတော်ကြီး ကသာ အဆင့်အတန်းခွဲခြားတတ်ပေမယ့် သူ့သမီးလေးကတော့ သိပ်တော်တာကွ . . ."

"ဗျာ . . . ဇာတ်ဇာတ်ကျဲ သူဌေးသမီးက သိပ်တော်တယ် ဟုတ်လား ဦးလေးထွန်း . . ."

ဦးလေးထွန်းသည် ဖြူစင်လဲ့ကို ရည်ညွှန်းပြောခြင်းဖြစ်သည်။ အမှတ်တမဲ့ပြောလိုက်မိသည့်အတွက် သူ့ပါးစပ်ကိုသူ ပိတ်လိုက်သည်။

"လောကမှာ မောင်ရင် မသိတာတွေ အများကြီးရှိပါ တယ်ကွာ. . ."

ဟု ပြောချင်ပေမယ့် ပြောမထွက်ရဲ။

ဟိုတစ်နေ့ကပင် ဦးလေးထွန်းကိုခေါ်၍ ဦးသက်ခိုင် ပြောခဲ့သေး သည်။

"ကျုပ်တို့ အိမ်ကကိစ္စတွေမှန်သမျှ ခင်ဗျား နှုတ်လုံလုံနဲ့ လျှို့ဝှက် ထားရလိမ့်မယ် . .။ အဲ -- ပြီးတော့ သမီးနဲ့ ခင်ဗျား ဂိုဒေါင်မှာထားတဲ့

လူရဲ့ဆက်ဆံရေးကို ခင်ဗျား အမြဲတမ်းစောင့်ကြည့်နေရမယ် ...။ မလိုလားအပ်တဲ့ ပြဿနာပေါ်လာတာတို့ .. လျှို့ဝှက်ထားတဲ့ကိစ္စတွေ ပေါက်ကြားတာတို့ရှိလာရင် ... ခင်ဗျား အလုပ်ပြုတ်ပြီ။ ခေါင်းနဲ့ ဆင်းရမယ်လို့မှတ် ...” ပါတဲ့လေ။

“မောင်ရင် ...”

ဦးလေးထွန်းက ဟံသာကို ခေါ်၏။

“ဟုတ်ကဲ့ပြောပါ ဦးလေးထွန်း ...”

“ဦးလေးထွန်း ကိုယ်ကို နမ်းကြည့်စမ်း .. ဘာအနံ့ရသလဲလို့”

လက်မောင်းထိုး၍ ဟံသာကို နမ်းခိုင်းလိုက်သည်။

ဟံသာက ခပ်လှမ်းလှမ်းမှပင် ဦးလေးထွန်း၏ မွဲခြောက်ခြောက် လက်မောင်းကို နမ်းကြည့်မိသည်။

“သိုးနံ့လိုလို အမဲသားကျွတ်တိုက်တဲ့ အနံ့လိုလိုပဲ ဦးလေးထွန်း”

“ဟာကွာ ... မောင်ရင်ကလဲ ...”

“မဟုတ်သေးရင် ... ပြုတ်နံ့လိုလိုပဲဗျ ...”

“အေး ... အဲဒီအနံ့ဖြစ်နိုင်တယ်”

“မဟုတ်သေးဘူးဗျ ... ပြုတ်နံ့က အမဲသားပြုတ်နံ့ ...”

“အေးပါ ... ဘာနံ့ပဲဖြစ်ဖြစ် .. ပြုတ်စော်ကတော့ သေချာ နေပြီ ...။ ငါ့ပါးစပ်ကလည်းနော် .. ပြောချင်စရာရှိရင် ... လျှာကို ခွေးလျှေးယားပွတ်ထားသလိုပဲ ...”

ဟံသာ နားမလည်သလို ဦးလေးထွန်းကို ငေးစိုက်၍ ကြည့်နေ မိသည်။

သူ ... ဘာမျှ နားမလည်။

ဦးလေးထွန်းစကားအရမှ “လောက၌ ကိုယ်နားမလည်တာတွေ၊ မသိတာတွေ အများကြီး ရှိနေသည်မဟုတ်ပါလား”။

❁❖❁

# အခန်း (၁၉)

ခေါင်းနှစ်လုံးဝေးရာမှ နီးသွားကြသည်။

နီးရာမှ ပူးကပ်သွားကြသည်။

ပန်းခြံတို့တွင် တွေ့ရတတ်သော စုံတွဲများမဟုတ်။ ဦးသက်နိုင်တို့ဇနီးမောင်နှံတို့၏ ခေါင်းနှစ်လုံးပူးကပ်သွားခြင်းဖြစ်သည်။

တိုးတိုးတိတ်တိတ်ပြောရမည့်ကိစ္စတစ်ခု ပေါ်လာသည်။

အောင်ဆွေကို အလွန်ဂရုစိုက်ရာမှ သတိထားလာမိသောကိစ္စဖြစ်လေသည်။

"ယဉ် . . . ဂရုစိုက်မိတာ ဘယ်လောက်ကြာပြီလား ယဉ် . . "

ဦးသက်နိုင်က လေသံတိုးတိုးဖြင့် မေးလိုက်သည်။ ဒေါ်ယဉ်ဝေသည် ချစ်လင်ကို မျက်လုံးပုတ်ခတ်ပုတ်ခတ် ကြည့်ရင်း. . .

"ယဉ်တို့အိမ်ရောက်လာပြီး လေးငါးရက်ကြာမှ သတိထားမိတယ်။ ဒါနဲ့ ကိုသက်ကကော. . ."

ဦးသက်နိုင်က ပြတင်းပေါက်မှတစ်ဆင့် အဝေးဆီသို့ ခပ်ငေးငေးကြည့်နေရာမှ -

"အေး . . . ငါ သတိထားမိတာလည်း သုံးလေးရက်လောက်ပဲ ရှိမယ်ထင်တယ် . . .။ အဲဒီရက်နောက်ပိုင်းမှာ သေသေချာချာ ဂရုစိုက်

ကြည့်တယ်။ မတွေ့ရဘူး ...။ မဟုတ်မှလွဲရော ယဉ်ရေ ... မင်းသမက် လူမဟုတ်ဘူးထင်တယ် ..။ လူဆိုရင် အီးပါရမှာပေါ့ ..."

"လူမဟုတ်ရင် ... ဘာလဲ .. ဘီလူးလား .. သရဲလား .." အမယ်လေး.. ရှင်ပြောမှပဲ ရင်တုန်တော့မယ် ..။ ဘီလူးဆိုရင်... ယဉ်တို့အိပ်နေတုန်း တစ်အိမ်လုံးကို ဂျိုးဂျိုးဂွတ်ဂွတ် ကိုက်စားမှာ ... ဟီး .. ဟီး ..."

ဒေါ်ယဉ်ဝေ ကြက်သီးထလျက် ပြော၏။ ဦးသက်ခိုင်က ဇနီးကို ကြည့်၍ တဟားဟားရယ်လေသည်။

"ယဉ်ကလည်းကွာ ... မပူပါနဲ့ ...။ ဘီလူးထဲမှာ ဒီလောက် ကလန်ကလားနိုင်တဲ့ ဘီလူးမျိုးတော့ရှိမယ်မထင်ပါဘူး ..။ ဘီလူးဆိုတာ ဖနှောက်တိုတယ် .. နဖူးမောက်တယ် .. အရိပ်မထွက်ဘူးတဲ့ .. ဒီကောင်ရဲ့ ဖနှောက်အရှည်ကြီး ... နဖူးလည်း ပြားပြား ... အရိပ်ကျတော့ကော ရှည်သလား မပြောနဲ့ ..."

"အင်းပါ ... အထင်နဲ့ ပြောရတာပါ ...။ ဘီလူးဖြစ်လို့ စားရင်တောင် ကိုသက်ကိုစားပြီးတာနဲ့ ဘီလူး စားပိုးနင့်ပြီး သေသွားမှာ သေချာတယ်"

ဒေါ်ယဉ်ဝေက အရွှန်းဖောက်လိုက်သည်။

ဦးသက်ခိုင်က ထပ်၍ ထင်မြင်ချက်ပေးပြန်သည်။

"ယဉ်ရေ ... ငါကြားဖူးတာတစ်ခုရှိသေးတယ် ..."

"ပြော ... ကိုသက် ..."

"နတ်သားတွေဟာ ... အီးမပါဘူးလို့ ကြားဖူးတယ် ...။ မင်းသမက်က နတ်သားများလားမသိဘူးနော် ..."

ဟု စကားစကို အစထုတ်ပေးလိုက်လေသည်။

"နတ်သားဆိုရင်တော့ ယဉ်တို့ကို မ, မှာပေါ့ ..."

"နတ်ပွတ်ချွန်းဖြစ်နေရင်ကောကွာ . . ."

နှစ်ဦးစလုံး စကားတိတ်သွားကြသည်။ တစ်စုံတစ်ခုကို လေးလေး
က်နက် ပြန်လည် စဉ်းစားနေပုံရလေသည်။

"ယဉ်ရေ . . . ကိုသက် စဉ်းစားမိတာတစ်ခုရှိတယ်"

"ပြောပါဦး ကိုသက်"

"မင်းသမက် . . . . တခြားသွားပြီး အိမ်သာတက်တာများ
သလားကွ . . ."

"အို . . စည်ပင်က လုပ်ထားတဲ့ အိမ်သာက ဒီမှာမှ မရှိတာ. ."

"ဒါဆိုရင် . . . ဦးလေးထွန်းတို့ဆီမှာ ကော . . ."

"ဦးလေးထွန်းတို့ အိမ်သာကလည်း အောက်တစ်ပိုင်းပဲရှိတာ။
ဒီအဆင့်အတန်းနိမ့်တဲ့ အိမ်သာမျိုးကိုတော့ သူဌေးသားတစ်ယောက်က
ွားလိမ့်မယ်လို့ မထင်ပါဘူး . . ."

ထင်မြင်ချက်များ ရပ်သွားပြန်သည်။

"အေးကွာ . . . မင်းသမက် တကယ်တမ်းသာ အိမ်သာ
တက်ဘူးဆိုရင်တော့ စမျဉ်းခံနေမှာပဲ . . .။ စမျဉ်းခံတဲ့သူဟာ ဒေါသ
ကြီးတယ် . . ဒေါသထွက်တယ် . . စမျဉ်းဒေါသလို့ခေါ်တာပေါ့ . ."

"ယဉ် ကြည့်ရတာကတော့ မောင်ဟံသာဟာ သဘော
ကောင်းတယ် . . စိတ်ရှည်ပုံလည်းရတယ် . . ဒေါသထွက်တာလည်း
တွေ့ဖူးဘူး . ."

ဦးသက်ခိုင် မျက်မှောင်ကုတ်၍ စဉ်းစားပြီး -

"အေးကွာ . . . စမျဉ်းဒေါသ ထွက် . . မထွက် ကြည့်ကြတာပေါ့။
တွေ့ရင်တော့ သူ့ကျန်းမာရေးအတွက် ပြုစုပေးရမှာပဲ . .။ အင်း . .
ရှက်အကြောက်ကြီးတတ်တဲ့ သူလား မသိပါဘူးကွယ် . . ."

ဒေါ်ယဉ်ဝေက ခေါင်းညိမ့်၍ ထောက်ခံသည်။

"ဟုတ်တယ် . . . ကိုသက်ရဲ့ . . .။ တချို့လူတွေဟာ ဒီကိစ္စနဲ့ ပတ်သက်ရင် အရှက်အကြောက်ကြီးတယ် . . .။ ဂျာနယ်ကျော် ဦးချစ်မောင်ဟာ ဒီလိုပဲ အရှက်ကြီးတယ်လို့ဖတ်ဖူးတယ် ကိုသက်ရဲ့ . ."

"အေးပါကွာ . . . ကြည့်ကြသေးတာပေါ့။ ကိုဘိုလှခေါင် ကလည်း သူ့သားကို ပုံအပ်ထားပြီးသားဆိုတော့ . . . ဘာကိစ္စပဲဖြစ်ဖြစ် တို့မှာ တာဝန်ရှိတာပေါ့ကွယ် . . ."

ဟု ပြောပြီး ပြောလက်စ စကားများကို သိမ်းသွားလေတော့သည်။

# အခန်း (၂၀)

ဦးသက်ခိုင်နှင့် ဒေါ်ယဉ်ဝေတို့ တိုင်ပင်ထားသည့် ကိစ္စမှာ တကယ်တမ်းကျတော့ ကာယကံရှင်အား မည်သို့ပြောရမည်ကို အခက်တွေ့နေကြသည်။

သားသမီးအရင်းအချာဆိုလျှင်တော့ ကိစ္စမရှိ။ အရှက်အကြောက်ကြီးသူကို ထောက်ပြ၍ ပြောဆိုလျှင် ပို၍ ပြဿနာကြီးထွားမှာကိုလည်း စိုးရိမ်ရသည်။

ယောကျ်ားချင်းပြောရလျှင် ပို၍ကောင်းမည်ဟု ဦးသက်ခိုင်တွေးမိသော်လည်း အသေးအဖွဲကိစ္စများကိုမပြောသင့်ပေ။

သူ မပြောလျှင် ဒေါ်ယဉ်ဝေ၏ခေါင်းပေါ်သို့ တာဝန်ကျလာသည်။

"မောင်ဟံသာ . . ."

"ခင်ဗျာ . . . အန်တီ ဘာပြောချင်လို့လဲ . ."

အောင်ဆွေက ပြန်မေးသောအခါ ဘယ်ကဘယ်လိုစရမည်ကို အစပျောက်သွားသည်။

"ဒီလိုပါကွယ် . . . အဲ . . . အဲ ဒီလိုလည်း မဟုတ်ပါဘူး . ."

ဒေါ်ယဉ်ဝေ၏ အဖွင့်စကားနှင့် အပိတ်စကားကို အောင်ဆွေ

သည် ဖြူးတူးကြောင်တောင်ကြည့်နေမိသည်။ ဒေါ်ယဉ်ဝေက ချောင်းတစ်ချက်ဟန့်၍ စကားကိုအားယူနေသည်။

ပြီးမှ -

"အန်တီတို့မိသားစုကို ရင်းရင်းနှီးနှီးနေနော် . . ."

ဟု ပြောမိပြောရာ ပြောလိုက်သောအခါ အောင်ဆွေက -

"နေပါတယ် အန်တီ . . ကျွန်တော်နေတာ စိမ်းနေလို့လား . ."

ဟု ပြန်မေးလိုက်သည်။

"မစိမ်းပါဘူးကွာ . . . အဲ . . . ဒါပေမယ့် မောင်ဟံသာက အရှက်အကြောက်များ သိပ်ကြီးနေသလားလို့ပါ"

ဟု စကားစရှာတွေ့သွားပြီး ပြောလိုက်သည်။

အောင်ဆွေက ဒေါ်ယဉ်ဝေ ဆိုလိုချက်ကို နားမလည်နိုင်အောင် ဖြစ်သွားသည်။

"မရှက်ပါဘူးအန်တီ . . .၊ မရှက်လို့တောင် ဟိုနေ့က ထမင်းကြမ်းခဲတောင် သွားပြီး တောင်းစားသေးတယ် . . ."

သူ့စိတ်ထဲတွင် ထင်နေသည့်အတိုင်း ပြောလိုက်သည်။

"အဲ . . . အဲဒါလည်း မဟုတ်သေးဘူးကွဲ့ . . ."

"ဒါ . . . ဒါဆို . . . ဪ . . . သိပြီ။ ကျွန်တော် စောင်ထူကြီးကို ခေါင်းမြီးခြုံအိပ်နေတာကို တွေ့သွားလို့ထင်တယ် . . .။ ဒါက ချမ်းလို့ပါ အန်တီ . . .။ နွေဘက်ဆိုရင်တော့ စောင်မပြောနဲ့ ပုဆိုးတောင် ရှိချင်မှရှိတာ . . . ဟဲ . . . ဟဲ . . ."

"ဒါလည်း မဟုတ်သေးဘူးကွဲ့ . . ."

အောင်ဆွေ ရှက်ပြုံးပြုံးလျက် ခေါင်းကုတ်သည်။

"ကျွန်တော်လည်း ဘာမှ မစဉ်းစားမိဘူး . . ."

"ကဲပါလေ . . . ဘာမှ မစဉ်းစားမိရင်လည်း ထားပါကွယ်၊

အထူးသဖြင့် မောင်ဟံသာရယ် ..... ကိုယ့်ကျန်းမာရေးတော့ ဂရုစိုက်နော် ..."

ပြောနေစဉ် မိထူးရောက်လာသဖြင့် စကားပြတ်သွားတော့သည်။

"ဘာလဲ သမီး ..."

ဒေါ်ယဉ်ဝေက ဖြူစင်လဲ့ကို ဆက်ဆံသကဲ့သို့ ပြောလိုက်သည်။

မိထူးက အောင်ဆွေကိုသာကြည့်၍ -

"ဟုတ်တယ်... မေမေပြောသလို ကျန်းမာရေး ဂရုစိုက်ဖို့ လိုတယ်။ ဒီတော့ ... ကိုဟံသာ .... ကျွန်မနဲ့ ခွေးကလေးတွေဆွဲပြီး ကျန်းမာရေးအတွက် လမ်းလျှောက်ထွက်ရအောင်"

ဟုပြောရင်း ဒေါ်ယဉ်ဝေကို ဖြတ်ကနဲကြည့်လိုက်၏။

ဒေါ်ယဉ်ဝေက ခေါင်းကိုသာ ညိမ့်၍ သူတို့နှစ်ယောက်ကို ထားခဲ့ပြီး အိမ်ခန်းထဲသို့ ဝင်သွားလေသည်။

"ဘာလဲ .... မဖြူစင်လဲ့က ခွေးတွေကို ချေးတည်ခိုင်းဖို့ ဟုတ်လား ..."

ဟု ခပ်ဆတ်ဆတ်ပြန်ပြောလျှင် မိထူးက လက်ကာ၍ -

"မဟုတ်ပါဘူးရှင် ... ကိုဟံသာနဲ့ ကျွန်မနဲ့က တစ်နေ့မှာ အိမ်ထောင်ဖက်တွေ ဖြစ်ကြတော့မယ်မဟုတ်လား ...။ ဒါကြောင့် လွတ်လွတ်လပ်လပ်လည်း စကားပြောရအောင်လို့ ခေါ်တာပါ ...."

အောင်ဆွေ မငြင်းတော့ဘဲ မိထူးနှင့်အတူ ခြံအပြင်ဘက်သို့ ထွက်ခဲ့လေတော့သည်။

သူ့လက်ထဲတွင် အောင်အောင် ဟူသော ခွေးစုတ်ဖွားလေး တစ်ကောင်။

မိထူးလက်ထဲတွင် ဖွေးဖွေး ဟူသော ခွေးမလေးတစ်ကောင်။

❁❖❁

# အခန်း (၂၁)

ကားလမ်းမကြီးပေါ်တွင် ကားတဝီဝီဖြင့်ရှုပ်ထွေးနေသောကြောင့် လမ်းကြိုလမ်းကြားဆီသို့ သူတို့ခွေးကိုယ်စီဆွဲ၍ လျှောက်လာကြလေသည်။

နံနက်ခင်းမို့ ဈေးသွားဈေးလာသူများတော့ ရှိသည်။ လမ်းဘေးအကြော်ဆိုင်များလည်းရှိသည်။

အောင်ဆွေက မျောက်နှင့်တူသော ခွေးနောက်မှ ခြေကုန်သုတ်ပြီး ကြိုးဆွဲလိုက်နေရသည်။ သူ့က ရှေ့. . . ၊ မိထူးက နောက်. . . ။

လမ်းချိုးအကွေ့အရောက်တွင် အကြော်သည်မကြီးနှင့် ဘွားကနဲ တိုးသည်။ လူနှင့်ခွေး ပြိုင်တူလန့်ကြသည်။ ခွေးကပို၍လန့်သည်။

ခွေးက လန့်၍ ပောင်လိုက်သောအခါ အကြော်သည်မကြီး၏ အကြော်တောင်း ခေါင်းပေါ်မှ ကျွမ်းထိုးကျသွားလေတော့သည်။

အောင်ဆွေ ကြောင်၍ရပ်ကြည့်နေစဉ် ခွေးသည် အကြော်များကို ပြေး၍ ကိုက်ဝါးနေတော့သည်။

အကြော်သည်မကြီးသည် ပြန့်ကျဲ၍ကျသွားသော အကြော်များကိုကြည့်၍ အော်ဟစ်ငိုလေတော့သည်။

"အမယ်လေး . . . ကုန်ပါပြီတော် . . . ။ ဒီနေ့ အရင်းပြုတ်ပါပြီ

ကိုလူလည်ကြီးရဲ့ . . . "

ဟု ရင်ထု၍ ဟစ်အော်သည်။ အောင်ဆွေ မျက်လုံးပြူးအောင်
ာန့်သွားသည်။

အကြော်သည်ကြီးက ထပ်၍ ငိုသည်။

"လူလိမ်လူညာကြီးရဲ့ . . . ရှင် ပစ်ထားခဲ့လို့ ကျွန်မတို့
ားအမိတွေ ဒုက္ခရောက်ရပြီတော့ . . . ဟီး . . . ဟီး . . . "

အောင်ဆွေရပ်တန့်ထားသည့်နေရာမှ အပေါ်သို့ မြောက်၍
ာက်သွားသည်ဟုထင်ရသည်။

အကြော်သည် အဒေါ်ကြီးက လူလိမ်လူညာကြီး အော်ဟစ်၍
လေ၊ မနေတတ် မထိုင်တတ်ဖြစ်လေ။

"မငိုနဲ့တိတ်ပါဗျာ . . .။ အဒေါ်ကြီး မှောက်ကျသွားတဲ့
ကြော်တွေရဲ့ တန်ဘိုးနှစ်ဆကို ကျွန်တော်လျော်ပေးပါ့မယ် . . . "

အကြော်သည်ကြီးက သူ့ကို မျက်လုံးလှန်၍ ပြန်ကြည့်သည်။
ပ်တော့ ယုံချင်ပုံမရ။

"ကဲ . . . အဒေါ်ကြီးရဲ့ အကြော်တန်ဖိုး ဘယ်လောက်ရှိသလဲ
ဗျာ . . . "

အကြော်သည်ကြီးက ယုံကြည်သောအကြည့်ဖြင့် ပြန်ကြည့်ရင်း-

"တစ် . . . တစ်ထောင်ဘိုးလောက်တော့ရှိမယ် . . . . "

အောင်ဆွေက ပိုက်ဆံနှစ်ထောင်ထုတ်၍ ပေးသည်။ သို့မှ
ကြော်သည့်ကြီး ပြုံး၍ လာသည်။

ဒီလိုသာမြတ်မယ်ဆိုရင် မနက်ဖြန်လည်း ဈာဦးမယ်ဆိုတဲ့
ပြုံးမျိုး။ ဒါပေမယ့် . . . .။

"အမယ်လေး . . . . လူညာလူလိမ်ကြီးရဲ့ ရှင်ယုတ်မာပေမယ့်
ချပ်ကို သူတော်ကောင်းကြီးက မ,နေပါပြီတော် . . . "

ဟု ထပ်၍ငိုသည်။

"အဒေါ်ကြီး . . . ထပ်မငိုနဲ့တော့ ငါးရာထပ်ယူ . . ."

ပြောပြီး ငါးရာတန်တစ်ရွက်ပေးမှ အဒေါ်ကြီး အငိုရပ်သွားသည်။ မျက်နက်ဝိုင်းဝိုင်းလေးက မျက်ရည်များကြားထဲမှ ခိုး၍ကြည့်နေရှာသည်။

"နေပါဦးအဒေါ်ကြီးရဲ့ . . . . အဒေါ်ယောကျ်ားနာမည်က လူညာလူလိမ်တဲ့လား . . . ."

အကြော်သည် အဒေါ်ကြီးက မျက်ရည်များကို လက်ဖမိုးဖြင့် ပွတ်၍သုတ်ရင်း -

"မဟုတ်ပါဘူးတော် ကျုပ်ကို အမြဲတမ်း ညာလွန်းလို့ ကျုပ်ပေးထားတဲ့ တစ်ဦးတည်းပိုင် နာမည်ပါ။ ကျုပ်ကိုပစ်ပြီး မိကျောင်း သွားဖမ်းမယ်ဆိုပြီး ထွက်သွားတာလေ၊ သူက ပင်လယ်သားကွဲ့။ ဒါပေမယ့် . . ."

"ဘယ်မှာ မိကျောင်းသွားဖမ်းတာလဲ အဒေါ် . . ."

"ရှမ်းပြည်နယ်က တောင်ကြီးဘက်ကို တက်သွားတာပဲ . . ."

"ဟာဗျာ . . . . . တောင်ကြီးမှာ ဘယ်က မိကျောင်းဖမ်းလို့ ရမှာလဲ . . .။ ငမန်းဖမ်းမယ်ဆိုရင် တော်သေးရဲ့ . . . ဟာ . . . မှားသွားလို့ ဘာမှ မရှိဘူး။ တောင်တွေချည်းပဲဟာ . . ."

"အဲဒါ ပထမဦးဆုံး အညာခံရတာလေ . . .။ ဒုတိယအကြိမ် အညာခံရတာက ဆိုက္ကားနင်းပြီး စီးပွားရှာတော့မယ်တဲ့ . . . . .။ အဲဒါနဲ့ထွက်သွားလိုက်တာ အဟင့် . . . အဟင့် . . ."

"ဘယ်ကို ထွက်သွားတာလဲ . . ."

"ပင်လယ်ဘက်ကိုလေ . . ."

"ဟာ . . . ပင်လယ်ဘက်မှာ ဘယ်လို ဆိုက္ကားနင်းလို့ရမှာလဲဗျ။ ငါးဖမ်းတယ်ဆိုရင် တော်သေးတယ် . . ."

"မဟုတ်ဘူး ငါ့တူရဲ့ . . . ပေလီ၊ သံတွဲတို့လိုပေါ့။ အဲဒီပင်လယ်

ကမ်းနားမှာ ဆိုက်ကားနင်းတာရှိတယ်လေ။ ငါ့တူမရောက်ဖူးဘူးထင်တယ်။ အဒေါ်တောင် ဟန်းနီးမွန်းထွက်ခဲ့ဖူးတယ် . . .”

“ဒါဆိုလည်း ပြီးတာပဲဗျာ . . .”

“ဟီး . . . ဟီး . . . မပြီးဘူးတော့ . . .”

အကြော်သည်ကြီးက နံပါတ်(က)ဘတ်စ်ကားကြီးကို ဂီယာထိုးပြီး မောင်းနေသလို တဂစ်ဂွစ် တဂျိဂျိ ငိုသံ။

“အဲဒါလည်း ပင်လယ်ဘက်ကို သွားတာမဟုတ်ဘူး . . . ဂမ္ဘီရမုဆိုးကြီးတစ်ယောက်နဲ့တွေ့ပြီး တောပစ်ပြီး စီးပွားရှာ တယ်တဲ့ . . .။ ယုန်စွယ်ရရင် ဈေးကောင်းတယ်တဲ့ . . .”

“ဘယ်နှယ့် ယုန်က အစွယ်ရှိမှာလဲဗျ၊ ဆင်စွယ်ဖြစ်မှာပါ”

“ဟုတ်တယ် . . . ဟိုင်းဆင်အစွယ်က ပိုပြီးဈေးကောင်းတယ်တဲ့”

“ဟိုင်းဆင်က ဘယ်မှာအစွယ်ရှိမလဲဗျ . . .”

“အဲဒါကြောင့် လူလိမ်လူညာလို့ ပြောတာပေါ့ ဟီး . . ဟီး”

“နေစမ်းပါဦး . . . အဒေါ်ကြီးက အခုန လူညာလူလိမ်လို့ ပြောတယ်။ အခု . . . လူလိမ်လူညာလို့ပြောတယ် . . . ဘယ်ဟာက အမှန်လဲ . . .”

“အားလုံး အတူတူပါပဲတော့ . . . ဟီး . . . ဟီး . . .”

“ဒါဆို ဆက်ပြောဗျာ . . ဒီနေ့မိုးချုပ်တဲ့အထိ ပြီးဦးမှာလား . .”

“နေမဝင်ပါဘူးတော့ . . . အဲဒါနဲ့ မုဆိုးလုပ်ပြီးပြန်လာတော့ အေအိုင်ဒီအက်စ်ရောဂါနဲ့ ဆုံးတော့တာပဲရှင့် . . . ဟီး . . ဟီး . .”

“လုပ်ပြန်ပြီဗျာ . . . . တောထဲပြန်လာတဲ့သူက ဘယ်နှယ့် အေအိုင်ဒီအက်စ်နဲ့ ဆုံးရမှာလဲဗျ . .”

“တောထဲမှာလည်း တောကလပ်စ်တွေရှိလို့ နေမှာပေါ့ရှင့် . . . ဟီး . . . ဟီး . . . သွားလေသူ . . . ကျေးဇူးရှင် . . . လူလိမ်

လူညာကြီးရဲ့ . . . ”

“ဟုတ်တယ် . . . ဒါဆို . . . ခင်ဗျားယောကျ်ား၊ လူလိမ်လူညာ ဆိုတာ သေချာပြီ . . . ။ ဆက်ပြောနေရင်လည်း တစ်ထောင့်တစ်ည ပုံပြင် ထက် ရှည်ဦးမယ် . . . ”

အောင်ဆွေဆက်၍ သည်းမခံနိုင်တော့။ စိတ်တိုလာသည်။

အဒေါ်ကြီးကို ကြည့်ရင်း ကြည့်ရင်း စိတ်တိုလာသည်။ ထို့နောက် သူ့ဘေးတွင် ရပ်လျက်ဘာမျှမပြောဘဲ အေးချမ်းစွာနားထောင်နေသော မိထူးကိုသာ မျက်ထောင့်နီနီကြီးဖြင့် ကြည့်လိုက်သည်။

“အဲဒါ . . နင့်ကြောင့် . . . နင်ခေါ်လို့ ငါလိုက်လာတာ . . ”

ဟု ရင့်ရင့်သီးသီး ကျိန်းမောင်းလိုက်၏။

မိထူးကလည်းမခံ။ နှုတ်ခမ်းလှန်၍ ပြန်ပက်သည်။

“ရှင်က ခွေးတစ်ကောင်တောင် မထိန်းတတ်ဘူး . . ။ အိမ်ထောင် ဦးစီးလုပ်မဲ့သူက ခွေးတစ်ကောင်တောင် မနိုင်ရင် ဘယ်လိုလုပ်အိမ်မှု တာဝန်တွေကို ဦးစီးနိုင်မှာလဲ . . . ”

“ငါ . . . ခွေးကျောင်းတဲ့ကောင် မဟုတ်ဘူး . . . ။ ဘယ်နှယ့် မျောက်ထိန်းတာကမှ သက်သာဦးမယ် . . . ။ ရော့ . . . ရော့ နင့်ခွေး နင်ပဲထိန်း . . . ငါပြန်တော့မယ် . . . ”

အောင်ဆွေ ဒေါသဖြင့် အိမ်ပြန်လာခဲ့သည်

လမ်းမှာ တွေးရင်း တမြေ့မြေ့ဒေါသထွက်လာသည်။

နှာခေါင်းမှလေမှုတ်သံ တရှူးရှူး . . . ။ မျက်ထောင့်ကြီး ကလည်း နီနေသည်။

ထိုအမူအရာကို လှမ်းမြင်လိုက်သော ဦးသက်ခိုင်နှင့် ဒေါ်ယဉ်ဝေ တို့သည် တစ်ဦးနှင့်တစ်ဦး လက်ကုတ်သည်။

“ဟုတ်ပြီကွ၊ ဟုတ်ပြီ . . . တို့ထင်ထားတဲ့အတိုင်းပဲ။ ဒါဟာ . .

မျဉ်းဒေါသကွ . . . စမျဉ်းဒေါသကွ . . . စမျဉ်းဒေါသဆိုတာ ဒီလိုပဲ ရှူးရှူးနဲ့. . ."

ဦးသက်ခိုင်က ဒေါ်ယဉ်ဝေကိုပြောသည်။

အောင်ဆွေသည် ဦးသက်ခိုင်တို့လင်မယားနှင့် မျက်နှာချင်းဆိုင် တွေ့သော်လည်း ဒေါသထွက်လာသဖြင့် နှုတ်မဆက်။ အိပ်ခန်းထဲသို့ ခြံပြင်းပြင်းဆောင့်၍ ဝင်သွားသည်။ စိတ်ဆိုးမာန်ဆိုး . . ။ ခြေလှမ်းက ကြကြကြီး . . . ။

ဒေါ်ယဉ်ဝေမှာ အောင်ဆွေ့ကျောပြင်ကို ကရုဏာမျက်လုံးဖြင့် ကြည့်ရင်း . . . ။

"ဟုတ်တယ် . . . ကိုသက် . . . ။ မောင်ဟဲသာ စမျဉ်းဒေါသ ထွက်လို့ပြန်လာတာဖြစ်မယ်"

ဟု မှတ်ချက်ချလိုက်သည်။

စိတ်ထဲကလည်း သနားကရုဏာ ဖြစ်နေမိတော့သည်။

# အခန်း (၂၂)

မြဝတီရုပ်မြင်သံကြားမှ ပြသသော "ပြည်သူ့တရားရှင်" ဇာတ်လမ်းတွဲကို ဦးသက်ခိုင်တို့ မိသားစုအားလုံး အလွန်နှစ်သက်ကြသည်။

ယနေ့ညတွင်လည်း ၎င်းဇာတ်လမ်းတွဲ ဖြစ်သောကြောင့် ဦးသက်ခိုင်တို့လင်မယား အပြင် ဖြူစင်လဲ့၊ မိထူးနှင့် အောင်ဆွေတို့သည် စိတ်ဝင်စားစွာကြည့်ကြသည်။

ဦးသက်ခိုင်က ပေါင်ချိန်ကို ပို၍ကြိုက်သည်။

ပေါင်ချိန်၏ပိုင်နိုင်သော တရားစီရင်ချက်ကို သဘောတွေ့သည်။ ပေါင်ချိန်၏ တွေးနည်းတွေးဟန်၊ ကောက်ချက်ချပုံ၊ တစ်စုံတစ်ခုကို ဆုံးဖြတ်ဖို့စဉ်းစားလျှင် နဖူးကြောကြီးများ ရှုံ့သွားပုံကို အကြိုက်ဆုံး ဟုပင် ဆိုရပေမည်။

ထို့ကြောင့် သူကိုယ်သူ ပေါင်ချိန်ဟု ယူဆကာ သမက်လောင်း၏ ပြဿနာကို ဖြေရှင်းဖို့အကြံထုတ်နေမိသည်။

"ယဉ် . . . ငါပြောတဲ့အတိုင်းလုပ်စမ်း . . . "

ဟုလည်း ဇနီးဖြစ်သူ ဒေါ်ယဉ်ဝေကို တိုးတိုးတိတ်တိတ်ပြောဆိုခဲ့သည်။

ဒေါ်ယဉ်ဝေသည် ပေါင်ချိန်ဇာတ်လမ်းတွဲ ပြီးဆုံးသွားချိန်တွင် အိပ်ခန်းထဲသို့ မပြန်သေးဘဲ အောင်ဆွေကို "ခဏ"ဟု သူ့အနားခေါ်ထားလိုက်သည်။

"ဘာကိစ္စရှိလို့လဲ အန်တီ . . ."

အောင်ဆွေက တစ်ချက်သမ်းဝေလိုက်ရင်းပြောသည်။

"အိပ်ခါနီးလေး ကော်ဖီပူပူလေး တစ်ခွက်လောက် သောက်လိုက်ပါဦးကွယ် . . ."

ဟု ပြောပြီး မိထူး အသင့်ယူလာသော ကော်ဖီပန်းကန်ကို ထိုးပေးလိုက်လေသည်။

အောင်ဆွေက -

"ဟုတ်ကဲ့ကျေးဇူးတင်ပါတယ် . . ."

ဟု ပြန်ပြောပြီး ကော်ဖီတစ်ခွက်ကို အားရပါးရသောက်ပစ်လိုက်လေသည်။

ပြီးလျှင် အိပ်ယာဆီသို့ ခပ်ငိုက်ငိုက်ဖြင့် ဝင်သွားလေတော့သည်။

ညဥ့်နက်ချိန်တွင် အောင်ဆွေအိပ်ခန်းဆီမှ တံခါးဖွင့်သံကြားရသည်။

ဖိနပ်သံ တရှပ်ရှပ်။ ပြေးလွှားသံ . . . ။ အိမ်သာဘက်ဆီမှ ခြေသံများ . . . ။ နားစွင့်တိုင်းကြားနေရဆဲ . . . ။

ဒေါ်ယဉ်ဝေက တံခါးဖွင့်၍ အသာချောင်းကြည့်သည်။ အောင်ဆွေသည် အိမ်သာခန်းထဲ ဝင်လိုက် ထွက်လိုက်။

အောင်ဆွေသည် ဗိုက်နာသည့်ဝေဒနာပြင်းထန်လာသဖြင့် အိမ်သာမခွာနိုင်တော့။ ရွေးချိန်လည်း မရ။

ဒေါ်ယဉ်ဝေသည် အိပ်ချင်မူးတူးအပြုံးဖြင့် ဦးသက်ခိုင်ကို နှိုး၍ ပြော၏။

"ကိုသက်ရေ . . . ကော်ဖီထဲထည့်တိုက်တဲ့ ကနခိုတန်ခိုးတော့ ပြပြီရှင် . . ."

ဦးသက်ခိုင်က အိပ်ချင်မူးတူးဖြင့် -

"တန်ခိုးပြပြီရှင့်"

ဆိုသည့်စကားကိုသာကြားလိုက်ရသဖြင့် -

"တန်ခိုးပြရင် နတ်သားပေါ့ . . ။ ဘယ်လို တန်ခိုးပြတာလဲ. . . လုံးလုံးလား. . . ပြားပြားလား"

မျက်လုံးမဖွင့်ဘဲ မေးလိုက်သည်။

"ရှင့်သမက်လောင်းက နတ်ပွတ်ချွန်းအဆင့်တောင် မရှိဘူး၊ ချီးစားစုန်းကမှ မီးလုံးပြနိုင်ဦးမယ်။ တန်ခိုးပြတယ်ဆိုတာ ကနခို တန်ခိုးရှင့်. . . ကနခိုတန်ခိုး . . ."

"ဒါဆိုလည်း ပြီးတာပဲကွာ. . . အိပ်ချင်တယ် . ."

ဟူ၍ တစ်ဖက်စောင်း၍ အိပ်လိုက်သည်။

ဒေါ်ယဉ်ဝေက ဦးသက်ခိုင်ကို လှုပ်၍နှိုးပြန်သည်။

"ထစမ်းပါရှင် . . . လိုက်ချောင်းကြည့်ရအောင် . . ."

ဦးသက်ခိုင်က မျက်လုံးမဖွင့် -

"မင်းကလည်း ဝါသနာမကုန်သေးဘူးလား . . .။ အတူတူပဲ ဟာ . . မင်း မမြင်ဖူးတာကျနေတာပဲ . . ."

"ယဉ်ပြောတာက တကယ်အီးပါ . . . မပါ လိုက်ချောင်းကြည့်ဖို့ ပြောတာ . . . ဟွန်း . . .။ ကဲ . . . ထပါ . . . ထစမ်းပါရှင် . . ."

ဦးသက်ခိုင်က သူ၏မပေါ့မပါးခန္ဓာကိုယ်ကြီးကို တအင်းအင်း မ, ရင်း ထလိုက်သည်။

အိပ်ခန်းတံခါးကို ဖွင့်၍ ခြေဖွဖွဖြင့် အိမ်သာအနီးသို့ တဖြည်းဖြည်း ချဉ်းကပ်သည်။ သူခိုးခြေလှမ်းမျိုးဖြင့် ဖွဖွ . . .

ရွရွလေး. . .။

"ဂလွမ် . . . အောင်မလေးဗျ . . ."

ဟူသော အောင်ဆွေ၏အသံကို ကြားလိုက်ရသည့်အခါ ထိတ်လန့်ကုန်ကြသည်။

"ကိုသက် . . . အိမ်သာတံခါးပြေးဖွင့်ပြီး ကြည့်ကြရအောင် . . မောင်ဟံသာ ဘာဖြစ်သလဲမသိဘူး . . ."

ဟု အိမ်သာတံခါးကို တွန်းဖွင့်ကြသည်။

အပျင်းထူလွန်း၍ အိမ်သာတံခါးကို ဂျက်မထိုးတတ်သော အောင်ဆွေအား ကြမ်းပြင်တွင် ဖင်ထိုင်၍လဲနေတာကို တွေ့ကြရလေ၏။

"မောင် . . . မောင်ဟံသာ . . . မင်း . . ဘာ . . . ဘာဖြစ်တာလဲ . . . ဟင် . . . အီးစော်ကလည်း နံလိုက်တာ . . ."

ဒေါ်ယဉ်ဝေက အောင်ဆွေကို ပြေးထူရန်ဟန်ပြင်ပြီးမှ နှာခေါင်းပိတ်ထားလိုက်သည်။

"ဟာ အန်ကယ်နဲ့အန်တီ .. ဘာလို့ ကျွန်တော်အိမ်သာတက်တာ လာချောင်းကြည့်ရတာလဲ . . . ဒုက္ခပါပဲဗျာ . . ."

"တို့က ဝါသနာပါလို့ လာချောင်းကြည့်တာ မဟုတ်ဘူး။ မောင်ဟံသာရ . .။ ဂလွမ်ဆိုတဲ့အသံ ကြားလို့ မင်းတစ်ခုခုဖြစ်ပြီဆိုပြီး လာကြည့်တာ . . ."

ဦးသက်ခိုင်က တံတွေးတစ်ချက်ထွေး၍ အောင်ဆွေကို ချိုင်းမှ မလိုက်သည်။

အောင်ဆွေသည် ရှက်လည်းရှက်၊ နာလည်းနာ။ ပြုံးလည်း ဖြီးပြ၍ မဲ့လည်းမဲ့ပြသည်။

"အိမ်သာကြွေအိုးကွဲသွားလို့ အန်ကယ်ရဲ့ . . . အား . . . ကျွတ် . . . ကျွတ် . . ."

"မောင်ဟံသာကလည်း ဘယ်လိုအိမ်သာတက်လို့လဲကွဲ။ မောင်ဟံသာ ဖင်ဇောင်းအတော်ထက်တာပဲကွ"

အောင်ဆွေက မဲ့မဲ့ရွဲ့ရွဲ့ဖြင့်ပြန်ပြောသည်။

"အပေါ်နှုတ်ခမ်းကို ဖိနပ်နဲ့တက်ပြီးထိုင်တာပဲ အန်ကယ်ရဲ့ . . . အား . . . ကျွတ် . . . ကျွတ်"

"ဖြစ်ရလေ မောင်ဟံသာရယ် . . . ဒီအိမ်သာခွက်တွေက ဖင်ချပြီး ထိုင်မှရတာကွ . . ."

"အား . . . ကျွတ် . . . ကျွတ် . . . နာရတဲ့ကြားထဲ မညစ်ပတ်ပါနဲ့ အန်ကယ်ရာ . . ."

"ဟုတ်တယ် မောင်ဟံသာရဲ့ . . . မင်း အန်ကယ်ပြောတာ အမှန်ပဲ . . ."

"ကျွန်တော် ဝါသနာမပါဘူးဗျာ . . . အား . . ကျွတ် . . ကျွတ်"

"ဟာ . . . မောင်ဟံသာက အဓိပ္ပာယ်ကောက်လွဲနေပြီ . .။ ဒီအိမ်သာတွေက ခြေထောက်တက်လို့ ရတာမဟုတ်ဘူးလို့ ပြောတာကွ"

"ဩော် . . . ဒီလိုလား . . . ကျွန်တော် . . . ကျွန်တော် တောင်းပန်ပါတယ် . .။ အား . . . ကျွတ် . . . ကျွတ် . . . ဖင်ညှောင့်ရိုးကွဲသွားပြီလား မသိဘူး . . နာလိုက်တာ . . ကျွတ် . . ကျွတ် . . ."

❖

# အခန်း (၂၃)

ဆောင်းနှောင်းညသည် တိမ်သလ္လာကင်းစင်လွန်းလှသည်။

ကောင်းကင်ယံသည် ကြည်လင်နေဆဲ . . . ။

ကျယ်ပြောလှသော မိုးကောင်းကင်သည် ကျယ်ဝန်းသလောက်
ပနေသည်။

ပင်လယ်ရေပြင်နှင့် နှိုင်းယှဉ်လျှင် သာယာပုံခြင်း တူသော်လည်း၊
ကာင်းကင်သည် မာန်မာနကင်းလွန်းသည်။

ပင်လယ်ပြင်သည် ဒေါသကြီးတတ်၏။

မာန်ဖီတတ်၏။

ကြောက်မက်ဖွယ်ကောင်းလောက်အောင် အော်ဟစ်တတ်လေ၏။

ဟံသာသည် ချစ်စရာကောင်းကင်ပြာပြာကို မော်ကြည့်ရင်း
န်မာနတွေဖြင့် လွှမ်းခြုံထားသော ဦးသက်ခိုင်တို့ မိသားစုကို ပုံဖော်၍
တွေးနေမိသည်။

အောင်ဆွေ့အတွက်တော့မှ ဦးသက်ခိုင်တို့၏ ချစ်ချင်းမေတ္တာကို
ပြည့်အဝပေးထားလေ၏။

အကယ်၍သူသည် . . .

အောင်ဆွေနေရာတွင် ဟံသာအဖြစ်နှင့်ရှိခဲ့ပါမူ သူ့ကိုလည်း

သမက်တဦးအနေဖြင့် ချစ်ကြမည်မှာ မလွဲပင်။ အရေးပေးလေမည်။

သူတို့မိသားစုထဲတွင် မပါပင်သော်လည်း ဆက်နွယ်နေသော အိမ်ဖော်မလေး မိထူးအမည်ခံ ဖြူစင်လဲ့သာလျှင် မေတ္တာရှင်မလေး။ ကရုဏာရှင်မလေး . . .။ စာနာတတ်သည့် သူကလေးဖြစ်သည်။

ဖြူစင်လဲ့သည် ဟံသာစားဖို့ မကြာခဏဆိုသလို ဟင်းများကို ချိုင့်ကြီးတစ်ချိုင့်ဖြင့် ခိုး၍ ပို့ထားတတ်၏။ ဟံသာက ဘဝတူချင်းမို့ ကြင်နာတတ်သည်ဟုထင်၏။ သူ၏စူးရှတောက်ပသည့် အကြည့်က ဟံသာ၏နှလုံးသားကို စူးနစ်ဝင်လျက်ရှိ၏။

ခုတ်ရာတစ်ခြား၊ ထိရာတစ်ခြား ဖြစ်မှာစိုး၍ ဟံသာသည် သူ့ကိုယ်သူ ထိန်းသိမ်းသည်။

သို့သော် . . . တစ်ခါတရံ၌ အချစ်ဆိုသည်မှာ ခက်ခဲနက်နဲ လွန်းသည်။ နှလုံးသား၏ စည်တော်ကို ရိုက်ခတ်လာသောအခါတွင် တီးသလောက် အသံမြည်လာလေသည်။

ဖြူစင်လဲ့ဘက်မှ တွေးကြည့်လျှင်လည်း ဟံသာကိုသာ သူ နှစ်သက်နေမိသည်။ ခင်ပွန်းဖြစ်လာမည့် အောင်ဆွေအပေါ်တွင် မည်သို့မျှ မေတ္တာထား၍မရ။ ထန်းပလက်ရုပ်ကို မြင်တိုင်း စိတ်ထဲက ကျိတ်၍ရယ်နေမိသည်။ သူနှင့်တွဲသွားလျှင် ရွှေနဲ့မြ မဖြစ်နိုင်။ ကုလားအုပ်နှင့် ဆိတ် အတွဲမျိုး။

"မေမေရယ် . . . ဒီလူကြီးကိုတော့ လက်မထပ်ပါရစေနဲ့ . ."

ဒေါ်ယဉ်ဝေကို နှစ်ကိုယ်ကြား ပြောခဲ့သည်။

ဦးသက်ခိုင်ကတော့ အောင်ဆွေကို သဘောကျသည်။ အရပ်ရှည်တာဟာ သေရင် အခေါင်းဖျဉ်ဖိုး ပိုကုန်တာမှလွဲ၍ မီးလုံးတတ်သည့် အခါတွင်မူ အသုံးတည့်သည်ဟု ဆို၏။

သို့ဖြစ်ရာ ဟံသာသည် ဖြူစင်လဲ့ကို သူ့ဘဝနှင့်မနီးစပ်နိုင်ဟု

င်ထားသကဲ့သို့။ ဖြူစင်လဲ့ကလည်း သူ့ဒေးနောက်လိုက် တစ်ယောက်
ှင့် မည်သို့မျှမဖြစ်နိုင်ကြောင်း ကိုယ့်ကိုကိုယ် ဆုံးမနေကြရသည်။

ဟံသာသည် ရှေ့ဆက်၍သွားရမည့်ခရီးကို ရင်မောစွာတွေးနေ
သည်။

ရင်ထဲမှ အလိုလို မောပန်းလာလေသည်။

"ဦးလေးထွန်းရေ . . ."

ဟု ဦးလေးထွန်းကို လှမ်းခေါ်ပြီး နေ့လည်က ဈေးမှဝယ်လာသော
ပြားတစ်ပြားကိုဖွင့်လိုက်သည်။

ဦးလေးထွန်းရောက်လာသောအခါ ဟံသာ -

"ဦးလေးထွန်း . . . ခွေးစာထဲက ခိုးပြီး ကြော်ထားတဲ့ အမဲသား
ကြော်ယူဗျာ . . .။ ကျွန်တော်တို့ ခေါင်းဆေးကြရအောင် . . ."

"ဒီအချိန်ခေါင်းဆေးရင် အေးတာပေါ့ မောင်ရင်ရဲ့ . . ."

ဟု ရယ်ရယ်မောမော ပြောရင်း အမဲသားကြော်ပန်းကန်
လာသည်။

သူတို့ တစ်ဝိုင်းလှည့်ပြီးသည့်အချိန်တွင် ဦးလေးထွန်း၏
ယောလက်သံကို ကြားလာရတော့သည်။

"တစ်ချို့တော့လည်း . . . သာယာဟန်ကျ ၊ ဗိအမိဗိအဖ၊ မနေ
င်အား မှီထားလို့ရယ် xxxx အောင်မြင်ခြင်း ဒီလမ်း xxx ကြမ်းသည်
သော်လည်း xxx ရွှေခဲ xxx ငွေခဲ xxx ခင်းကာကြလို့ xxxx
အောင်မြင်ခြင်းလမ်းကို ဦးစွာရောက်ကြတယ် xxx"

ဦးလေးထွန်း၏တစ်ပုဒ်တည်းသော သီချင်းကို ကြားရပြန်ပြီ။
ပုဒ်တည်းမှ တစ်ပုဒ်တည်းရယ်ပါ။

ဟံသာသည် ခေါင်းကို တွင်တွင်ရမ်းလိုက်၏။

သစ်ရွက်တို့ကို ပွတ်တိုက်လာသည့် လေတိုးသံကို ကြားလာ

ရသည်။

"တော်ပါတော့ ဦးလေးထွန်းရယ် . . . ။ ဒီသီချင်းမဆိုပါနဲ့တော့ . ."

ဟု မျက်နှာငယ်ငယ်လေးဖြင့် ပြောသည်။ တောင်းပန်သည်။

ဦးလေးထွန်းက -

"ဘာလဲကွ . . မောင်ရင့် နှလုံးသားကို ထိနေပြီ မဟုတ်လား . ."

ဦးလေးထွန်းက ဂုဏ်ယူစွာပြန်ပြောလိုက်၏။

"ဒီသီချင်းချည်းကိုပဲ လနဲ့ချီပြီး ကြားနေရလွန်းလို့ နားငြီးလို့ပါဗျာ"

ဦးလေးထွန်း သဘောခွေ့၍ ရယ်တော့သည်။ ထိန်း၍ ရယ်လိုက်သောအသံ။ "ခစ်" ကနဲ . . . ။

"လူတိုင်း လူတိုင်းမှာ ကိုယ့်ဘဝနဲ့ တိုက်ဆိုင်မှုလေးတွေရှိရင် အကြိုက်ဆုံးဖြစ်တတ်တယ်ကွ . . . ။ ဦးလေးထွန်းဘဝနဲ့ ဒီသီချင်းဟာ သိပ်ပြီး နီးစပ်တယ်လို့ဆိုပါတော့ မောင်ရင်ရယ် . . ."

ဦးလေးထွန်းစကားကြောင့် ဟံသာသည် စူးစူးစိုက်စိုက်ဖြင့် သူ့ကို ကြည့်နေမိသည်။ တစ်နေ့သောအခါ၌ ဦးလေးထွန်းအကြောင်းကို သူမေးမည်ဟုစိတ်ကူးရှိသည်။

"ပြောပါဦး . . . ဦးလေးထွန်းရဲ့ . . . ဦးလေးထွန်းရဲ့ဘဝတစ်စိတ်တစ်ဒေသကို . . ."

ဦးလေးထွန်းသည် အရက်ခွက်ကိုယူ၍ မော့လိုက်၏။ မျက်နှာက ရှုံ့တွသွားသည်၊ ပါးစပ်ကမူ -

"တစ်ခါတလေ သောက်ရလို့လားမသိဘူး . . . တယ်ပြီးကောင်းသကွ မောင်ရင်ရ . . ."

"ဟာ . . . ဦးလေးထွန်းကလည်း ကောင်းတယ်ဆို . . .

မျက်နှာကြီးကလည်း မဲ့ရှုံ့သွားလိုက်တာ . . .”

ဦးလေးထွန်း ဘာမျှပြန်မပြော။ ကောင်းကင်ပြာပြာကို အဓိပ္ပာယ်မဲ့စွာကြည့်ရင်း -

“ဦးလေးထွန်း အိမ်ထောင်ကျဖူးတယ်မောင်ရင် . . .”

“ကျွန်တော် သိတာပေါ့ ဦးလေးထွန်းရဲ့ . . .”

ဦးလေးထွန်း တအံ့တသြဖြစ်၍ ပါးစပ်အဟောင်းသား။

“ဘယ်လိုသိတာလဲ မောင်ရင် . . .”

ဟု မေးလိုက်၏။

“စာတွေ့ပေါ့ ဦးလေးထွန်းရယ် . . .။ ဦးလေးထွန်း ဗိုက်သားတွေပြတ်နေတာကိုကြည့်ပြီး အတတ်ပြောနိုင်တာ . . .”

“ဘယ်နှယ့် . . . ဘယ်နှယ့် မောင်ရင့် . . .”

“ကလေးမွေးဖူးတဲ့သူဟာ ဗိုက်သားပြတ်တယ်လေ . . .”

“ဟာ . . . မောင်ရင်ကလည်း ဦးလေးထွန်းက မိန်းမမှ ယုတ်တာ . . .”

“ယောကျာ်းလည်း အတူတူပဲပေါ့ ဦးလေးထွန်းရဲ့ . . .”

ဦးလေးထွန်း သွားပေါ်အောင်ပြုံးမိသည်။

“မောင်ရင်လည်း ပညာရှိပဲ . . .”

“သေရင်တော့ အကုန်ပုပ်တာပါပဲ . . .။ ဟား . . . ဟား . . . ား”

ဟံသာက ဟက်ဟက်ပက်ပက် ရယ်မောသည်။ ဦးလေးထွန်းပါ ိုက်၍ရယ်သည်။

“ဒါနဲ့ဆက်ပါဦး . . . ဦးလေးရဲ့ဘဝ . . .”

ဦးလေးထွန်း သက်ပြင်းတစ်ချက်ကို မသိမသာ တွန်းချလိုက်၏။ ်းကနဲ သက်ပြင်းသံထွက်လာသည်။

ပြီးမှ -

"ဦးလေးထွန်းဟာ ဂီတပညာကို ဆည်းပူးနေတုန်း ငွေရှင်ကြေးရှင် မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ကျဖူးတယ်ကွ . . ."

"ဟုတ်ကဲ့ပြောပါ ဦးလေးထွန်း . . ."

"တိုတိုပဲပြောရရင်ကွယ် . . . သူတို့မိဘတွေက ဂီတသမားကို လုံးဝသဘောမတူဘူး . .။ သူ့သမီးကိုနားချပြီး ခွဲတယ်ဆိုပါတော့ကွာ . .။ ဒါနဲ့ . . ကွဲသွားတယ်ဆိုပါတော့ကွယ်။ တကယ်တော့ အိမ်ထောင်ရေးဟာ အနုပညာသိပ်ဆန်တယ်ကွယ် . . .။ သိမ်မွေ့တယ် . . "

"ဘာပဲဖြစ်ဖြစ် . . . မယားပစ်တာက . . . မယားပစ်တာပဲလို့သာ ပြောလိုက်ပါ ဦးလေးထွန်းရာ . . ."

ဦးလေးထွန်းသည် အမြည်းခွက်ထဲမှ အမဲကြော်တစ်တုံးကို သဲကြီးမဲကြီးဝါးနေရင်း ဆက်၍ပြောသည်။

"တကယ်တော့ ဦးလေးကို သက်သက်မဲ့ အထင်သေး၊ အမြင်သေးတာပါကွာ။ ဦးလေးထွန်းရဲ့ ဂီတအနုပညာဟာ တောက်မဲ့မီးခဲတရဲရဲဆိုသလိုပါပဲ မောင်ရင်ရ . . ."

"ဒါပေမယ့် ဦးလေးထွန်းရယ် . . . တောက်မဲ့မီးခဲ တရဲရဲဟာ ဘယ်တော့မှ မတောက်ဘဲ၊ တစ်သက်လုံး တရဲရဲဖြစ်နေရင်ကောဗျာ . ."

"ခွီး . ."

ဦးလေးထွန်း တံတွေးသီးအောင် ရယ်မိသည်။ လည်ပင်းကို လက်ဖြင့်ဖိထားရင်းက -

"မောင်ရင်လည်း အတော် ပြောတတ်တာပဲနော် . . .၊ ကဲပါကွာ . . ကြုံတုန်း မောင်ရင်နဲ့ကျုပ် သံပြိုင်သီချင်း တစ်ပုဒ်လောက် ဟစ်ရအောင် . . ."

နှစ်ဦးစလုံး အရက်ရှိန်လေးရလာလေသည်။

ထို့ကြောင့် သဘောတူ ခေါင်းညိမ့်ပြီး သီချင်းရွေးကြသည်။ ခေတ်ဟောင်းသီချင်းတစ်ပုဒ်ကို ကျေကျေနပ်နပ်ရွေးချယ်လိုက်ကြသည်။

"ကဲ ... ဦးလေးထွန်းက တယောနဲ့ ဆိုတီး, တီးမယ်။ မောင်ရင်က ကျယ်ကျယ်ဆို ..."

"ဒါဖြင့် စမယ်လေ ..။ ကဲ ... တစ် .. နှစ် ... သုံး .."

"လိမ်တယ် .. ညာတယ် .. လူညာကြီးရယ် .. ယုံအောင်ဖြီးတတ်တယ် ... ပျိုပျိုမေကို ချစ်ရက်သားနဲ့ ယုံအောင်ဖြီးတတ်တယ်" ဒါက တစ်ကြော့ ..."

"ဟော့ .. လိမ်တယ် ... ညာတယ် ... လူညာကြီးရယ် .. ယုံအောင်ဖြီးတတ်တယ် .. ပျိုပျိုမေကို ချစ်ရက်သားနဲ့ ယုံအောင်ဖြီးတတ်တယ်" ဒုတိယသီချင်းတစ်ကြော့ ...။

"ဟော့ ... လိမ်တယ် .. ညာတယ် .. လူညာကြီးရယ် .."

သီချင်းသံက ပို၍ မြိုင်ဆိုင်လာသည်။

သို့သော် ရှေ့မဆက်။

ပထမသီချင်းအပိုဒ်မှာပင် ထပ်ကာထပ်ကာ ဟစ်နေသဖြင့် ဦးသက်ခိုင် ထောင်းကနဲ ဒေါသထွက်သွားသည်။

လေသာဆောင်တွင် ကုလားထိုင်တစ်လုံးဖြင့် ဇိမ်ကျနေစဉ် အသံပြကြီးများဖြင့် အော်ဟစ်နေသံကြားရသောကြောင့်ပင် ဖြစ်၏။ နားထဲတွင် ခြင်အကောင်တစ်ရာဝင်နေသလို ခံစားရသည်။ နားကလော လှသည်။

သူ့ကိုများ စောင်းမြောင်းဆိုနေကြသလား ဟု ထင်လိုက်မိသည်။ လိမ်တယ်၊ ညာတယ်၊ လူညာကြီးရယ်တဲ့ ...။

ဒီအကြောင်းတွေကို အတွင်းသိ ဆို၍ ဦးလေးထွန်းပဲရှိသည်။

ဦးလေးထွန်းမှ ဦးလေးထွန်း အစစ် ...။

"မိထူး . . . လာစမ်း . . . "

ဟူ၍ မိထူးဟူသောအမည်ကို ခပ်တိုးတိုး ခေါ်လိုက်သည်။

"ဘာလဲ . . . ဖေဖေကြီး . . . "

မိထူးသည် အောင်ဆွေ၏ အရိပ်အယောင်ကို ကြည့်သည်။ မည်သူမျှ မမြင်ရမှ -

"ပြောလေ ဖေဖေကြီး . . . "

"နင်ကြားတယ် မဟုတ်လား မိထူး . . .၊ သွားပြောစမ်း . . အခုဆိုနေတဲ့သီချင်း မဆိုနဲ့လို့ . . . "

မိထူး ခပ်သုတ်သုတ် အောက်ဆင်းသွားသည်။

"ဟော့ လိမ်တယ် . . . ညာတယ် . . . လူညာကြီးရယ် . . . ယုံအောင် ဖြီးတတ်တယ် . . . ယုံအောင်ဖြီး . . . ဖြီး . . "

ခါးထောက်၍ မျက်ထောင့်နီနီကြီးဖြင့် (ညမှောင်နေ၍ မျက်ထောင့်နီနီကြီးကို မမြင်ရ၊ ထင်မြင်ချက်ပင်)ကြည့်နေသည်ကို မြင်မှ သံပြိုင်သီချင်းသံ တုံ့ကနဲရပ်သွား၏။ မီးတောက်ကို ရေနှင့်ဖြန်းလိုက်သကဲ့သို့ "ရှဲ"ကနဲပင် မြည်သံမကြား။

"ဟင်း . . . မိထူး" နှုတ်ခမ်းတွင် ထွက်ခါနီးမှ ဦးလေးထွန်းက မျက်နှာချိုသွေး၍ -

"ဩော် . . မမလေး . . သီချင်းလာပြီး နားထောင်တာလား . . ဒီနားကိုကြွပါ . . . "

မိထူးက ခါးထောက်၍ -

"ကျွန်မ အာပြဲသီချင်းသံတွေကို နားထောင်ဖို့လာတာမဟုတ်ဘူး၊ ဖေဖေပြောခိုင်းလို့လာပြောတာ . . . ဒီသီချင်းမဆိုပါနဲ့တဲ့ . . . "

"ဩော် . . . သူဌေးက ဘယ်သီချင်းကို ကြိုက်လို့လဲ. . ပြောလေ. . ပွဲတောင်းရင်တော့ထပ်ပြီး ဆိုပေးရမှာပေါ့ . . . အချင်း

ချင်းတွေပဲဟာ"

ဟံသာက ကြားမှဝင်၍ပြောသည်။

"ဒါဆို ကျွန်မ ပြန်မေးဦးမယ် . . ."

မိထူး ကြောင်စီစီ လှည့်ထွက်မည်ပြုပြီးမှ -

"အို . . ဘယ်သီချင်းမှ မကြိုက်ဘူး . .။ ဦးလေးထွန်းကိုလည်း မှာလိုက်တာ ပြုတ်တာကြိုက်သလားတဲ့ . . ."

ဟံသာက ချက်ချင်းပင် လက်ကာသည်။

"ဦးလေးထွန်းရော . . ကျွန်တော်ရော အပြုတ်မကြိုက်ဘူးဗျ . . အကြော်ပဲ ကြိုက်တယ် . . .။ အမဲကြော်လေးဆိုရင် ပိုကြိုက်တယ်လို့ ပြောလိုက်ပါ . ."

မိထူး နှုတ်ခမ်းကို ဖိ၍ကိုက်ထားရင်း ဟံသာကို စားမတတ်၊ ဝါးမတတ်ကြည့်နေသည်။

ပြီးမှ -

"ဘာသံမှ မကြားချင်ဘူး . . ဒါပဲ . . ."

ဟု အမိန့်သံပါပါဖြင့်ပြောပြီး ချာကနဲထွက်သွားလေတော့သည်။

❁❖❁

# အခန်း (၂၄)

"ကိုဟံသာ ဖုန်းလာတယ်"

မိထူးက အိမ်ထဲမှ ယူလာသော ညြေ ဖုန်းကို အောင်ဆွေ့လက်ထဲထည့်ပေးလိုက်၏။

အောင်ဆွေသည် နံနက်စောစော လေ့ကျင့်ခန်းလုပ်နေရာမှ ရပ်၍ ဖုန်းကိုယူလိုက်သည်။

မိထူးပြန်လှည့်ထွက်သွားမှ "ဟလို" ဟု ရဲရဲပြန်ထူးဝံ့၏။

တစ်ဖက်မှ -

"ဟလို . . . သားလားကွ . . ."

ဟု မေးလျှင် အောင်ဆွေ ကျောစိမ့်သွားသည်။ သူ့ကြောင့် အိမ်က အမေပါ အဆစ်ပါလာသည်။

"ဟုတ်ကဲ့အဘ . . ."

ဟု ယောင်၍ထွက်သွားသည်။

အောင်ဆွေသည် သူ့ဖခင်ကို "အဘ" ဟု အမည်သညာတပ်ခေါ်နေကျ။

"ဘယ်လို . . သား . . ဖေဖေ့ကို အဘ ဟုတ်လား . ."

"အဲ . . . အဲ . . . ယောင်သွားလို့ ဖေဖေ . .။ ဒီမှာရှိတဲ့

ကားဒရိုင်ဘာအဘကို အဘ၊ အဘလို့ ခေါ်နေတာ .. နှုတ်ကျိုးနေလို့ပါ ဖေဖေ ...”

တစ်ဖက်မှ ဖုန်းပြောသံ ခေတ္တရပ်သွားသည်။

“ငါ့သားအသံတွေ ပြောင်းနေတယ် ...။ ဘာဖြစ်လို့လဲ ..”

ရုတ်တရက်မို့ အောင်ဆွေ နားရွက် ဓာတ်လိုက်သကဲ့သို့ ပူသွားသည်။

“ဟို ... ဟို ဖုန်းပြောတာ မိုင်တစ်ရာကျော်လောက် ဝေးနေလို့ထင်တယ် .. အဲ အဲ ... မဟုတ်ပါဘူး ... အအေးပတ်ပြီး အသံဝင်နေလို့ပါဖေဖေ”

ဟု ကမန်းကတမ်းပြန်၍ ပြောလိုက်ရ၏။

“ဒါနဲ့ သားတို့အခြေအနေ ဘယ်လိုရှိကြသလဲ ..။ ဖေဖေ သိချင်တယ် ...။ ဖေဖေ့ကဏ္ဍရောက်လာရင်တော့ မှာလိုက်နော် ..။ ဖေဖေ ချက်ချင်း ရန်ကုန်ကိုထွက်ခဲ့မယ် ...”

ဦးလှခေါင် ရန်ကုန်လာမည် ဆိုသောကြောင့် အောင်ဆွေ စိတ်ပူသွားသည်။ သွေးခုန်နှုန်းမြင့်လာသည်။

“လောလောဆယ်တော့ ဖီးလ်မဝင်သေးဘူး ဖေဖေ။ ကောင်မလေးက အရပ်ပုတာမှ မြေကြီးပေါ်မှာ တစ်ထွာပဲရှိတယ် ..”

ရေခဲတုံးငုံထားသည့်အသံဖြင့် ပြန်ပြောလိုက်သည်။

“အရပ်ဘယ်လောက်ပဲ ပုပု ကိစ္စမရှိဘူးသားရဲ့ ..။ သူ့အတိုင်းအတာနဲ့သူတော့ ရှိကြတာပါပဲ ...”

“ဖေဖေ ဘာကိုဆိုလိုတာလဲ ဖေဖေ ...”

“ဩော် ... ဟဲ .. ဟဲ ..။ မိန်းမဆိုတာ အရပ်ပုရင်လည်း ပုသလို ချစ်စရာတော့ကောင်းသားပဲ လို့ ဖေဖေ ပြောတာပါ ..”

“ခက်တာက သူနဲ့ ကျွန်တော်နဲ့ ညားရင် ... ကုလားအုတ်

တစ်ဖက်၊ ဆိတ်တစ်ဖက် ဖြစ်နေမယ် ဖေဖေ ...”

တစ်ဖက်မှ ရယ်သံထွက်လာသည်။

“ဆင်တစ်ဖက် မြင်းတစ်ဖက်ပဲ ကြားဖူးပါတယ် သားရယ် ..။ ကုလားအုတ်တစ်ဖက်. . ဆိတ်တစ်ဖက်ဆိုတာ မကြားဖူးပါဘူးကွယ်. .”

“သက်ငယ်စကား သက်ကြီးကြား ဆိုပါတော့ ဖေဖေ. . .”

“ထားပါတော့ကွယ်. . .။ အဲ. . . ဒါပေမယ့် ငါ့သားအရပ်ကလည်း မရှည်လှပါဘူးကွယ်. . .”

အောင်ဆွေ သူ၏မှားကွက်တစ်ကွက်ဖြစ်သွားပြန်သည်။ မိမိအရပ်ရှည်ခြင်းကို လွှတ်ကနဲပြောထွက်သွားသည်။

မှားကွက်ကို ဖာထေးဖို့ လည်ချောင်းကိုရှင်း၍ -

“အဟမ်း . . အဟမ်း . . ဒီလိုပါဖေဖေ . . လူတွေဟာ နေရာဒေသ . . . ရာသီဥတုအလိုက် ကိုယ်ခန္ဓာပြောင်းလဲတတ်ကြပါတယ် ဖေဖေ . .”

တစ်ဖက်မှ အသံတိတ်၍ နားထောင်နေသည်၊ အောင်ဆွေက ဆက်၍ပြီးပြန်သည်။

“ထူးခြားလာတာကတော့ . .”

“ဘယ်လို ထူးခြားလာတာလဲ သားရဲ့ . .”

“အရင်တလောတုန်းက အင်္ဂါဂြိုလ် ကမ္ဘာနဲ့နီးလာတဲ့အချိန်တုန်းကပေါ့ . .”

“ဟုတ်တယ် . . ဟုတ်တယ် . .။ ဖေဖေ သတင်းစာထဲမှာ ဖတ်လိုက်ရတယ် . . . .”

“အဲဒီအင်္ဂါဂြိုလ်လည်း ကမ္ဘာနဲ့နီးလာရော . . ကျွန်တော်လည်း အရပ်ရှည်ထွက်လာတော့တာပဲ ဖေဖေ . .”

အောင်ဆွေသည် မမြင်ရသော်လည်း ဦးလှခေါင်ဆိုသော

အဘိုးကြီး တစ်ယောက် မျက်လုံးထဲသို့ ဖားပြုပ်သေးပန်းခံရသကဲ့သို့ ပေကလပ်၊ ပေကလပ်ဖြစ်နေမှာမလွဲပင်။

"ဘယ်လိုကွယ် . . . ဘယ်လိုသားရဲ့ . . . . "

"အဲ . . . အဲ . . . ဒီလိုပါ ဖေဖေ . . . အင်္ဂါဂြိုဟ်ရဲ့ဆွဲငင် ာတ်ကြောင့်ပါ . .။ အင်္ဂါဂြိုဟ်ရဲ့ ဆွဲငင်ဓာတ်ဟာ သောကြာနဲ့ဂြိုဟ်ခွင် ံပြီး. . သောကြာသားတွေ အရပ်ရှည်သွားပါတယ် ဖေဖေ . . . "

"ဟော . . ထူးဆန်းလှချည်လား . .။ ဒါပေမယ့် . . ဖေဖေတို့ အိမ်ရှေ့က မောင်ဟန်မြင့်တစ်ယောက်ကတော့ အရင်ကအရပ်အတိုင်း ပုလေးပဲကွ . . "

"ဒါက ဒီလိုပါဖေဖေ . .။ မွေးလ၊ မွေးရက်၊ မွေးနေ့ ဂြိုဟ်ခွင်နဲ့ ာည့်တည့်ကျမှပါ . . "

အောင်ဆွေက ရမ်းသန်းမှန်းသန်း ဇွတ်ပြောချလိုက်သည်။ ာစ်ဖက်မှ ဘာတုံ့ပြန်မလဲ ဟူ၍ ရင်တထိတ်ထိတ်။

"အေး . . ဟုတ်တာပေါ့ . . အဲဒီအချိန်က ငါ့သား ၂၆ နှစ် ရှိည့်တဲ့လပဲကွ . . . "

အောင်ဆွေ ရမ်းတုပ်၊ မှန်းတုပ် ဖြောင့်သွားသည်။ ရှေ့ဆက်၍ ကားပြောနေလျှင် ပို၍အခက်အခဲတွေ့မည်စိုးသောကြောင့် စကား ပြတ်ဖို့ တွေးနေသည်။

"ဒါနဲ့ဖေဖေရော . . နေကောင်းလား ဖေဖေ . . ပွဲရုံလုပ်ငန်း တွေကော အဆင်ပြေရဲ့လား . . "

ဟု စကားလမ်းကြောင်း လွှဲလိုက်၏။

"သွေးရင်းသားရင်း လူယုံရှိတော့ အဆင်ပြေပါတယ် သား။ ဖေ့ကျန်းမာရေးကလည်း သိပ်ကောင်း . .။ ဆင်နင်းတာတောင် ါင်းပြားရုံရှိမယ်။ မသေနိုင်သေးဘူးကွ . . ဟဲ . . ဟဲ . . "

"ဟာ .. ဖေဖေကလည်း ခေါင်းပြားတော့မှ သေပြီပေါ့ .."

"ခေါင်းပြားတိုင်း မသေဘူးသားရဲ့။ မြွေဟောက်မတွေဆိုရင် ခေါင်းပြားပြီးမှ လူကို ပေါက်သတ်တာကွ။ ကဲ .. ထားပါသားရယ် .. ဖေဖေက သားအခေါ်ကိုပဲ စောင့်နေတာနော် .."

"ဟုတ်ကဲ့ ဖေဖေ .. ဒါပဲနော် .. ဘိုင့်ဘိုင် .."

ဦးလှခေါင် တွေသွားသည်။ သားဖြစ်သူဖဲ့သာသည် ဘယ်တုန်းကမှ "ဘိုင့် ဘိုင်" ဟု မပြော ..။

ဪ .. ရောမကို ရောက်တော့လည်း ရောမလိုကျင့်ရမည် ဆိုသော စကားရှိသည်။

ရန်ကုန်ကို ရောက်တော့လည်း ရန်ကုန်လို ကျင့်ကြံနေထိုင်တတ်တဲ့ သားပေါ့။

❁❖❁

# အခန်း (၂၅)

ဦးသက်ခိုင်သည် ဂေါ့ဖ်ရိုက်လျှင် အမြဲတမ်းဝတ်ဆင်တတ်သည့် အားကစားဝတ်စုံအဝါကို ဝတ်ဆင်လိုက်ပြီးနောက် ရှာထိုးဦးထုပ် ဆောင်းလိုက်သည်။

"မောင်ဟံသာရေ . . . ဒီနေ့ အန်ကယ်နဲ့ ပဲခူးဘက်ကို လိုက်ခဲ့ ယ် . . ."

ဝတ်စုံကို သပ်သပ်ယပ်ယပ် ပြင်ဆင်လိုက်ရင်းပြောသည်။

"ဟာ .. အန်ကယ်က ဘယ်ဘောလုံးအသင်းနဲ့ ကစားဖို့ န်းထားလို့လဲ . . ."

ဦးသက်ခိုင်က ထုံနတဲ့သမက်ပဲ ဟု ကြောင်စိစိပြန်ကြည့်သည်။ ါ့ဖ် ဝတ်စုံမှန်း မသိ။ ဘောလုံးဝတ်စုံမှန်းမသိတဲ့ သမက်ငကြောင်။

"ဂေါ့ဖ်ရိုက်ဖို့ကွ။ ပဲခူးမှာ အန်ကယ်ခြံဝယ်ထားတာရှိတယ်။ ို့မိသားစုအားလုံးပါ လိုက်မယ်။ ပျော်ပွဲစားသဘောမျိုးပေါ့ . .။ င်းတပည့်ကိုလည်း ခေါ်လာခဲ့လေ . ."

"ဩော် .. ဒီလိုလား .. ဒီလိုဆိုရင်တော့ ကောင်းတာပေါ့ န်ကယ် . .။ ကောင်းတာပေါ့ . .။ ဒါပေမယ့် ကျွန်တော်ကြားဖူးတာ တယ်။ ဂေါ့ဖ်ရိုက်တာဟာ တစ်ကိုယ်ကောင်း အားကစားတဲ့

အန်ကယ်ရဲ့။ နိုင်ငံ့ခေါင်းဆောင်တစ်ယောက်က ပြောဖူးတယ်တဲ့ . . "

"ဘယ်သူ ပြောတာလဲကွ"

ဟု ဦးသက်ခိုင်က မျက်မှောင်ကြုတ်၍ မေးခွန်းထုတ်လိုက်ပါသည်။

အောင်ဆွေ အကြပ်ရိုက်သွားသည်။

"ဟို . . . ဟို . . ခေါင်းဆောင်ကြီးတဲ့ . . "

"ဘယ်သူလဲ မောင်ဟံသာရဲ့ . . "

"အနော်ရထာမင်းကြီး . . "

"မဟုတ်သေးဘူး ထင်တယ် . . "

"ဒါဖြင့် . . ကျန်စစ်သား . . "

ဦးသက်ခိုင်က ရယ်၍သာနေသဖြင့် အောင်ဆွေသည် ပြောမိပြောရာ စွတ်၍ပြောပြန်သည်။

"မ . . မဟုတ်ဘူး . . အန်ကယ် . . ။ အလောင်းဘုရား . . " အဲ . . အဲ . . ဘိုးတော်ဘုရား . . ။ အဲ . . မဟုတ်ပါဘူး . . ဖောင်ကားစားမောင်မောင် . . "

ဦးသက်ခိုင်က အရယ်ရပ်၍ မျက်နှာကို တည်လိုက်သည်။

"အန်ကယ်လည်း ကြားဖူးပါတယ်။ ဒါပေမယ့် မြန်မာဘုရင် ခေါင်းဆောင်တွေတော့ မဟုတ်ဘူး။ ကမ္ဘာ့နိုင်ငံကြီးတစ်နိုင်ငံက ကွန်မြူနစ်ခေါင်းဆောင်တစ်ဦးပဲထင်တယ် . . "

"ဟင် . . ဟုတ်လား . . အန်ကယ် . . "

"ကွန်မြူနစ်ဆိုတာ ဇိမ်ခံတဲ့လူတန်းစားတွေကို မုန်းတာကိုး မောင်ဟံသာရဲ့။ တကယ်တော့ ဂေါ့ဖ်ရိုက်တယ်ဆိုတာ . . တစ်ကိုယ်ရည် ကျန်းမာရေးအတွက် ကောင်းတယ်။ အသက်ကြီးသူတွေနဲ့လိုက်ဖက်တဲ့ အားကစားတစ်မျိုးပါပဲ . . ။ မောင်ဟံသာ ဂေါ့ဖ်ရိုက်တတ်တယ်

ဖဟုတ်လား . . ”

“ဗျာ . . ကျွန်တော် ကျေးသားပဲရိုက်တတ်တယ် . . ။ ငယ်ငယ်တုန်းကရိုက်ခဲ့တာဆိုတော့ ခပ်မေ့မေ့တောင်ဖြစ်နေပြီ . . ”

ဦးသက်ခိုင် စိတ်ပျက်စွာ ခေါင်းယမ်းလိုက်မိသည်။

“ဒါဆို . . အန်ကယ်တစ်ယောက်တည်းပဲ ငေ့လေ့ကျင့်ရတော့ မှာပေါ့ . . ”

ဟု ခပ်လေးလေးပြောလိုက်လေသည်။

“အန်ကယ် . . ”

“ပြော . . မောင်ဟံသာ . . ”

“အန်ကယ် . . ဂေါ့ဖ်ရိုက်မယ့်အစား နှာခေါင်းနဲ့ကျင်းထဲကို တွန်းပြီးသွင်းမယ်ဆိုရင် . . ဂင်းနက်စ်စံချိန်စာအုပ်စာရင်းဝင်သွားမှာ အန်ကယ်ရဲ့ . . ”

“ဘယ် . . ဘယ်လို မောင်ဟံသာ . . ”

ဦးသက်ခိုင် မျက်လုံးပြူး၍မေးလိုက်သည်။

“တလောက သတင်းတစ်ပုဒ်ဖတ်လိုက်ရလို့ပါ အန်ကယ် . . နယူးယောက်မြို့က အက်ရှ်ရီတာဖားမင်းဆိုတဲ့သူဟာ တစ်မိုင်ဝေးတဲ့ နေရာအရောက် သံပုရာသီးကို နှာခေါင်းနဲ့တွန်းတာ ၂၄ မိနစ် ၃၆ စက္ကန့် ချိုးနိုင်တယ်တဲ့ . . ”

“ဟား . . ဟား . . ဟား . . မောင်ဟံသာ အတော်စကား ပြောတတ်တာပဲ”ဟု ခွက်ထိုးခွက်လန်ရယ်သည်။ ဦးသက်ခိုင် ရယ်မော လျှင် ဆင်ကောင်ကြီး ယိမ်းထိုးသကဲ့သို့ ခါယမ်းနေလေသည်။

“ကဲ . . မောင်ဟံသာရေ . . မင်းလဲ ပြင်ဆင်စရာရှိတာ ပြင်ဆင်ပေတော့ . . မင်းတပည့်ကိုလည်း သွားခေါ် . . ။ ကားမောင်းဖို့ ဦးလေးထွန်းကိုပါ ပြင်ဆင်ထားခိုင်း . . သိလား . . ”

အောင်ဆွေက "ဟုတ်ကဲ့ အန်ကယ်"ဟု ပြောပြီး ဟံသာနှင့် ဦးလေးထွန်းတို့ရှိရာ ကားဂိုဒေါင်ဆီသို့ သုတ်ချေတင်ထွက်ခဲ့လေတော့သည်။

# အခန်း (၂၆)

ဦးသက်ခိုင်သည် မြန်မာဂေါ်ဖ်သီးချန်ပီယံမြအေး၏ ဟန်ဖြင့် ဂေါ်ဖ်ရိုက်ချက်ပြင်းလှသည်။ သို့သော် ဂေါ်ဖ်ကွင်းတစ်ခြား၊ ဂေါ်ဖ်သီး တစ်ခြား . . ။

ဟံသာသည် ဂေါ်ဖ်အိတ်ကြီးလွယ်၍ နောက်မှ တကောက် ကောက် . . ။

အောင်ဆွေက ထီးမိုးပေးသည်။

ဒေါ်ယဉ်ဝေ၊ ဖြူစင်လဲ့နှင့် မိထူးတို့က တလွဲတချော် ဂေါ်ဖ် ရိုက်နေသော ဦးသက်ခိုင်ကို တခဲနက်အားပေးလျက်ရှိသည်။ သူတို့သည် အသင့်ယူလာသော ဆက်တီခုံများပေါ်တွင် စားစရာ သောက်စရာ များနှင့် စုံလင်စွာ . . . . ။

ဦးသက်ခိုင် လက်ညောင်းသွားသောအခါ အောင်ဆွေ့ကို ဂေါ်ဖ်တံလှမ်းပေးသည်။

"မောင်ဟံသာ . . အန်ကယ်ရဲ့ အောင်မြင်တဲ့ရိုက်ချက်မျိုး အောင် ရိုက်ကြည့်စမ်းပါ . . "

ကမ္ဘာ့ချန်ပီယံဂိုက်ဖမ်း၍ ပြောလိုက်သည်။

"ရပါတယ် . . အန်ကယ် . . "

အောင်ဆွေက ဂေါ်ဖ်တံကို လှမ်းယူသည်။ ဂေါ်ဖ်သီးကို နွားချေး ပုံပေါ်တင်ပြီး -

"ဒါက နွားချေးလူး ရိုက်ချက်ကွ"

"ထွီ . . ထွီ . ."

ဂေါ်ဖ်တံက တစ်ပတ်နွှမ်း နွားချေးပုံကိုရိုက်မိသဖြင့် နွားချေးများ အခဲလိုက် ဦးသက်ခိုင် မျက်နှာနှင့်နွတ်ခမ်းဝသို့ စင်ကုန်သည်။

"ဟာ . . . အန်ကယ် . . ဆောရီး . . ဆောရီး အန်ကယ် အောင်မြင်တဲ့ ရိုက်ချက်ဟန်ကို အတုယူပြီး ရိုက်လိုက်လို့ အခုလို ဖြစ်သွားတာပါ . ."

ဦးသက်ခိုင် မဲ့ပြုံးပြုံး၍ အောင်ဆွေကို ဆက်ရိုက်ရန်လက် သည်။

"သမက်လောင်းမို့ ခွင့်လွှတ်ပါတယ် . . ."

ဟူသော အဓိပ္ပာယ်သည် မျက်နှာပေါ်တွင် ပေါ်လွင်နေသည် အောင်ဆွေသည် ဂေါ်ဖ်တံကို နောက်တစ်ချက်လွှဲလိုက်ပြီး -

"ဒါက . . . ဂန္တီရရိုက်ချက် . . ."

အခုအခါတွင် ဘာလုပ်လုပ် ဂန္တီရပါမှအရေးပါနေသဖြင့် ဂန္တီ စကားပါအောင် သုံးလိုက်ခြင်းဖြစ်သည်။

ရုပ်ရှင်ရိုက်တာလည်း ဂန္တီရရိုက်ချက်တဲ့ . . .။

မုဆိုးဆိုရင်လည်း ရိုးရိုးမုဆိုးမဟုတ်၊ ဂန္တီရမုဆိုး . . .။

ပြီး , ဂန္တီရ တံငါ . .။

ဂန္တီရ လယ်သမား . .။

ဂန္တီရ ဆိုက္ကားသမား . .။ ဒါမှ လူစီးမည်။

တောရိုင်းဆင်၊ တောရိုင်းမြွေ ဆိုတာလည်း -

ဂန္တီရဆင် . . .။

ဂန္ဓီရမြေ . . .။

တလောကလုံး ဂန္ဓီရချည်း . . .။

ဆိုရသော် . . .။

အောင်ဆွေသည် ဂန္ဓီရရိုက်ချက်သည် ပရိယာယ်မပါ။ လက်ထဲမှ ဂေါ်ဖ်တံ လွတ်သွားခြင်းဖြစ်သည်။

နမော်နမဲ့လွတ်သွားခြင်းမျိုး . . .။

နမော်နမဲ့ ဂန္ဓီရ . .။

လွတ်သွားသော ဂေါ့ဖ်တံသည် အရှိန်ပြင်းသည်။

ဟယ်ရီကော်ပရာ၏ ပန်ကာဒလက်ကဲ့သို့ အရှိန်ပြင်းပြင်း လည်ပတ်ပြီး ဦးသက်ခိုင်ဆီသို့ တည့်တည့်မတ်မတ်ပြေးသွားသည်။

ဦးသက်ခိုင် ဒူးညွတ်၍ရှောင်လိုက်သော်လည်း ဂေါ့ဖ်တံသည် ဦးထုပ်ကို သယ်ဆောင်သွားလေသည်။

ဂေါ့ဖ်သီးကတော့ ဘယ်ရောက်သွားသည်မသိ။

ဦးသက်ခိုင်က အောင်ဆွေ့ကို ကျေကျေနပ်နပ်ကြီး ကြည့်၍ ချီးမွမ်းသည်။

"မောင်ဟဲ့သာရိုက်ချက် သိပ်ကောင်းတယ် . .။ လက်မမြဲတာလေးဘဲ ပြောစရာရှိတယ် . . "တဲ့ . .။

# အခန်း (၂၇)

မိထူး ဖျာယာခတ်၍ ဖြူစင်လှဲ့ထံ ရောက်လာသည်။

ဖြူစင်လှဲ့သည် သနပ်ခါးရည်ကျဲကျဲလူး၍ အလှပြင်၍နေသည်။ မှန်သားပေါ်တွင် အထင်းသားပေါ်နေသော သူ့မျက်နှာလေးသည် ဘယ်လိုပင် ပြုပြင်၊ ပြုပြင် လှ၍နေသည်။ ကျက်သရေ ရှိ၏။

"မမလေး .. မမလေး .."

မိထူးက ခေါ်ရင်း ဖြူစင်လှဲ့ နားသို့ရောက်လာသည်။

"ဘာလဲ မိထူး .."

လှည့်မကြည့်ဘဲ မေးလိုက်သည်။

"ဟိုလေ .. ရန်ကုန်မြို့လယ်မှာ ဘယ်ဆိုင်က မုန့်ဟင်းခါး ဖတ်ကောင်းသလဲဟင် .."

ဖြူစင်လှဲ့ က နားမလည်သည့် အကြည့်ဖြင့် မိထူးကို ဖြတ်ကနဲ ကြည့်သည်။

"ဘာလုပ်မလို့လဲ .. တို့ အလှူလုပ်ရင် ဝယ်နေကျ ၂၆ လမ်းက ဒေါ်ငါးမလေးမုန့်ဖတ်ဆိုင်ပေါ့ .."

"အနီးဆုံးဘုန်းကြီးကျောင်းကကော့ .. အိမ်တော်ရာပဲနော် .."

မိထူးက အရင်းမရှိ အဖျားမရှိ ပြောနေသည်။ ဖြူစင်လှဲ့သည်

မီထူးကို ကြည့်၍ အကဲခတ်နေသည်။ ဘာတွေဘာလိမ့် . . ။

မိယုး ဘာတွေလာပြောနေတာလဲ ဟူသော အကြည့် . . ။

"ဟိုလေ . . . ကြောင်သူတော် အရှည်ကြီးနဲ့ ပါလာတဲ့ ကြောင်ဖြူတော် ငနဲတော့ ဖျားနေပြီ . . . "

"ဟင်"

ဖြူစင်လဲ့ တုန်လှုပ်ချောက်ချားသွားသည်။ ရင်ထဲက မထင်မှတ်ဘဲ နင့်ကနဲ ဖြစ်သွားသည်။ အားယူပြုံးလိုက်သော်လည်း ဟန်ဆောင်ပြုံးမှန်း သိသာသည်။

သူ ဘာကြောင့်ဖျားတာလဲ။

မနေ့က မနက်ပိုင်းက ဖြစ်မည်။

ဆောင်းနှောင်း၏နံနက်မို့ နှင်းကွြင်းများ အတုံးအခဲလိုက် ကျနေသည်။

ဆောင်းလေ အေးအေးတိုက်သည်။ နုနယ်သော်လည်း ဆောင်းလေသည် တအေးအေး တစိမ့်စိမ့် . . ။

သူနှင့်ဟံသာတို့ အိမ်ရှေ့ပန်းခြံထဲတွင် မြက်ပင်များရှင်းကြသည်။ ပန်းပင်များစိုက်ကြသည်။ ပန်းအိုးများ လဲလှယ်၍ ပြင်ဆင်ကြသည်။

ဘာမဟုတ်သည့်အလုပ်ဟု ပြောရသော်လည်း သူ့တစ်ကိုယ်လုံးတွင် ချွေးများနစ်နေသည်ကို တွေ့ရသည်။ ဆင်းရဲသားဖြစ်သော်လည်း နုလွန်းသည့်လက်ဖဝါး သွေးခြည်ဥသွားသည်။ လူ့ဘော်ကြော့များ ဖြစ်နေပြီလားဟု တွေးလိုက်မိသည်။

ခိုး၍ ကြည့်တတ်သောသူ့အကြည့်သည် "ခဏနားပါရစေ"ဟု တိုးလျှိုးတောင်းပန်သော အကြည့်မျိုးမဟုတ်။ လေးနက်သောအသွင်ကို ဆောင်ထားသည်။

နှလုံးသားတွင် တစုံတရာကို ဖုံးကွယ်ထားဟန်ရှိသည်။

တကယ်တော့ ဖြူစင်လဲ့သည်လည်း သူ့ကို လစ်ရင်လစ်သလို ခိုး၍ကြည့်တတ်သည်။

သူ့မျက်နှာသည် သွယ်သွယ်လျလျရှိသည်။ ခန္ဓာကိုယ်အချိုးအစား ညီညွတ်သည်။

အကြမ်းဝတ် ထူထူထည်ထည် အဝတ်အစားဝတ်ထားလျှင် သူ့ခန္ဓာကိုယ်က ပို၍တောင့်တင်းခိုင်မာပုံကို ပြသနေသည်။

"ငါ့ကြောင့် ငါ့ကြောင့်" ဖြူစင်လဲ့ရင်ထဲတွင် ဆို့နစ်လာသည်။ စိတ်မကောင်းဖြစ်၍လာသည်။

"ဒါဆို ဆရာဝန်ခေါ်ပြီးပြမှ ကောင်းမှာပေါ့ . . ."

မနေ့က ငါခိုင်းလိုက်လို့ အအေးမိပြီးဖျားတာဖြစ်မယ် . . ."

ဖြူစင်လဲ့ အလွန်စိတ်ပူသွားသည့်အတွက် မိထူးပြုံးလိုက်သည်။ ဖြူစင်လဲ့မြင်လျှင် ဆူမှာစိုးသဖြင့် မသိမသာတစ်ဖက်သို့ လှည့်ထားလိုက်၏။

"မမလေး, သိပ်ပြီးစိတ်ပူသွားတယ်ထင်တယ် . . ဟဲ . . ဟဲ. ."

မိထူးပြောလိုက်မှ ဖြူစင်လဲ့သည် လှုပ်ရှားနေသည့်အမူအရာကို ချက်ချင်းပင်ထိန်းလိုက်၏။

"အို . . ကိုယ့်ညီသည်တွေပဲ . . ဒီအတိုင်းလက်ပိုက်ကြည့်နေလို့ မစာနာရာကျမှာပေါ့. . . ."

"အေးလေ . . စာနာရမှာပေါ့။ သိတယ်နော် . . မမလေး. . ။ မမလေးအကြည့်တွေက မရိုးဘူးနော် . .။ မျက်လုံးထဲက ပုံရိပ်တွေဟာ နှလုံးသားမှာ လာထင်နေတယ်နော် . . "

"ညည်း . . ဘာတွေလာနှပြောနေတာလဲ . . "

ဖြူစင်လဲ့ ရှက်ရှက်ဖြင့် ပြန်ဟောက်လိုက်သည်။

"ညည်းသာ . . အဲဒီကိုဟံသာဆိုတဲ့ လူကြီးနဲ့ယူ . . . ။ ငါတော့

မယူနိုင်ဘူး။ ငါ မေမေကို ပြောလိုက်တော့မယ် . . ”

“မမလေးအတွက် လူရှည်ကြီးကိုတော့ ဂျောင်မထိုးလိုက်ပါနဲ့ မမလေးရယ် . . . ”

“စကားမရှည်နဲ့အေ . . ။ ငါ . . . သွားကြည့်လိုက်ဦးမယ် . . ”

ဖြူစင်လဲ့က ခြေလှမ်းပြင်နေစဉ် မိထူးက -

“ဂရုစိုက်ပါမမလေးရယ် . . ဒီအိမ်မှာ မင်္ဂလာပွဲမကျင်းပရဘဲ အသုဘအခမ်းအနားလုပ်နေရဦးမယ် . . ”

“တော်စမ်း . . . နမိတ်မရှိ နမာမရှိ . . . ”

မိထူးဇက်ပု၍ လျှာတစ်လစ်လုပ်ပြီး ကျန်ရစ်ခဲ့သည်။

ဖြူစင်လဲ့ ခြေလှမ်းတွေ သွက်သွက်လျှောက်၍ လာခဲ့လေသည်။ သူခိုးလူမိခြင်းခံရသဖြင့် ရင်ထဲတွင် တုန်ယင်နေသည်။

❁❖❁

# အခန်း (၂၈)

ညည်းသံကြီးကြောင့် ဖြူစင်လဲ့ ရင်ထဲမှ တဒိတ်ဒိတ်ခုန်သွားသည်။ ချက်ချင်းဆိုသလို စိုးရိမ်စိတ်ဝင်လာသည်။

ခြေလှမ်းကို ဆတ်ကနဲတုန့်လျက် နားထောင်မိသည်။ ဟုတ်ပါပြီ။ ကိုအောင်ဆွေ အသံမှ အသံပါလေ။ သူ့သိပ်ဖျားနေပြီထင်ပါရဲ့။

သူ ကားဂိုဒေါင်ထဲသို့အရောက်တွင် ညည်းသံက ပို၍ကျယ်လာသည်။

ဦးလေးထွန်းကိုကြည့်တော့ အပြင်ဘက်တွင် ရေနွေးအိုးတည်နေသည်ကို မြင်ရလေ၏။

"အမေ . . . အမေ . . . အမေ . ."

အမေကို တမ်းတမ်းတတခေါ်နေသံ။ အမေချစ်တဲ့သားဖြစ်မည်။

ကြိမ်ဖန်ပြီးကျေးဇူးတင်ရမည်ဆိုလျှင် ဖြူစင်လဲ့ကြောင့် သူအပြင်းဖျားပြီး မိခင်ကို သတိရလာခြင်းဖြစ်သည်။

သူသည် ဟံသာကို မြင်ရသည့်အခါ စောင်ခေါင်းမြီးခြုံလျက် တဆတ်ဆတ်တုန်နေသည်။

"အမေ . . . အမေ . ."

အဆက်မပြတ် ညည်းသံ။

"ကိုအောင်ဆွေ . . . ကိုအောင်ဆွေ . . ."

သူသည် ဟံသာအနားတွင် ခပ်ရွှံရွှံထိုင်ရင်းခေါ်သည်။

"အမေ . . . အမေ . ."

ဟံသာဆီမှ အမေသံမှလွဲ၍ အမေ့ မှ အမေ။

"ချမ်းတယ် အမေ . . . ချမ်းတယ် . . ."

ဖြူစင်လဲ့သည် အမေဟန်ဆောင်၍ သူ့ကို ပြုစုလျှင် အခွင့်ကောင်းဟုတွေးမိပြီး၊ ဟံသာကိုယ်ပေါ်သို့ လက်ဖြင့်ဖိလိုက်သည်။

"ချမ်းတယ် . . . အမေရယ် . . ကိုယ်နဲ့ဖိပေးပါ . . ဟင်း . . ဟင်း . . ဟင်း . ."

ဒီအချိန်တွင် သူသည် အပြင်းဖျားနေသူဖြစ်၍ ဘာမျှသိမည် မဟုတ်။

ဖြူစင်လဲ့သည် ဆက်၍စဉ်းစားမနေတော့ဘဲ သူ့ကိုယ်လုံးလေးဖြင့် အားဘီကြည့်ရင်း ဖိပေးလိုက်သည်။

"နာနာလေးဖိပါ အမေ . . . အားနဲ့ဖိပေးပါ"

သူ၏တောင်းဆိုချက်ကို ထပ်၍လိုက်လျောလိုက်ရပြန်သည်။

သို့သော် ယောကျာ်းသားတစ်ယောက်နှင့် ဤသို့တစ်ကြိမ်မျှ ထိတွေ့ဖူးခြင်းမရှိသဖြင့် ဖြူစင်လဲ့ နတ်ပူးသလို တုန်လာသည်။ တစ်ကိုယ်လုံး ပူလာသလို၊ ချမ်းလာသလို၊ ရင်ထဲကလည်း ဟာတာတာကြီး ဖြစ်လာသည်။ အမည်ဖော်၍မရ။

ရင်တွေ အဆက်မပြတ်ခုန်လာပြန်ပြီ။ သွေးလည်ပတ်မှုသည် ရေအလျဉ်ကဲ့သို့ မြန်ဆန်လာလေသည်။

ဘယ်လိုခံစားမှုမျိုးဆိုတာကိုတော့ သူကိုယ်တိုင်လည်းမသိ။

သူ . . . ခံစားမှုတစ်မျိုးတွင် နစ်မျောနေစဉ် ဟံသာ၏ ခင်းကြပ်သောဖက်တွယ်မှုကို ခံလိုက်ရလေသည်။

ရှုန်းထွက်ဖို့ကြိုးစားသည်။ မရပါ။

ထို့နောက် သူသည် ပွေ့ဖက်ခြင်း၏ပိုက်ကွန်ထဲတွင် ငြိဖွယ်သွားလေတော့သည်။

"မိထူး ... မိထူး ကို ကျွန်တော်သိပ်ချစ်တယ်"

"ဟော ... တော့ ..."

ဖြူစင်လဲ့ အကြီးအကျယ် တုန်လှုပ်သွား၏။

လူလည်ပေကိုး ..။

အစက သူ့အမေလိုလို၊ ဘာလိုလိုနှင့် ..။

အခုတော့ "မိထူး"ဟု သူ့နှုတ်ခမ်းဖျားမှ ဖွင့်ဟလေပြီ။

"ဟွန်း .. လူပါး .. မိထူးမှန်းသိရက်သားနဲ့ .."

သူ့တစ်ကိုယ်လုံးကို တွန်းပြီးပြောလိုက်သည်၊ သူ့ကိုယ်လုံးတွန်းပြီးကာမှ သနားသွားပြန်သည်။

သူ့တစ်ကိုယ်လုံး မီးတောက်ခဲတစ်တုံးကဲ့သို့ ပူနေသည်မဟုတ်ပါလား ..။

"မိထူး လာကတည်းက ကျွန်တော်သိတာပဲ၊ ဖျားတာနည်းနည်းလေးပါ။ မိထူးကို ချစ်လို့ .. အခုလို .."

သူ့စကားမဆုံးပါ။

"အို"

ဖြူစင်လဲ့ ပါးကလေးများ နီမြန်းသွားအောင် ရှက်မိသည်။

"စပြီးတွေ့တဲ့နေ့ကတည်းက ချစ်နေတာပါ မိထူးရယ် .ဂျင်ပုံချင်းပဲနော် .. မနာပါဘူး .."

ဂျင်ပုံချင်းတဲ့လား ..။

သူ့ကို အစစ်အမှန် အိမ်ဖော်မလေး မိထူးကဲ့သို့ပင် ထင်သည်ကား။

တကယ်တော့ ဖြူစင်လှသည် သတို့သား၏ကူဖော် (အိမ်စေ) တစ်ယောက်ကို ချစ်ဖို့ဆိုသည်မှာ မဟာစွန့်စားခန်းကြီးတစ်ခု ဖြစ်နေသကဲ့သို့၊ ဟံသာဘက်မှ ကြည့်မည်ဆိုလျှင်လည်း စွန့်စားမှုတစ်ရပ်ပင်။

ဘာပဲဖြစ်ဖြစ် ..။

အချစ်ဆိုသည်မှာ မိုက်မဲခြင်းပဲ ဆိုပါစေ ..။

ရူးသွပ်ခြင်းပဲဆိုပါစေ ..။

ထုံထိုင်းသော ဦးနှောက်တစ်လုံးနှင့် မျက်ကန်းမျက်လုံးနှစ်လုံးတော့ ရှိတာ အသေအချာပင်။

သူတို့နှစ်ဦး ချစ်သွားကြသည်ဆိုပါတော့ ..။

❁❖❁

# အခန်း (၂၉)

အချစ်၏ ဆာလောင်ခြင်း၊ မွတ်သိပ်ခြင်း၊ ယုယခြင်း၊ မြတ်နိုးခြင်း ဇိုကာတွေကို ဟံသာက ဦးလေးထွန်းအား ဖွင့်ပြောလိုက်သည်။

"ကဲ . . . မင်းတို့ဘာလုပ်ကြမလဲ"

ဟူသော မေးခွန်းအား ဦးလေးထွန်းက သူ့ဘဝကိုပါ ပုံအပ်သလို မေးလိုက်သည်။

"ခိုးပြေးမယ်ဗျာ . . ."

ဟံသာက တိုတိုတုတ်တုတ်ဖြေသည်။

"ဟုတ်ပြီ . . . ခိုးပြေးတဲ့နေ့ . . ငါ့ကိုလည်း မျက်စပစ်ပြပြီး ပြောပေါ့ မောင်ရင် . ."

"ဘာဖြစ်လို့လဲ . . ဦးလေးထွန်း။ လိုက်ပို့ပေးမလို့လား . ."

"မဟုတ်ပါဘူး . . ဦးလေးထွန်းလည်း အဲဒီနေ့မှာ အလုပ်ပြုတ်မှာပဲ။ ကိစ္စမရှိပါဘူး။ မောင်ရင့်အလုပ် မောင်ရင်လုပ်ပါ။ ဦးလေးထွန်း အလုပ် ဦးလေးထွန်းလုပ်ပါ့မယ်။ ကဲ . . . ဦးလေးထွန်း အသင့်သွားလို့ ရအောင် အိမ်ယာလိပ် လိတ်ထားဦးမယ် . . . ."

ဟံသာ နားမလည်သလို ကြောင်တောင်တောင်ကြည့်၏။

"တစ်ဝတ္ထုပဲ ဦးလေးထွန်းရယ် . . ဆ[illegible]းအနေနဲ့ ဘာနာစရာ

ရှိလို့လဲ . . ”

ဦးလေးထွန်း သက်ပြင်းချ၏။

“လောကမှာ မောင်ရင် မသိတာတွေ အများကြီးရှိပါတယ်ကွယ်”

“ဒါလည်း ဟုတ်ပါတယ် . . ။ အရစ္စတိုတယ်လ်ကလည်း ပြောဖူးတယ်။ လောကမှာ ကျွန်ုပ်သိတာကတော့ ကျွန်ုပ်ဘာမှ မသိဘူး ဆိုတာပါပဲတဲ့ . . ”

“ဟုတ်တယ် . . ဟုတ်တယ်။ ဦးလေးထွန်းကလည်း သိတာကတော့ ဦးလေးထွန်း အိပ်ယာလိပ် လိတ်ထားရမယ်ဆိုတာပဲ . . . ”

ဟံသာ နားရှုပ်သွားသည်။

ဦးလေးထွန်းကို ဆန်းစစ်၍မရအောင်ဖြစ်သည်။

“အေးလေ . . လောလောဆယ်တော့ ဦးလေးထွန်း . . ကွက်ဖမ်းထားဦးမှာပဲ . . . ”

“ဘာဖြစ်လို့ . . ”

“မောင်ရင် . . နောက်တော့သိမှာပေါ့ . . . ”

ရှုပ်ကုန်ပြန်ပြီ။

ပို၍ နားဝေးရပြန်ပြီ။

❖

# အခန်း (၁၀)

လွတ်လပ်ပျော်ရွှင်စွာနေလိုသော ငှက်ကလေး တစ်ကောင်သည် တင်းကြပ်လှသောသိုက်မြုံထဲမှ အပြင်သို့ ထွက်လာခဲ့သည်။

ညနေခင်းဖြစ်ပေမယ့် နေရောင်မပျောက်သေး။

ထိုငှက်ကလေးသည် မြီးရှည်ငှက်ကလေး အောင်ဆွေဖြစ်လေသည်။

အောင်ဆွေသည် သုံးလ နီးပါး ဟန်ဆောင်မှုဒုက္ခကို ခံစားနေရသည်။

သူတို့နှစ်ဦး၏ပြဿနာသည် မည်သည့်အချိန်ကာလတွင် ပြီးဆုံးမည်ဖြစ်ကြောင်း အတပ်မပြောနိုင်ကြသေး။

ရေစုံနှင့်မျောနေသည့် လှေနှင့်လည်းတူ၏။

သဲသောင်ပေါ် တင်သွားလျှင်တော့ ကံကောင်းသည်။

ငုတ်နှင့်တိုက်၍ လှေမြုပ်သွားလျှင်တော့ ရေနစ်သေဖို့သာရှိသည်။ အောင်ဆွေသည် စိတ်ကူးနှင့်လမ်းလျှောက်ထွက်လာရာ လူနှစ်ယောက် သူ့ဘေးနားကပ်လာသည်ကိုပင် သတိမထားနိုင် ..။

"တွေ့လူရပ် .."

ဟု အမိန့်ပေးသံကြားမှ အလိုလို ခြေလှမ်းရပ်သွားသည်။

သူ့ကို လုမည့်လူတွေပဲဖြစ်မည်။

"ခင်ဗျားဘို့ ကျုပ်ကို လုရင်လည်း ဘာပိုက်ဆံမှ မပါဘူး။ ပမ်းမှာမောရင် ငုံဖို့ ချိုချဉ်တစ်လုံးပဲရှိတယ်"

ဘောင်းဘီအိတ်ထဲမှ ချိုချဉ်တစ်လုံးကို လှမ်းပေးလိုက်သည်။

"ခင်ဗျားက စပယ်ယာလား။ ကျုပ်တို့ကို ခရီးသည်တွေ တ်လို့လား . ."

ညှင်းသိုးသိုးနှင့်လူငယ်က ပြန်ပြောသည်။ လူငယ်တစ်ယောက် တော့ သနားကမား။ သို့သော် မိုက်ကန်းကန်းပုံစံ . . ။

"ခင်ဗျားနာမည် ဘယ်သူလဲ . ."

ညှင်းသိုးသိုးလူငယ်က မေးပြန် သည်။

"ဩော် . . . . လက်စသတ်တော့ ခင်ဗျားတို့နှစ်ယောက်က ျုပ်ကို မိတ်ဆက်ဖို့လာတာကိုး။ ပေးလေ စာအုပ် . . အော်တို ပေးမယ် . ."

"တော်စမ်းဗျာ။ ခင်ဗျားကိုယ်ခင်ဗျား ကိုရီးယားမင်းသားများ င်နေလို့လား . . ."

သနားကမားမိုက်ကန်းကန်းလူငယ်က တိုးကပ်လာပြီးပြောသည်။

"ဒါဖြင့် . . ခင်ဗျားတို့က အမျိုးသားမှတ်ပုံတင်ရုံးကလား . ."

"ဒီမှာ ကိုယ့်လူ . . ကျုပ်မေးနေတာကို ပြော . . ခင်ဗျား သူဌေး မက်လောင်း ဟံသာဆိုတဲ့လူလား . ."

"မဟုတ်ရင်ကော . . ."

"မဟုတ်ရင် ထိုးတယ်ကွာ . . ."

"အင့် . ."

လက်မြန်သည့် လူငယ်၏လက်သီးတစ်ချက်က အောင်ဆွေ့ င်ဘတ်ကို ထိသည်။ အောင့်ကနဲဖြစ်သွားသည်။

"မဟုတ်ရင်ကောလို့ ပြောတာလဲ ထိုးတာပဲလား။ ဒီမှာ ကိုယ့်လူ ကျုပ်မှာ အစာအိမ်ရှိတယ်။ ခပ်ဖြည်းဖြည်းမိတ်ဆက်ပါ . ."

"အူကြောင်ကြောင်လုပ်လို့ ထိုးတာကွ။ ကဲ ပြော . . မင်း . . ဟံသာမဟုတ်လား။ ဖြူစင်လှဲ့နဲ့စေ့စပ်ထားတဲ့ ဟံသာမဟုတ်လား . ."

"မဟုတ်ဘူး . . ကျုပ်နာမည် အောင်ဆွေ . ."

"ဘာ . . အခုမှ အောင်ဆွေလဲ . . ။ တို့စုံစမ်းပြီးပြီ"

"စုံစမ်းပြီးရင် ဘာလို့ထပ်ပြီး မေးနေသေးတာလဲ"

"သေချာအောင်လို့ပေါ့ကွ . ."

"ကျုပ်ဟံသာမဟုတ်ဘူး . . . အတု . . . တု . . ကျုပ်နာမည် က အောင်ဆွေ . ."

လူငယ်နှစ်ဦးက အတင်းကပ်၍ ညှပ်ထားလိုက်ရင်း -

"ဟင်း . . ဟင်း . . အခုမှ ကြောက်ပြီး အောင်ဆွေလေး ဘာလေးနဲ့ ဟံသာ မှ ဟံသာ အစစ် . . . ထိုးကွာ . . ."

"ခွပ် . . . ခွပ် . ."

အောင်ဆွေ လဲကျသွားသည်။ နှုတ်ခမ်းနှစ်ဖက်စွန်းမှ သွေးများ ယိုစီးကျလာသည်။

"မင်း . . . မင်းတို့ ငါ့ကို ထိုးတယ်ဟုတ်လား . . ."

"ထိုးတာခံရတာတောင် မေးနေသေးတယ် . . ."

"ဘာ . . ဘာဖြစ်လို့ ထိုးတာလဲကွ . . ."

သနားကမားလူငယ်က မျက်ခုံးကို မြှင့်တင်လိုက်သည်။ ထူထည်း သော မျက်ခုံးကြီးနှစ်ဖက်သည် အရုပ်ဆိုးစွာမြင့်တက်သွား၏။

"လက်သီးချိုသွေးတာကွ . . . အဲ . . . အဲ မဟုတ်ဘူး။ ဖြူစင်လှဲ့ဟာ ငါတစ်ဖက်သတ်ချစ်နေတဲ့သူမို့လို့ကွ . . ။ မင်းက သူ့ကို ယူမယ်ဆိုတော့ ငါ့အသည်းကို ဓားနဲ့အခွဲခံရသလို နာတယ် . . .

နာတယ်ကွ ....”

လူငယ်က ထပ်၍ထိုးသည်။

အောင်ဆွေက လူငယ်၏ ဖြောင့်လက်သီးကို တိမ်းရှောင်လိုက်ရင်း-

“မင်းတို့ သေကုန်မယ်နော် ... ငါ့မှာ ငယ်ငယ်တုန်းက ငွေအစိတ်နဲ့ သင်ယူလာခဲ့တဲ့ ခူး၊ ကား၊ ချန့် သိုင်းပညာ လက်ကျန်တွေ အများကြီး ကျန်သေးတယ်နော် ဟင်း .. ဟင်း ..”

လူငယ်နှစ်ယောက်သည် အောင်ဆွေ ဟန်ပြလိုက်သော သိုင်းကွက်ကြောင့် လန့်၍နောက်ဆုတ်သွားကြသည်။

သို့သော် ညှင်းသိုးသိုးလူငယ်က ခါးတွင် အသင့်ပါလာသော အနက်ရောင်ပစ္စတိုတစ်လက်ကို လှစ်ကနဲထုတ်လိုက်သည်။

“ဒါ ... ဘာလဲ ကြည့်စမ်း ...”

“ဟာ ... ကိုယ်ယူလာတဲ့ပစ္စည်းတောင် ကိုယ်မသိဘူးလား .. ဟား ... ဟား .. ဟား ...”

“သေနတ်ကွ ... သေနတ် ...။ လှုပ်မယ်မကြံနဲ့နော် ... ပြောင်းဝထဲက ပလပ်စတစ်ကျည်ဆံတွေ ... မင်းရဲ့အင်္ကျီကို လာကပ်သွားမယ် .. ဟဲ ... ဟဲ ..။ ဟာ .. ယောင်လို့ .. ခဲထိပ်ဖူးလေးတွေဟာ မင်းရဲ့နှလုံးသား မျက်နှာပြင်မှာ စိန်စီသွားလိမ့်မယ် ...”

ညှင်းသိုးသိုးလူက သေနတ်ကို လှုပ်ရမ်းပြရင်း ပြောသည်။ ထိုသို့ ပြောနေစဉ် ချာတိတ်လေးတစ်ယောက် အပြေးရောက်လာသည်။

“လေး ... လေး .. အဲ .. အဲဒါ အနော် ကစားနေတဲ့ သေနတ်ဗျ ..။ ဒီမှာလာပြီး မကြီးမငယ်နဲ့ ကစားနေရတယ်လို့ .. ပေး ... ပေး အနော့်သေနတ်ပေး ...”

ချာတိတ်လေးက ပြောပြောဆိုဆို လူငယ်လက်ထဲမှ သေနတ်ကို

ပြေးလှသည်။

"ဟာကွာ . . . ရော့ . . . ရော့ . . . မင်းသေနတ် . . ."

ကလေးကစားစရာသေနတ်တဲ့ . . .။

အောင်ဆွေ သတိပြန်ဝင်လာသည်။

"ယား . . ."

အောင်ဆွေ "ကီး"သွင်းလိုက်စဉ်မှာပင် မာမာကျောကျော တုတ်တစ်ချောင်းသည် သူ့ခေါင်းပေါ်သို့ အရှိန်ပြင်းစွာ ပြုတ်ကျလာ၏။ အဲဒါကတော့ "တုတ်" အစစ် . . .။

"အား . . ."

အောင်ဆွေ လဲကျသွား၏။ ခဏမျှမေ့သွား၏။

မျက်လုံးဖွင့်ကြည့်တော့ သူ့အနားမှာ တွယ်ရာမဲ့ဖြစ်နေသော အထီးကျန် ခွေးချေးပုံ တစ်ပုံ . . .။

❖

# အခန်း (၃၁)

ဟံသာက အောင်ဆွေ့မျက်နှာမှ ဖူးယောင်နေသော ဒဏ်ရာများကို ကြည့်၍ -

"စားရတာ တန်ပါတယ်ကွာ . . ." ဟုပြော၏။

အောင်ဆွေက မချိသွားဖြဲ ပြုံးသည်။

"သူဌေးသမက်လောင်းရဲ့ ဂုဏ်ဒြပ်နဲ့ဆိုရင် မင်း . . . ဒဏ်ရာ နည်းသေးတယ် . . .။ ဒီထက်ပိုပြီး နာရမှာ . . ."

"အေးပါကွာ . . အခုလို လူနာကိုလာပြီး အားပေးစကားပြောတဲ့ အတွက် ကျေးဇူးတင်ပါတယ်။ ကဲ . . ပြန်တော့ . ."

ဟံသာစပ်ဖြဲဖြဲကြည့်၍ မိမိစံမြန်းသည့် ကားဂိုဒေါင်ရိပ်သာသို့ ပြန်ထွက်လာခဲ့သည်။

မိထူးသည် အောင်ဆွေ့ဒဏ်ရာများကို မြင်ရသောအခါ အလွန်ပင် စိတ်ထိခိုက်မိသည်။

"ဖြစ်ရလေ . . ကိုဟံသာရယ် . . ."

ဟုပြောသည်။ ဒဏ်ရာများကို ကြင်နာစွာဆေးထည့်ပေးရာမှ ရင်ထဲက အလိမ့်လိမ့်တက်လာသည်။

မိထူးက သူ့ပါးစပ်ကို သူပိတ်လိုက်သောအခါ "တခူးခူး"

ဖြစ်သွားသည်။

"ကြိတ်ပြီး ငိုမနေပါနဲ့ မိထူးရယ်။ ဝမ်းနည်းမနေပါနဲ့ . . ဖွင့်ချပြီး အော်ငိုလိုက် . . အော်ငိုလိုက် . ."

မိထူးဖြတ်ကနဲ ပြန်ကြည့်သည်။ ပြူးကြောင်ကြောင်အကြည့် . . ။

"ကြိတ်ပြီး ငိုနေတာမဟုတ်ဘူးရှင့် . . ။ ချောင်းဆိုးချင်လို့ . ."

"ဟဲ . . . ဟဲ . . မသိပါဘူး . . ကျွန်တော်က ကျွန်တော့်အတွက် သိပ်ပြီး စိတ်ထိခိုက်သွားသလားလို့ဗျာ . . ."

မိထူး မျက်စောင်းပြန်ထိုးလိုက်၏။

ပြီးတော့ ရှက်ပြုံးလေးပြုံးလျက် -

"ဘာမှန်းလဲ မသိဘူး . . ." ဟု ဆိုကာ ပြေးထွက်သွားလေတော့သည်။

❋❖❋

# အခန်း (၃၂)

လရောင်ဆမ်းသောညများတွင် လေနှင့်အတူ လွင့်မျောလာသော ဦးလေးထွန်း၏ တယောသံချိုချိုကို ကြားရတတ်သော်လည်း အခုအခါ တွင်မူ တမူထူးဆန်းလာသည်။

တယောသံပျောက်ပြီး "နှဲ"သံ ကြားလာရလေသည်။

ဦးလေးထွန်း၏နှဲသံကြားလျှင် သမီးဖြစ်သူ ဖြူစင်လဲ့သည် ျတ်ခြည်းပင် ပျောက်သွားသည်။

ဦးသက်ခိုင်စိတ်ထဲတွင် သံသယဝင်လာ၏။

ယောင်လည်လည်ဖြင့် ဦးလေးထွန်း ကားဂိုဒေါင်တက်သို့ လျှောက်သွားမိသည်။

နှဲသံသည် သီချင်းတစ်ပုဒ်ကို "ကျူ"နေရာမှ "တော် . . တော် . . တ်" ဟူသော အသံ ပြောင်းသွားသည်ကို သတိပြုလိုက်မိသည်၊

ဆက်၍ ချဉ်းကပ်ဖို့ကြိုးစားသည်။

ဒါပေမယ့် . . ။

"အမယ်လေး . . . ကြွက် . . ကြွက်တွေ . . . ကြွက်တွေ . . "

ကြွက်သုံးလေးကောင် သူ့ခြေထောက်ကြားသို့ ပြေးဝင်လာသော ကြောင့် နေရာမှထခုန်ကာ ထွက်ပြေးရလေတော့သည်။

ဦးသက်ခိုင်၏ အလန့်တကြား ထွက်ပြေးသွားသည်ကို ကြည့်၍ ဦးလေးထွန်း ပြုံးမိသည်။

တကယ်တော့ . . ဒါ . . ဦးလေးထွန်းလက်ချက် . . .။

ဒိုးယိုပေါက် ဝါးလုံးရှည်တစ်လုံးကို ကားဂိုဒေါင်အပြင်ဘက်သို့ ထုတ်ထားသည်။

ဦးသက်ခိုင်လာတတ်သည့်လမ်းဘက်သို့ . . .။

ထို့နောက် ကြွက်လှောင်ချိုင့်အပေါက်ဝနှင့် ဝါးလုံးအပေါက်ဝကို တေ့ဆက်ထားလိုက်ခြင်းသာ။

လှောင်ချိုင့်တံခါးကိုဖွင့်လိုက်သည်နှင့် အစာရေစာအငတ်ထားသော ကြွက်များသည် ဒေါသတကြီးဖြင့် ဝါးလုံးခေါင်းထဲမှ အပြင်သို့ ပြေးထွက်သွားလေတော့၏။

ဦးလေးထွန်းဆီမှ တယောသံ ပြန်၍ကြားလာရ၏။

ဖြူစင်လှသည် ဟံသာ၏ရင်ခွင်ကြားမှ ထိုးထွက်၍ အိမ်နောက်ဖေးဘက်သို့ ခပ်သုတ်သုတ် ပြန်သွားလေသည်။

ဦးလေးထွန်း ကုသိုလ်ကံက ဆိုးလွန်းသည်။ ရာဇဝတ်အိုးတုတ်နှင့်ထိုးသူကိုမှ အိမ်မှာ လက်ခံမိချေပြီ။

ဦးလေးထွန်းက ပါးစပ်မှ ပြောချင်နေတာ အာယားနေပြီ။

"ဒီမှာ မောင်ရင် . . . . ဒါ . . . အိမ်စေမဟုတ်ဘူး . . .၊ သူဌေးသမီးကွ . . ." ဟုပြောလိုက်လျှင် လျှို့ဝှက်ချက်ပေါက်ကြားမှုဖြင့် အလုပ်ပြုတ်မည်။

သူ့သဘော သူဆောင်သည့်အတိုင်း လက်ပိုက်ကြည့်နေလျှင်လည်း "မလိုလားအပ်တဲ့ ပြဿနာဖြစ်လာရင် ခင်ဗျား ခေါင်းနဲ့ပြေးဆင်းရပြီမှတ်" ဟူသော ဦးသက်ခိုင်၏ရာဇသံ။

ပြုတ်တာချင်းတော့အတူတူ . . .၊ ဗုဒ္ဓဝင်ဇာတ်လမ်းထဲမှ

ဗကဘိုးဘိုကြီးစကားနှင့် ပြောလျှင် "သေတာချင်းအတူတူ ... ခြေညောင်းမခံဘူး. . . "။

သို့သော်. . . ။

ဦးလေးထွန်းသည် လူငယ်တို့၏ စစ်မှန်သောနှလုံးသား အားပြိုင်ပွဲကို သူကြည့်ချင်သေးသည်။

သူ့ဘဝတွင် မဖြစ်ခဲ့ရသော ဘဝလှလှလေးတစ်ခုကို အခြားသူ တစ်ယောက်က ဖန်တီးနိုင်ခွင့်ရသွားမည်ဆိုလျှင်လည်း သူပီတိပွားရပေမည်။ မုဒိတာပေါ့ . . ။

သူသည် ငယ်ငယ်က "ဘလ္လာတိယ"ဖျို့ကို ဖတ်ခဲ့ဖူးသည်။

စန္ဒာကိန္နရီတို့၏ တစ်ညတာချောင်းခြားသည့် လွမ်းခန်း . . ။ အသည်းအူပြတ်ဆွေးခန်း . . ။

"ဩော် . . ချစ်တတ်ကြသူတွေ ချစ်ကြပါစေ . . . "

ဟူသော စကားလုံးမှလွဲ၍ ဦးလေးထွန်း ဘာမျှမပြောတတ်။ နောက်ထပ် စကားလုံးအသစ်ကို ရှာဖွေဆဲ . . . ။

ရှာဖွေနေဆဲ . . . ။

# အခန်း (၃၃)

မိထူးသည် အောင်ဆွေ၏ခေါင်းမှ ဘုကြီးကို ကြပ်ထုပ်ထိုးပေးနေလေသည်။

နံနက်လင်းပြီဆိုတာနဲ့ မိထူးသည် အောင်ဆွေ့အနာအတွက် ကြပ်ထုပ်, ထိုးလုပ်ငန်းစလေ၏။

အောင်ဆွေသည် မိထူး၏အကြင်နာ အယုယလေးများကို ခံစားလာရသည့်အခါ သူ့စိတ်တွေ တစ်မျိုးဖြစ်လာသည်။

အစကတော့ မိထူး၏အလှကို ရှာဖွေ၍မရ။ အခု အနီးကပ် သေသေချာချာကြည့်ပါမှ မိထူးရဲ့ဝိုင်းဝိုင်းစက်စက် မျက်နှာလေးကို ချစ်စရာမြင်ရလေသည်။ မျက်တောင် တခတ်ခတ်ပုတ်လျှင် မျက်ရည်ကြည်လေးများ ရွှန်းလဲ့၍လာလေ၏။ ကိုယ်လုံးကိုယ်ပေါက် အချိုးအစားကလည်း သူ့အရပ်အမောင်းလေးနှင့်သူ ပြေပြစ်နေသည်။

“မြင်ဖန်များတော့ ကြင်”ဆိုတဲ့ စကားလည်း ရှိသည်မဟုတ်လား။

အောင်ဆွေသည် သူ့ကို ပြုစုနေသော မိထူး၏မျက်နှာလေးကို တစိမ့်စိမ့်ကြည့်ရင်း ပုံပြင်တစ်ပုဒ်ကို အမှတ်ရမိသည်။

တစ်ခါတုန်းက ရွာတစ်ရွာမှာ ရသေ့ကြီးတစ်ပါး သီတင်းသုံးတော်မူသတဲ့ . . ။ ရသေ့ကြီးသည် တရားကျင့်ရာတွင် ဖြောင့်ဖြောင့်တန်းတန်း

နှင့် ကျင့်နိုင်ရန် ရေပူရေချမ်းကမ်းလှမ်းသူတစ်ဦး အလိုရှိလေသည်။

သို့ဖြင့် ရွာသူကြီးကိုခေါ်၍ -

"ဒကာကြီး .. ကိုယ်တော့်အတွက် ရေပူရေချမ်းကမ်းလှမ်းဖို့ ဒကာမကြီးတစ်ယောက်လောက် ရှာပေးပါတဲ့ . . ."

သို့ရာတွင် ရေပူရေချမ်းကမ်းလှမ်းမယ့် သူသည် အရုပ်အဆိုးဆုံး ဖြစ်ရမည်"ဟူ၍လည်း အထူးမှာကြားလိုက်လေသည်။

ရွာသူကြီးကလည်း ရသေ့ကြီးမိန့်မှာလိုက်သည့်အတိုင်း ရွာထဲတွင် ရုပ်အဆိုးဆုံးဖြစ်သူ "နှာခေါင်းဘုကြီး"ကို ပို့ပေးလိုက်လေသည်။

၍သို့ဖြင့် တစ်လခန့်ကြာသော် ရသေ့ကြီးက ရွာသူကြီးကို အခု ချက်ချင်းလာရန် မှာကြား၍ -

"မင်းပို့ပေးတဲ့ ဒကာမဘုကြီးကို အခု ပြန်ခေါ်သွားတော့ . . ."

ဟုပြောရင်း ဘုကြီးကို ပြန်အပ်၏။

ရွာသူကြီးက အံ့သြသင့်သွားပြီး -

"ဘာဖြစ်လို့လဲ ရသေ့ကြီး"

ဟု လျှောက်ထားလျှင် ရသေ့ကြီးက -

"ငါ့မျက်လုံးထဲမှာ ဘု ပျောက်၊ ပျောက်လာတယ်ကွ။ မဖြစ်ဘူး၊ မဖြစ်ဘူး . . ပြန်သာခေါ်သွားပေတော့" တဲ့။

အောင်ဆွေသည် အတွေးတွေနှင့်အတူ လွင့်မျောနေရာမှ -

"ငါလည်း ဘုပျောက်နေပြီ . . ဖြူစင်လဲ့ရဲ့"

ဟု မိထူးကိုကြည့်၍ ရုတ်တရက်လှမ်းပြီးပြောလိုက်၏။

"ရှင်"

မိထူးသည် မျက်လုံးလေးများ ကျုံ့၍သွားသည်အထိ အံ့သြသွားသည်၊ ဖြတ်ကနဲ အောင်ဆွေကို ကြည့်သည်။

"ဘုပျောက်သွားပြီ .. အစ်ကို ဖြူစင်လဲ့ကို ချစ်တယ်"

အောင်ဆွေသည် မိထူး၏ခါးကို မလွှတ်တမ်း သိုင်းဖက်ထား လိုက်သည်။

မိထူးက သိုင်းဖက်ထားသည့်လက်ကို ဖယ်သည်။ မရမှန်းသိ သောအခါ ထပ်၍မရုန်းတော့ဘဲ အောင်ဆွေ့ဘေးသို့ မှီတွယ်လိုက် လေသည်။

"ဘုပျောက်သွားလို့ ကျွန်မကိုချစ်တယ်ဆိုတော့ .. ဘုက ဘယ်မှာပေါက်တာလဲဟင် .. တင်ပါးမှာပေါက်တဲ့ သွေးစုနာလား..။ အင်း .. ဒါမှမဟုတ် လိပ် .. လိပ်ခေါင်းလားဟင် .."

"အာ .. မ .. မဟုတ်ဘူး။ တစ်ခုမှ မဟုတ်ဘူး .. ဘုက သတ်သတ်၊ ချစ်တာက တခြားနော် ..။ ချစ်တယ် .. သိပ်ချစ်တယ်"

အောင်ဆွေက မိထူး၏ ခန္ဓာကိုယ်သွယ်သွယ်လေးအား ထပ်၍ ညှစ် လိုက်သည်။

"အဟမ်း .. အဟမ်း .."

ချောင်းဟန့်သံ နှစ်သံ ...။

ဦးသက်ခိုင်နှင့် ဒေါ်ယဉ်ဝေ တို့ဇနီးမောင်နှံ ...။

မိထူးသည် အောင်ဆွေ၏ဖက်တွယ်ထားသည့် လက်များကို ဖြုတ်ချလျက် ခပ်ခွာခွာလေးထိုင်လိုက်သည်။ တွန့်ကြေသွားသည့် အင်္ကျီကို အသာဖြန့်လိုက်ရင်း ရှက်စနိုးဖြင့်ခေါင်းငုံ့၍နေလေသည်။

အောင်ဆွေသည် ဦးသက်ခိုင်နှင့် ဒေါ်ယဉ်ဝေတို့ကို မရဲတရဲ ကြည့်၍ -

"နားနဲ့မနာ၊ မျက်လုံးနဲ့နာပါ အနက်ကယ်နဲ့အနက်တီ ..."

မကြားဖူးသော အသုံးအနှုန်းကိုကြားလိုက်ရသောကြောင့် ဦးသက်ခိုင်က ဒေါ်ယဉ်ဝေကို လှမ်းကြည့်လိုက်မိသည်။

ဦးသက်ခိုင်က -

"နားနဲ့မနာ ဖဝါးနဲ့နာပဲ ကြားဖူးပါတယ်ကွယ် . . ."

"ဖဝါးက နားထောင်တဲ့အပေါက်မပါလို့ မကြားရဘူး အန်ကယ်။ မျက်လုံးက အပေါက်ပါတယ် . . .။ ပါးစပ်လှုပ်တာ မြင်တာနဲ့ ဘာပြောတယ် ဆိုတာလည်း သိတယ် . . . .။ ဆရာကြီးဦးသုခ ပြောဖူးတယ် . . .။ အသံမှန်ရင် အက်ရှင်မှန်တယ်တဲ့ . . ."

"ဒါလည်း ဟုတ်သားပဲ ကိုသက်ရဲ့ . . ."

ဒေါ်ယဉ်ဝေက အောင်ဆွေ့စကားကို အပြည့်အဝထောက်ခံလိုက်သည်။

အောင်ဆွေက ဆက်၍ပြောသည်။

"ကျွန်တော်တို့ လူငယ်တွေဘက်က ဘာမှ ပြောစရာမလိုတော့ပါဘူး။ အန်ကယ်နဲ့အန်တီ၊ လူကြီးတွေ ဘက်ကသာ ဝက်ပေါ်ဖို့ရှိပါတော့တယ် . . ."

"ဘာလဲကွယ် . . ဝက်ပေါ်ဖို့ဟုတ်လား . . ."

ဒေါ်ယဉ်ဝေက မျက်ခုံးမွေးသေးသွယ်သွယ်လေးများကို ပွတ်ရင်းမေးလိုက်သည်။

အောင်ဆွေက -

"ကျွန်တော် စကားပြောလောကြီးသွားလို့ပါ အန်တီ . . . ဝက်ဒင်. . ဝက်ဒင် . . မင်္ဂလာဆောင်ကိစ္စလေ . . ဟဲ . . ဟဲ . . ."

"ဩော် . . ဒါလား . . ဒါကတော့ . . ."

ဒေါ်ယဉ်ဝေ မဲ့သွားရာမှ ပြုံး၍ ဦးသက်ခိုင်ကို အကဲခတ်လိုက်သည်။

ဦးသက်ခိုင်သည်လည်း မဲ့ရာမှ ပြုံးပြလိုက်ရသည်။ သူတို့နှစ်ဦးလုံး၏ရင်ထဲကတော့ ပူလောင်လာသည်။

ဦးသက်ခိုင်က ဒေါ်ယဉ်ဝေကို လက်ကုပ်၍ အပြင်သို့ခေါ်

လာခဲ့၏။

"ကိုသက်ရေ . . ပြဿနာတော့စပြီရှင် . .။ ကိုလှခေါင်ကြီးကို ဘယ်လို မျက်နှာပြရမလဲ"

"မျက်နှာ မပြရင်လည်း နောက်စေ့ပဲပြတော့ကွာ . .။ ခုမှ တို့သမီးမဟုတ်ဘူးလို့ ပြောလို့ဖြစ်ပါ့မတော့လား . .။ အဲဒါ မင်းသမီး မွေးတဲ့မီး . .။ မီးက ပုဆိုးလောင်ပြီလေ . . ."

"မိုးမီးလောင်တာမဟုတ်ဘူးလား ကိုသက်ရဲ့ . . ."

"မိုးမီးလောင်တယ်ဆိုရင် ငါနဲ့အဝေးကြီး . . .။ ပုဆိုးမီးလောင်မှ ငါနဲ့နီးတာ . . ."

ဒေါ်ယဉ်ဝေ ခေါင်းကို တဗျင်းဗျင်း ကုပ်၏ ။ ခေါင်းသျှော်သလို ကုပ်၏။ တဗျင်းဗျင်း . . . တကုပ်ကုပ် . . .။

"အို . . မဖြစ်ပါဘူး . . ကိုဘိုလှခေါင်ကို ခေါ်ပြီး ရှင်းမှပဲ လင်းတော့မယ် . .။ ယဉ်ရေ . . အခုပဲ ဖုန်းဆက်ကွာ . . ."

ဒေါ်ယဉ်ဝေ ခေါင်းညိမ့်ပြ၏။

ထို့နောက် တယ်လီဖုန်းရှိရာသို့ တရွေ့ရွေ့ . . .။

# အခန်း (၃၄)

မှောင်ရိပျိုးချိန် . . ။

တယောခွဲသံကြားလာရပြီးလျှင် နဲ့သံကိုလည်း ခပ်တိုးတိုး ကြားရပြန်သည်။

ဦးသက်ခိုင်နားထဲတွင် တယောသံ တဂျစ်ဂျစ်။ နှဲသံတတီတီ။ အော်လံဖြုတ်ထားသဖြင့် အသံကျယ်ကျယ်မကြားရ။

ဒီအသံတွေကြားရပြီး မကြာမီ ဖြူစင်လှဲ ပျောက်သွားတော့သည်။

ဦးသက်ခိုင် တစ်ကိုယ်လုံး ချက်ချင်းဆိုသလို အဖျားတက်သလို ပူနွေးနွေးဖြစ်လာသည်။

"ဒီတစ်ခါတော့ တွေ့ကြသေးတာပေါ့ကွာ . . ."

ဟု လက်သီးလက်မောင်း ဆန့်တန်းကာ ရွှေဝါကြောင်ကြီးကို ဖမ်းယူလိုက်လေသည်။

ရွှေဝါကြောင်ကြီးက မချစ်စဖူး အချစ်ထူးလာသည့် သခင့်မျက်နှာကို ရှုတည်တည်ကြည့်၏။

ဦးသက်ခိုင်က ရွှေဝါလည်ပင်းကို သားရေပတ်ဖြင့် ပတ်လိုက်၏။ ထို့နောက် သားရေပတ်၌ကြိုးချည်ကာ အိမ်ပြင်ဘက်သို့ ဆွဲခေါ်လာသည်။

ကားဂိုဒေါင်အနီးသို့ရောက်တွင် "တော်တော့" ဟူသော နှုတ်သံ ကြားလာရသဖြင့် ရွှေဝါကို ရှေ့သို့တင်လိုက်သည်။

ကြွက်လေးငါးကောင် ပြေးထွက်လာကြ၏။

သို့သော် ကြောင်ရွှေဝါနှင့်ကြွက်တို့ ပြေးတမ်းလိုက်တမ်းကစား ကြလေတော့သည်။

ဦးသက်ခိုင်သည် သူ့ကိုယ်သူ အကြံပိုင်သည့်သက်ခိုင်ဟု လက်မ, ကော့၍ ဂုဏ်ယူမိသည်။

ထို့နောက် ကားဂိုဒေါင်အနောက်မှ ခြေဖွ၍လာခဲ့ရာ မြင်ကွင်း ကြောင့် ခေါင်းမီးတောက်သွားတော့သည်။

မျက်လုံးထဲက မီးခိုးလုံးကြီးတစ်လုံး "ဟုတ်"ကနဲ ထွက်လာ၏။

"တောက် . . ခွေးမ . . ခွေးဇာတ်ခင်းနေတယ် . . ."

ဖြူစင်လှဲ့ အလန့်တကြားဖြင့် ဟံသာ၏ရင်ခွင်မှ ထွက်လိုက်၏။

"ဖေဖေ . ."

ဟု တုန်တုန်ယင်ယင်ဖြင့် ခေါ်လိုက်၏။

"သ . . မီး . . သိပ်မိုက်တယ် . . ."

ဦးသက်ခိုင်သည် ဝမ်းနည်းစွာဖြင့် ဖြူစင်လှဲ့ကိုကြည့်ရင်း ဆွဲခေါ် လိုက်၏။

ဟံသာသည် ကြောင်တောင်တောင် ဖြစ်နေ၏။ တစ်ဦးက ဖေဖေ. . .။ တစ်ဦးကသမီးတဲ့ . . .။

ဦးသက်ခိုင်သည် ဟံသာကို မီးတောက်လုမတတ်ကြည့်ကာ -

"ကလေကချေ၊ အုတ်ကြားမြက်ပေါက်၊ ရေမျောကမ်းတင်၊ ကလေကဝ၊ ကျွန်စုပ်တဲ့သရက်စေ့၊ နှာခေါင်းထဲက နှပ်ချေးဖတ်၊ မင်းနဲ့ ငါ့သမီးနဲ့ တန်လို့လားကွ . . ."

ဟံသာသည် ခေါင်းကို ၅၀ ပေါင်တူနှင့် အထုခံရသကဲ့သို့

ဇက်ပုနေရာမှ လိပ်ခွံထဲမှ ခေါင်းပြန်ထွက်လာသည်။

"ကျွန်တော့်ကို တင်စားတဲ့ဂုဏ်ပုဒ်တွေ ကျန်နေသေးလား အန်ကယ် . ."

"တစ်ခုကျန်သေးတယ် . . . မျက်စိထောင့်က မျက်ချေး . . ."

ဟံသာ တံထွေးကို "ဂလု"ဟု မျိုလိုက်သည်။

"ဒါ . . အန်ကယ့်သမီးမှ မဟုတ်ဘဲ အိမ်ဖော် မိထူးလေ . .။ အန်ကယ် ဘာနာစရာရှိလို့လဲ . . မီးလိန်ဖင်စောင်းနဲ့ ချိုကျိုးနားရွက်ပဲ့ ရွှေနဲ့မြလို လိုက်ဖက်ညီပါတယ် အန်ကယ် . . ."

"ဘာလိုက်ဖက်ညီရမှာလဲ . . ဒါ အိမ်ဖော်မိထူး မဟုတ်ဘူးကွ။ ငါ့သမီးဖြူစင်လဲ့ . . ."

"အန်ကယ် စိတ်ကောင်းပါတယ်နော် . . . အန်ကယ်ပဲ ပြောတာပဲလေ . . . သူက အိမ်ဖော်မိထူးဆို . . လူကြီးဆိုတာ မလိမ်ကောင်းဘူးနော် . . . လိမ်တယ်ဆိုတာ ပါတာဏိပါတာကံထိုက်ပါတယ် . . ."

"မုသာဝါဒါပါကွာ . . ."

"ဒါဆို အန်ကယ်တို့က မုသာဝါဒါသုံးထားတာပေါ့ဟုတ်လား. . ဒါဆိုရင် သူက . ."

"သူက . . ငါ့သမီး ဖြူစင်လဲ့ကွ . . ."

"ဗျာ . . ."

ထိတ်လန့်သွားသော်လည်း ဝမ်းသာသည့် ထိတ်လန့်မှုမျိုး ဖြစ်သည်။

သူသည် အချစ်ကို ဦးစားပေး၍ မိထူးအဖြစ်နှင့်သာ ချစ်ခဲ့ခြင်းသာ။

သူ . . . မေတ္တာစစ်ကို ရှာဖွေတွေ့ရှိသွား၏။

သူသည်လည်း ယခုအချိန်ရောက်မှ "ဟံသာ" ဟု

ဖွင့်ပြောလျှင် . . .။

ဖြစ်ချင်ရာဖြစ်စေတော့ . .။ သူတောင် လူကြီးဖြစ်နေပါလျက် ညာတတ်သေးသည်။

"အန်ကယ် . . ."

"ဘာလဲ . . . အနုတ်စုပ် ဂုတ်စုပ် . . ."

"ဒါ . . . ထပ်တွေ့တဲ့ ဝေါဟာရလား . . . အန်ကယ် . . ."

"ဟုတ်တယ် . . . ."

"အန်ကယ်က ကျွန်တော့်ကို အနုတ်စုပ်ဂုတ်စုပ်ထင်လို့ ကျွန်တော် ကလည်း မခေသူဖြစ်ကြောင်း ပြောချင်သေးတယ် . . . အန်ကယ် . . ."

ဟု စကားစရုံတင်ရှိသေး . .။

"မပြောနဲ့ မကြားချင်ဘူး . . လာ . . အမိုက်မ . . နင့်ကို သတ်မယ် . ."

ဦးသက်ခိုင်က ဖြူစင်လဲ့ကို ခပ်ကြမ်းကြမ်းဆွဲခေါ်သည်။ ဟံသာ ဘယ်လိုပင် ရှင်းပြ၊ ရှင်းပြ မရနိုင် . . .။

ပြီးမှ ဟံသာကိုကြည့်၍ -

"မနက်ဖြန် မိုးလင်းတာနဲ့ မင်း ငါ့ခြံထဲကထွက်သွား . . ."

"ရထားလက်မှတ်လေးတော့ ဝယ်ချိန်ပေးပါဦးဗျာ . . ."

"မလိုပါဘူးကွာ . . မလိုဘူး . . ."

"ဖေဖေ သမီးတို့ ချစ်ခြင်းကို မခွဲပါနဲ့ ဖေဖေ . . ."

ဖြူစင်လဲ့၏ ရှိုက်ငိုသံ . .။

တောင်းပန်သံ . .။

တိုးလျှိုးပြောသံ . .။

"မရဘူး သမီး . . မရဘူး . . ဖေဖေက ဗူးဆိုရင် ဖရုံတောင်

ဟုတ်ဘူး။ ရုံးပတီသီးတောင် သီးတဲ့ကောင်မဟုတ်ဘူး။ အစ
ာတည်းက ဒီလိုမဖြစ်ရအောင် ပြောထားတဲ့ကြားထဲက ဟိုလူကြီး
းလေးထွန်း . . . ခင်ဗျား ဘယ်မှာလဲ . . . "

"ဟုတ်ကဲ့ ဒီမှာရှိပါတယ် . . . "

ဦးသက်ခိုင်၏ အော်ဟစ်ပြောဆိုသံ ကျယ်လောင်လွန်းသလောက်
းလေးထွန်းအသံက တိုးသည်။

ဦးသက်ခိုင် နောက်ကျောကပ်လျက်။

"ခင်ဗျားလည်း အတူတူပဲ။ အလိုတူအလိုပါ။ ကြံဖော် ကြံဖက်
ကြံဖတ်။ ခင်ဗျားမျက်နှာ မနက်မိုးလင်းတာနဲ့ ကျုပ်မမြင်ချင်ဘူး . . . "

ဦးသက်ခိုင် ဒေါသဖြင့်ထွက်သွားသည်။

ဖြူစင်လှဲသည် ငိုရှိုက်၍လိုက်ပါသွားလေ၏။

ဦးလေးထွန်း ငိုင်၍ ရပ်နေပြီး ကျန်ရစ်ခဲ့သည်။

ဟံသာသည်လည်း ခေါင်းငိုက်စိုက် . . . ။

# အခန်း (၃၅)

နံနက်လင်းသည်နှင့် နေရောင်ပွင့်လာသည်။

နွေဦးကာလရောက်လာသဖြင့် နေရောင်၏အလင်းအားသည် တောက်ပလျက်ရှိသည်။

ဟံသာ အထုပ်အပိုးပြင်သည်။

ဦးလေးထွန်းလည်း အထုပ်အပိုးထုပ်ပြီးသား။

ဟံသာကတော့ စိတ်မာတ်မပျက်။

တစ်နေ့တွင် သူတို့၏အချစ်ရေးကိစ္စ ချောမွေ့သွားလိမ့်မည်ဟု သိထားသည်။

အောင်ဆွေသာ . . ။ သူလည်း ဘာမျှ ပြောစရာမရှိ။ ချစ်သူတွေ ဖြစ်ပြီးသား . . ။

ပြောစရာတစ်ခုသာရှိသည်။

မိထူးက "ဟံသာ"အနေဖြင့် ချစ်မိခဲ့ခြင်းလား။

ဟံသာသည် ရှုပ်ထွေးလာသည့်ခေါင်းကိုခါ၍ စိတ်ကိုငြိမ်သက်အောင် ထိန်းလိုက်သည်။

ပြီးလျှင် ဦးလေးထွန်းကို အကဲခတ်လိုက်၏။

ဦးလေးထွန်းသည်လည်း ထင်သလောက် စိတ်ပျက်ပုံမရ။ ကြိုတင်

တွက်ပြီးသားမို့ ထူးထူးခြားခြားခံစားပုံ မရှိ။

"ဦးလေးထွန်း ကျွန်တော်နဲ့ ပြည်ကိုလိုက်ခဲ့ .. ဦးလေးထွန်းကို အလုပ်ပေးမယ် ..."

"ဘာအလုပ်လဲကွ မောင်ရင် ..."

"ကျွန်တော်တို့ ကိုးကွယ်တဲ့ ဘုန်းကြီးကျောင်းမှာ ကပ္ပိယ တစ်နေရာ လစ်လပ်နေတယ်။ အဲဒီမှာ ခန့်မယ်လေ ..."

ဦးလေးထွန်း နှစ်လိုဖွယ်ရယ်လိုက်၏။

"မောင်ရင့်ကျေးဇူး ... ညောက်စူးသလို ကျေးဇူးတင်ပါ တယ်ကွယ် ...။ ဘုန်းကြီးပွဲကျရင် မမေ့ပါဘူး ..."

ဟံသာက ဦးလေးထွန်းကို တင်းကြပ်စွာဖက်ထားလိုက်၏။

"အလကား ... ချစ်လို့စတာပါ ... ဦးလေးထွန်းရာ ... ဦးလေးထွန်းတစ်သက် .. ကျွန်တော်တာဝန်ယူပါတယ် ..."

ဦးလေးထွန်းက ပြုံးစိစိဖြင့် -

"နေစရာမရှိလို့ ဦးလေးထွန်းကားဂိုဒေါင်မှာ ကပ်နေတဲ့သူက တစ်သက်တာဝန်ယူမယ်ဆိုတော့ ..."

"ကဲပါ .. ဦးလေးထွန်းရယ် ...။ ဦးလေးထွန်း ဘယ်မှ သွားနဲ့ .. ကျွန်တော်နဲ့လိုက်ခဲ့ ...။ ဩော် .. ဦးလေးထွန်း ..."

"ပြောကွယ် ..."

"တယောအိုနဲ့ ကျေးဇူးရှင်နဲ့ကြီးကိုတော့ မမေ့ပြီးမထားခဲ့နဲ့နော် .."

"အေးပါကွယ် .. အေးပါ ..."

❁❖❁

# အခန်း (၃၆)

ဖြူစင်လဲ့မျက်ဝန်းများ ညို့လာ၏။ ပြီးတော့ ပြို၏။ အတား အဆီးမဲ့ မျက်ရည်များသည် နုထွေးအိမွတ်လှသော ပါးပြင်ပေါ်သို့ကျ၏၊

ထိုမှတစ်ဆင့် ပါးနှင့်ထိအပ်ထားသော ခေါင်းအုံးပေါ်သို့ စီးဆင်း၍ စိုစွတ်လာလေ၏။

မိုး . . မိုး . . ။ မျက်ရည်မိုးတို့ သဲသဲမဲမဲ ရွာသောည . . ။

"မငိုပါနဲ့မမလေးရယ် . . ။ အဲဒါပေါ့ . . အပျက်အပျက်နဲ့ နှာခေါင်းထဲက နှပ်ချေးထွက်တယ်ဆိုတာ . ."

မိထူး၏ကြားဖူးနားဝစကားကြောင့် ဖြူစင်လဲ့မျက်ရည်စများကို ဖယ်လိုက်ရင်း ပြန်ကြည့်၏။

"တော်စမ်းပါ မိထူးရယ် . . နင်ပြောလိုက်ရင် အဆီအငေါ်ကို မတည့်ဘူး . ."

မိထူးတိတ်သွားသည်။ "ခစ်"ကနဲ ရယ်သံကို မကြားအောင် ချောင်းသံဖြင့် ရော၍ ဖျောက်လိုက်၏။ မိထူးကတော့စင်မြင့်ပေါ်ရောက် နေသူမဟုတ်လား။

"နင်တို့တော့ အဆင်ပြေနေတော့ ပြောအားရှိတာပေါ့ . ."

ဖြူစင်လဲ့က လက်ကိုင်ပုဝါဖြင့် နှပ်ညှစ်ရင်းပြောလိုက်သည်။

"အဆင်ပြေတယ်လို့တော့ အတပ်ပြောလို့ ဘယ်ရဦးမှာလဲ

မမလေးရယ် . .။ ကျွန်မတို့ချင်း ချစ်သူဖြစ်တယ်ဆိုတာကလည်း ဆန်းတာမှမဟုတ်တာ။ မိဘတွေ သဘောတူထားတဲ့ ကိုဟံသာနဲ့ ဖြူစင်လဲ့တို့ နှစ်ပါးခွင်လေ . .။ ကိုဟံသာရဲ့အဖေရောက်လာရင် ဘယ်လိုစခန်းသွားကြရမှန်းတောင် မသိဘူး . ."

မိထူးအသံက ဝမ်းနည်းသံပါလာသည်။ သူလည်း ဝမ်းနည်းတတ်လာပြီ။

"ဝမ်းမနည်းပါနဲ့အေ . .။ နင်တို့နှစ်ယောက် တရားရုံးသွားပြီး လက်မှတ်ထိုးလိုက်တော့ . .။ ငါကူညီမယ် . . ."

မိထူးက အားကိုးတကြီး ဖြူစင်လဲ့ကိုကြည့်၏။

"တကယ်ပြောတာလား မမလေး . . ."

ဟု မျက်နှာလေးကြည်လင်လာသည်။

"ဒီဇာတ်ဟာ ငါ ကခိုင်းတဲ့ဇာတ်လေ . .။ ငါပဲ ဇာတ်သိမ်းပေးရတော့မှာပေါ့ . .။ သူ့အဖေလာရင်လည်း ငါ . . ပြတ်ပြတ်သားသားပဲ ငြင်းလိုက်မယ် . . . .။ ဒီလို ကလန်ကလား အရုပ်အမောင်းမျိုး. . ကျောက်ကျော ရေပက်ထားတဲ့ မျက်နှာမျိုး . . ပေါ်တီပေါ်ကြောင် လူမျိုးကို ကျွန်မ လုံးဝမယူနိုင်ပါဘူးလို့ . . ."

"မမလေးပြောတဲ့အတိုင်းဆို . . . ကျွန်မဟာ နွားသတ်ရုံပို့မယ့် နွားကို ဈေးကောင်းပေးပြီး ဝယ်တဲ့လူလိုဖြစ်နေပြီပေါ့နော် . . ."

မိထူးက မဲ့ရွဲ့၍ ပြော၏။

ရင်ထဲကလည်း လှိုက်၍လာ၏။ မိထူး တကယ်ဝမ်းနည်းလာမှန်း သိ၍ ဖြူစင်လဲ့က -

"အို . . အို . . အဲဒီလိုလည်းမဟုတ်ပါဘူးဟယ် . . နင်တို့က ဖူးစာရှိလို့ တွေ့ကြတာဟဲ့ . . .။ ဖူးစာရဲ့ အနက်အဓိပ္ပာယ်ကိုက ဆက်သွယ်ရေးလမ်းကြောင်းတဲ့ . .။ အဲဒီလမ်းကြောင်းကို ဖောက်ပေး

သူဟာ ဖူးစာရေးနတ်ဖြစ်လို့ . . ငါ့ကိုတောင် ကျေးဇူးတင်ရဦးမယ် . . ''

"ဒါဆို . . မမလေးကိုလည်း ပြန်ပြီး ကျေးဇူးဆပ်ရဦးမယ် . . ''

"ဘယ်လို ဆပ်မှာလဲ . . . ''

"ကိုဟံသာနဲ့ကျွန်မတို့ ရုံးတက်လက်မှတ်ထိုးရင် မမလေးကိုပါ တစ်ပါတည်းခေါ်မယ်လေ . . . ''

"ကိုအောင်ဆွေက မနက်လင်းတာနဲ့ အိမ်ကဆင်းရပြီလေ . .။ အဲ . . ပြီးတော့လည်း ငါ့ကို အိမ်ထဲက ဘယ်မှ မသွားရဘူးလို့ ဖေဖေ ပြောထားတယ် . . . ''

ဖြူစင်လဲ့ စိတ်ပျက်သံဖြင့် ပြောလိုက်သည်။

"ဒီအိမ်မှာ ကိုဟံသာ တရားဝင် သတိုးသားလောင်းဖြစ်သလို ကျွန်မကလည်း တရားဝင်သတိုးသမီးလောင်း ဖြူစင်လဲ့ပဲလေ . .။ ကိုဟံသာက ဈေးဝယ်စရာရှိတယ်။ ပစ္စည်းဝယ်ဖို့ မိထူးကိုခေါ်သွားမယ် ဆိုရင် ဖေဖေကြီးတို့ ဘယ်လိုငြင်းနိုင်မှာလဲ . . . ''

"ကိုအောင်ဆွေကို ဘယ်လိုချိန်းမလဲ . . . ''

"ကိုဟံသာတပည့်ပဲလေ . . . ။ သူခေါ်ထားတယ်ဆိုရင် ဘယ်သူက ကန့်ကွက်နိုင်မှာလဲ . . . ''

"သူက မနက်လင်းတာနဲ့ သွားတော့မှာနော် . . . ''

စိုးရိမ်သံအပြည့်ဖြင့် ပြောနေသော ဖြူစင်လဲ့ကိုကြည့်၍ မိထူး နှုတ်ခမ်းလေးကိုတွန့်၍ ပြုံးလိုက်၏။

"စိတ်ချပါ . . .။ ကျွန်မ အစောကြီး ကော်ဖီသွားပို့ပြီး ကိုဟံသာကို ဇာတ်စုံရှင်းပြပါ့မယ်ရှင် . . . ''

"ဒီလိုဆိုရင် တော်သေးတာပေါ့ . . . ''

ဖြူစင်လဲ့ သက်ပြင်းချ၏။ ခုန်နေသောရင်ကို ဖိ၍ တံထွေးကို ကြိတ်၍ မျိုချလိုက်လေသည်။

# အခန်း (၃၇)

"ဘာ . . ဘယ်လို . . "

အောင်ဆွေသည် ထမင်းလုံးတစ္ဆေ အိပ်မက်သကဲ့သို့ ထိတ်လန့်သွားသည်။

မိထူးသည် လန့်၍ နောက်သို့တစ်လှမ်းဆုတ်သွား၏။

"မ . . မဖြစ်ဘူး . . . ။ သူပြန်လို့ဘယ်ဖြစ်မလဲ . . . ။ ငါသွားမှဖြစ်မယ် . . . "

အောင်ဆွေ ကော်ဖီ မသောက်နိုင်။ ချက်ချင်းပင် ဟံသာ့ဆီသို့ ခြေကုန်သုတ်ထွက်လာခဲ့သည်။

ကားဂိုဒေါင်ဆီမှ ဘာသံမျှ မကြားရ။ တိတ်ဆိတ်နေပြီ။ အောင်ဆွေ ထိတ်ကနဲ စိုးရိမ်စိတ်ဝင်သွားသည်။

သူတို့သွားကြပြီထင်သည်။

အောင်ဆွေ စိတ်ပျက်စွာ ခေါင်းကို ယမ်းလိုက်သည်။

"ခလူး . . . ခလော့ . . . ခလူး . . . ခလော့ . . . "

"ခ"အက္ခရာကို စီရီထားသော ဟောက်သံများကို ကြားလာရသည်။

အောင်ဆွေ ဝမ်းသာသွားသည်။

မျက်လုံးပွတ်၍ သေသေချာချာကြည့်လိုက်၏။

ဟံသာ့ဆီမှ "ခလူး" သံ . . .။

ဦးလေးထွန်း ဆီမှ "ခလော" သံ . . .။

ထိုအသံတို့ကို တွဲဖက်လိုက်သောအခါ သံစုံတီးဝိုင်းဖြစ်လာ၏။

အောင်ဆွေ လက်ပတ်နာရီကို ငုံ့ကြည့်သည်။

နံနက် ၇ နာရီ ကျော်ပြီ။

ဦးသက်ခိုင်က "ဒီမနက် အိမ်ကဆင်းဖို့" ပြောထားလို့သာ တော်ရော့မည်။

တစ်သက်လုံးများနေခိုင်းလျှင် အိပ်ယာမှတောင် ထမည်မဟုတ်။

"ဟော့ကောင် . . . ဟံသာ ထတော့လေကွာ . . .။ သူဌေးက ဒီမနက် အိမ်ကဆင်းသွားဖို့ ပြောထားတယ်မဟုတ်လား . . ."

ဟံသာက မျက်လုံးပွတ်လိုက်ပြီး နာရီကို အိပ်စုံမှုန်မွှားကြည့်သည်။

"နံနက်ဆိုတာ ၁၂ နာရီမထိုးခင်အထိ နံနက်ပဲဟာ အိမ်ပေါ်က ဆင်းရတဲ့အတူတူ . . . အိပ်ရေးဝအောင် အိပ်ပြီးမှ ဆင်းမယ်ကွာ . . .။ မင်းပြန်တော့ . . ."

"မင်းက သူဌေးသမက်အစစ်လေ . .။ မင်းမေ့နေပြီလား . ."

အောင်ဆွေက ကပ်၍တိုးတိုးပြောသည်။

ဟံသာက အောင်ဆွေ အပြောကို ဂရုမစိုက်။ အိပ်ယာမှထ၍ ခြင်ထောင်ဖြုတ်သည်။

"မင်းပြဿနာ မင်းရှင်းပြီးမှ ပြန် . . .။ မင်း . . မင်းသွားလို့ မဖြစ်ဘူးကွာ . . ."

အသံကျယ်သွား၏။ အောင်ဆွေသည် ကျယ်လောင်သွားသော အသံရှိန်ကို ဘရိတ်အုပ်လိုက်ရ၏။

စိုးရိမ်စိတ်ကြောင့် ကျယ်လောင်သွားသည့်အသံ . . . ။

"မင်း မသွားနဲ့ဆိုရင် . . . ဦးလေးထွန်းပဲ သွားရမယ်ဆိုတဲ့ သဘောလားမောင်ရင် . . ."

ဦးလေးထွန်း အိပ်ယာမှ လှမ်းပြောသံ . . . ။

ဘယ်အချိန်က နိုးနေသည်မသိ . . . ။

"ဦးလေးထွန်းအတွက် လုပ်ငန်းခွင်တည့်တယ် ဆိုရင်တော့ တစ်ယောက်တည်းပဲသွားလေ . . ."

ဟံသာက ပြန်၍အော်ပြောလိုက်၏။

ထိုအပြောကြောင့် ဦးလေးထွန်း အိပ်ယာထဲတွင် ဆက်၍ ငြိမ်မခံနိုင်။ စောင်ခြုံလျက် သူတို့အနီးသို့ရောက်လာ၏။

"အိုးမဲ့အိမ်မဲ့ ခြေသလုံးအိမ်တိုင်လုပ်ပြီး သွားရမယ့်သူကို မောင်ရင်မို့ အားမနာတမ်းပြောလိုက်တာကွယ် . . ."

ဝမ်းနည်းစကားပြောလာသော ဦးလေးထွန်း . . . ။

အင်အား ချိနဲ့လွန်းသောစကား . . . ။

တိုးညှင်းလွန်းသောလေသံ . . . ။

"ဦးလေးထွန်းကို ဒီလောက်တောင် ချမ်းသာကြွယ်ဝလိမ့်မယ်လို့ မထင်မိခဲ့ဘူး . . . ။ စိတ်ထဲက အထင်သေး အမြင်သေးဖြစ်မိတာ တောင်းပန်ပါတယ်ဗျာ . . ."

ဟံသာက အတည်ပေါက် မျက်နှာသေဖြင့် ပြောမှ ဦးလေးထွန်း ပြုံးလာသည်။

ဦးလေးထွန်းက ဟံသာ၏အတည်ပေါက်နောက်ပြောင်တတ်သော အကျင့်ကို သိပြီးသား။

"ဦးလေးထွန်းလည်း ဘယ်မှမသွားပါနဲ့ သူဌေးကို ကျွန်တော် တောင်းပန်ပေးပါ့မယ် . . ."

ဟု အောင်ဆွေက ဝင်ပြောသည်။

"မဖြစ်ဘူးကွယ် . . သူဌေးက စကားကို တစ်ခွန်းပဲပြောတတ်တဲ့ လူကွ . ."

"နှစ်ခွန်းပြောအောင် ကျွန်တော် ပြောပေးပါ့မယ် . . . .။ ဦးလေးထွန်း တားမရလို့ သွားချင်ရင်လည်း နောက်တစ်နေ့မှသွား . .။ နေ့လယ်မှာ ပြည်က သူဌေး . . . အဲ . . အဲ . . ကျွန်တော့်အဖေ ရောက်လာလိမ့်မယ် . . .။ အဲဒါကျမှ ဘယ်တွေ . . . . ဘယ်လို . . .။ ဘယ်လို . . . . ဘာတွေဖြစ်လာမလဲဆိုတာ မပြောတတ်ဘူး . . . .။ ကျိုးကန်းလား . . . . ဒေါင်းလား . . . . ဝင်ကစွပ်ကောင်လား ဆိုတာလည်း အဲဒီကျမှ ဇာတ်ပေါင်းမယ် . . ."

အောင်ဆွေသည် ပဟေဠိဆန်သောစကားကို ပြောရင်း ဦးလေးထွန်းကို အကဲခတ်မိသည်။

ဦးလေးထွန်း၏ စေ့ထားသည့်ပါးစပ် အနည်းငယ် ပွင့်ဟလာ၏။ အတွေးခက်ခက် . . . အပြောခက်ခက် . . .။

အတွေးခက်တော့ အပြောလည်း ခက်နေလေတော့သည်။

# အခန်း (၃၈)

ဦးသက်ခိုင်တို့၏ အိမ်ရှေ့ဆင်ဝင်ထဲသို့ အငှားကားလေးတစ်စီး ထိုးရပ်လာလေသည်။

ကားတံခါးပွင့်လာ၏။

မာန်ကြီးသောခြေထောက်နှစ်ဖက်သည် ကားတံခါးပွင့်လျှင် ပွင့်ခြင်း အရင်ထွက်လာသည်။

ထိုခြေထောက်နှစ်ဖက်ပိုင်ရှင် ပုဂ္ဂိုလ်ကြီးသည် အိတ်ကြီးတစ်လုံးကို လွယ်လျက် ဒေါင်းချည်မောင်းချည်ဖြင့် အိမ်ပေါ်သို့ တက်သွားလေတော့၏။

"ဟင် . . . ကိုဘိုလှခေါင်ကြီး . . ."

"ကိုလှခေါင် . . ."

ကားသံကြား၍ လှမ်းကြည့်နေရာမှ ရုတ်တရက် ဦးလှခေါင်၏ မျက်နှာပြံပြုံကြီးကို မြင်လိုက်ရသောကြောင့် ဦးသက်ခိုင်တို့လင်မယား အံ့အားသင့်သွားကြသည်။

ရန်ကုန်ရောက်လျှင် ဖုန်းဆက်၍ ကားခေါ်မည်ဟု ထင်ထား၏။

"ဖုန်းဆက်ပြီး အကြောင်းကြားလိုက်ရောပေါ့ . . .။ ကိုဘိုလှခေါင်ရယ် . . .။ ကားနဲ့ လာကြိုမှာပေါ့ . . .။ ဘယ်နှယ်

အငှားကားစီးလာရတယ်လို့ . . . "

"ဇျူပ်က စိတ်မြန်လက်မြန်သမား မဟုတ်လားဗျ . .။ အရေးထဲ အိမ်က ဒရိုင်ဘာကလည်း ဖျားနေသေးတယ် . . .။ ဒါ့ကြောင့် အိတ်စ်ပရက်ကားနဲ့ပဲထွက်လာတာ . . ."

ဦးလှခေါင်သည် ပြောသာပြောနေရသည်။ မျက်လုံးက အိမ်၏ နေရာအနှံ့ရှာဖွေနေ၏။

ပြီးမှ ဒေါသသံဖြင့် .

"ကျုပ်လည်း မယဉ်ဝေဆီက ဖုန်းရကတည်းက သွေးတက်လာတယ်။ ဘယ်မလဲ . . . ဟိုခွေးကောင် . . ."

ဦးလှခေါင် ဒေါသသံကြောင့် အခန်းထဲတွင် ကုပ်၍နေသော အောင်ဆွေ မျက်လုံးပြူးသွားသည်။

ဦးသက်ခိုင်နှင့် ဒေါ်ယဉ်ဝေတို့လည်း ဘာမျှမပြောရဲကြ။ အောင်ဆွေ့အခန်းဘက်သို့သာ မျက်လုံးကစား၍ ကြည့်နေမိသည်။

"ခွေးကောင် . . . ဘယ်မလဲ . . . ထွက်ခဲ့စမ်း . . ."

ဒေါ်ယဉ်ဝေက -

"ကျွန်မ သွားခေါ်ပေးပါ့မယ် . . .။ ကိုလှခေါင်ကြီးရယ် . . .။ ရှင်က ဒေါသကြီးနေတော့ ကလေးက ဘယ်ထွက်ရဲပါ့မလဲ . . ."

ဟုပြောပြီး ဒေါ်ယဉ်ဝေလည်း အောင်ဆွေ အခန်းဆီသို့ ရောက်လာသည်။

တံခါးခေါက်၍ -

"ထွက်ခဲ့ . . . မင်းအဖေ ခေါ်နေတယ် . . ."

ဟု ခပ်တိုးတိုးခေါ်၏။

"ဟာဗျာ . . . ကျွန်တော်ထွက်ရင် ခွေးဖြစ်သွားမှာပေါ့။ သူခေါ်နေတာကြားတယ်မဟုတ်လား . . .။ ဟို . . . ခွေးကောင်

ထွက်ခဲ့စမ်း . . တဲ့ . . "

ဒေါ်ယဉ်ဝေက ခပ်တိုးတိုးရယ်လိုက်ပြီး

"အဖေက စိတ်ဆိုးလို့ပြောတာပါကွယ် . . . .။ လာပါ . . . ထွက်ခဲ့ပါကွယ် . . .။ မင်းတို့ရှေ့မှာ အန်တီတစ်ယောက်လုံး ရှိပါတယ်။ လာပါကွယ် . . လာပါ . . . "

ဒေါ်ယဉ်ဝေက အောင်ဆွေကို ချော့လည်းချော့၊ ပုဆိုးစကိုလည်း ဆွဲ၍ အခန်းပြင်သို့ခေါ်လာခဲ့သည်။

အောင်ဆွေသည် တစ်ခါမျှမမြင်ဖူးသော ဦးလှခေါင်ကို လူစိမ်းကြည့် ၊ ကြည့်၏။

ဦးလှခေါင်ကလည်း လူစိမ်းကြည့် ၊ ကြည့်၏။

သုံးလေးလအတွင်း သူ့သား ဒီလောက် မြန်မြန်ဆန်ဆန် ရုပ်ပြောင်းသွားသလားဟု အံ့သြနေမိသည်။

ပြီးမှ သတိဝင်လာသည်။

"မင်း . . . မင်းဘယ်သူလဲ . . . "

"ခင် . . . ခင်ဗျာ . . . "

ဦးသက်ခိုင်နှင့် ဒေါ်ယဉ်ဝေတို့က သားအဖနှစ်ယောက်၏ မြင်ကွင်းကို ငေးမောစွာ ကြည့်နေကြသည်။

ဒေါ်ယဉ်ဝေက မနေနိုင်၊ ကြားဝင်၍ ပြောရသည်။

"ကိုဘိုလှခေါင်ကြီးရယ် . . . ကိုယ့်သားကိုယ်တောင် မမှတ်မိ တော့ဘူးလား . . .။ ကျွန်မတို့ အကျွေးအမွေးအပြုအစု ကောင်းလို့ ပေါ့နော် . . . ဟင်း . . . ဟင်း . . . "

ဦးလှခေါင်က ဒေါ်ယဉ်ဝေကို မျက်စောင်းခဲ၍ လှမ်းကြည့်ရင်း-

"ဘာလည်း မသိ၊ ဘာလည်း မသိ . . . တိတ်တိတ်နေစမ်း . . .။ စိတ်ကောင် ငါမေးနေတယ် . . . မင်းဘယ်သူလဲ . . . လူပုံက

သစ်ကုလားအုတ်လိုလို . . . ငှက်ကြီးဝံပိုလိုလို . . . ဘာသတ္တဝါမှန်း မသိဟဲ့အကောင် . . မင်းလိုအကောင်မျိုး . . ငါမွေးမိရင် ချက်စားဒိတာ ကြာပြီ . . ."

အောင်ဆွေသည် ဦးလှခေါင်၏ဒေါသတကြီးပြောသံကြောင့် အကြောက်လွန်ပြီး ဘာပြောလို့ ပြောရမှန်းမသိ။

ပြောမည့်စကားများကို စီစဉ်၍မရ။ လည်ချောင်းထဲမှသာ တစ်လုံးပြီးတစ်လုံးပျောက်ဆုံးကုန်ကြသည်။

"မင်း ဘယ်သူလဲလို့ မပြောရင် လူသတ်ကောင်ပဲ . . ."

"ခင် . . ခင်ဗျာ . . . လူသတ်ကောင် . . ."

သို့မှ အောင်ဆွေ့အသံ တုန်တုန်ယင်ယင်ထွက်လာ၏။

"ဟုတ်တယ် . . . မင်း လူသတ်ကောင် . . .။ ငါ့သားကို သတ်ပြီး ငါ့သား အယောင်ဆောင်တာပေါ့ဟုတ်လား . . .။ အခု . . ရဲစခန်းကို ဖုန်းဆက်ပြီး မင်းကိုဖမ်းမယ် . . ."

ဦးသက်ခိုင်က ဒေါ်ယဉ်ဝေကိုကြည့်၏။ ဒေါ်ယဉ်ဝေကလည်း ဦးသက်ခိုင်ကို တိုင်ပင်ထားသလို ပြန်ကြည့်သည်။

အမယ်လေး . .။ လူသတ်ကောင် ဆိုပါလား။

လူသတ်ကောင်ကိုမှ သူတို့အိမ်ပေါ် တင်ထားမိပြီ။

"အမယ်လေး လူသတ်ကောင် . . ."

ဒေါ်ယဉ်ဝေ ကြက်သီးထလျက် အော်၍ပြောလိုက်သည်။

"မ . . မဟုတ်ရပါဘူးဗျာ . . .။ ကျွန်တော် လူသတ်ကောင် လည်း မဟုတ်ပါဘူး . . .။ လူသတ်ဖို့နေနေသာသာ ကွာစေ့တောင် အခွံကိုက်ပြီး မစားဝံ့ပါဘူး။ ကျွန် . . . ကျွန်တော် ရှင်းပြပါ့မယ် . ."

"ရှင်းကွာ . . . အခုရှင်း . . ငါ့သားဟဲ့သာ ဘယ်မှာလဲ . . ."

"ကျွန်တော် ဒီမှာပါ ဖေဖေ . . ."

ဟံသာ့အသံကြောင့် ဖြူစင်လဲ့ရော၊ မိထူးပါ အခန်းထဲမှ ပြေးထွက်လာကြသည်။

လူအားလုံး၏ မျက်လုံး ၁၀ လုံး၊ အောင်ဆွေ၏ မျက်လုံး ၂ လုံးနှင့် ပေါင်းလျှင် စုစုပေါင်း မျက်လုံး ၁၂ လုံးတို့သည် ဟံသာ၏ ကိုယ်ခန္ဓာအနှံ့အပြားသို့ ကျရောက်သွား၏။

နေရောင်အစက်အပျောက်များ ထိုးကျသလို ကျ၏။

ထပ်ခါ တလဲလဲကျ၏။

"သား . . . သား ဟံသာ . . . "

"ဖေ . . . ဖေဖေ . . . "

သားအဖနှစ်ယောက် ပြေး၍ဖက်ထားကြ၏။

"ဘာတွေဖြစ်ကုန်လဲ . . . ဘာတွေဖြစ်ကုန်လဲ . . . . "

မြင်ရသူအပေါင်းက သူတို့ကိုယ်သူတို့ မေးခွန်းပြန်၍ထုတ်ကြ၏။

သားအဖနှစ်ယောက်တို့သည် နှစ်ပေါင်းများစွာ မတွေ့ရသူများကဲ့သို့ ဖက်နေကြပြီး ဟံသာက ဖခင်၏ရင်ခွင်ထဲမှ ထွက်၍ -

"ဒီက ဖေဖေရော . . . အန်ကယ်တို့ . . . အန်တီတို့ရော . . . အကြောင်းစုံကို ကျွန်တော် ရှင်းပြပါ့မယ်ခင်ဗျာ . . . "

# အခန်း (၃၉)

ဟံသာသည် ဇာတ်လမ်း၏ စ၊ လယ်၊ ဆုံးအား အသေးစိတ် ရှင်းပြလိုက်သည်။

အခန်းတစ်ခန်းလုံး တိတ်ဆိတ်နေ၏။ အိမ်မြှောင် "စုပ်"ထိုးသံ တစ်သံမှလွဲ၍ ဘာမျှမကြားရ။

နားထောင်နေသူအားလုံး အသက်ရှူဖို့ပင် မေ့၍နေသည်။

နားစွင့်ထားသကဲ့သို့ မျက်တောင်တစ်ချက်မျှ မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့်နေကြ၏။

ဇာတ်လမ်းပြီးဆုံးသွားနှင့် -

"ဟင် . . ."

"ဟာ . . ."

ဆိုသည့် အာမေဍိတ်သံများ . . .။

ဝိုင်းကြည့်၍ စူးစိုက်စွာ နားထောင်နေသူ မျက်လုံး ၁၂ လုံး အနက် (အောင်ဆွေမှလွဲ၍) မျက်လုံး ၁၀ လုံးတို့မှာ တစ်စုံချင်း၊ တစ်စုံချင်း ပြူးကျယ်ကုန်ကြ၏။

ဦးဘိုလှခေါင် . . .။

ပြီးလျှင် . . . ဦးသက်ခိုင် . . . .။

ထို့နောက် . . . ဒေါ်ယဉ်ဝေ . . .။

တစ်ဖန် ဖြူစင်လဲ့ . . .။ မိထူး . . .။

"ဖေဖေကိုရော . . . အန်ကယ် နဲ့ အန်တီတို့အပေါ် အခုလို ဖန်တီးမှုဇာတ်လမ်းတွေလုပ်လိုက်မိတဲ့အတွက် အနူးအညွတ်တောင်းပန်ပါတယ် . . . .။ ခွင့်လွှတ်ကြပါ . . ."

ဟု ခါးကလေးကိုညွတ်၍ အရိုအသေပေးလိုက်ရင်း တောင်းပန်လိုက်သည်။

ပြီးနောက် ဖြူစင်လဲကို အကဲခတ်လိုက်သည်။

ဖြူစင်လဲ့မျက်နှာမှာ လမင်းကဲ့သို့ . . .။

ပန်းကလေးတစ်ပွင့်ကဲ့သို့ . . .။

အောင်ဆွေဘဝမှ ရုတ်တရက် ဟံသာအဖြစ်ပြောင်းလဲသွားသဖြင့် သူပို၍ ဝမ်းသာရသည်။

စိတ်တူ၊ သဘောတူ၊ ချစ်သူတွေဖြစ်ကြသည့်အပြင် မိဘချင်းကလည်း သဘောတူထားသဖြင့် တူ ၄ တူ ပိုင်ဆိုင်ခွင့်ရသွားခဲ့လေသည်။

ဖြူစင်လဲ့က မိထူးမျက်နှာကို ငဲ့၍ကြည့်ရင်း အကဲခတ်လိုက်သည်။

မိထူးထံမှ လင်းလဲ့၍ထွက်လာသော အပြုံးစလေးများကို မြင်လိုက်ရလေ၏။

သူက အောင်ဆွေ့ကို ဟံသာအဖြစ်နှင့် အချစ်သည် မရဲတရဲ အချစ် . . .။

မိထူးသည် အောင်ဆွေကို ရဲရဲကြီးချစ်သွားနိုင်ပြီ။

အောင်ဆွေ့ ဘက်ကသာလျှင် . . .။

အောင်ဆွေကလည်း တစ်မျိုးဆန်း၍တွေးခဲ့မိသည်၊ သူသည် ဟံသာဆိုသော သူဌေးသားအမည်ခံ၍ ဖြူစင်လဲ့ အမည်ခံ မိထူးကို ချစ်မိသည်၊ တကယ်ပင် ချစ်သွားခဲ့၏။

သူအချစ်က သူဌေးသမီး ဖြူစင်လဲ့ကို ချစ်သောအချစ်မျိုးမဟုတ်။

မိထူးဆိုသည့်ကောင်မလေး၏အပြုံး နီဒါန်း . . .။

နှုတ်ခမ်းစူတာလေး စာကိုယ် . . .။

ခြေဆောင့်တာလေးက နိဂုံး . . .။

အောင်ဆွေ့အချစ်က မိထူး၏ နိဒါန်း၊ စာကိုယ်၊ နိဂုံးလေးများကို ချစ်နေမိခြင်းမျိုး . . .။

ဦးသက်ခိုင်သည် အပြုံးလှလှလေးတစ်ခိုင်ကို ပိုင်ပိုင်နိုင်နိုင်ကိုင်၍ "ကျေနပ်ခွင့်လွှတ်"သည့် အပြုံးဖြင့် ပြုံးပြပြီး -

"မောင်ဟံသာကို အန်ကယ် ခွင့်လွှတ်ပါတယ်။ လူငယ်တွေရဲ့ အချစ်စစ်အချစ်မှန် ရှာဖွေပုံကတော့ နားမလည်နိုင်အောင်ဘဲ ကိုလှခေါင်ရေ . . ."

ဟု ဦးလှခေါင်ဘက်သို့ ပြောပြီး ဟံသာဆီသို့ လှည့်၍ -

"အန်ကယ်ကိုလည်း ပြန်ပြီးခွင့်လွှတ်ဖို့ တောင်းပန်ပါတယ် . . ."

"ရပါတယ် အန်ကယ် . . ."

ဟု ဟံသာက ပြန်ပြောလိုက်၏။

"ဘယ်ဟုတ်မလဲ မောင်ဟံသာရယ် . .။ အန်ကယ်က သမက်ကို သူခိုးထင်ပြီး အနုတ်စုပ် ဂုတ်စုပ် . . အုတ်ကြွားမြက်ပေါက် . . . ကျွန်စုပ်တဲ့ သရက်စေ့ . . . နှာခေါင်းထဲက နှပ်ချေးဆိုတဲ့ စကားလုံးတွေနဲ့ . . . . နှိမ့်ချပြောဆိုခဲ့တာတွေ အများကြီးရှိခဲ့တာကွယ် . . . အဲပြီးတော့ . . ."

ဦးသက်ခိုင်က အားတုန့်အားနာ မျက်လုံးဖြင့် ငေးငေးစိုက်စိုက် ကြည့်ရင်း

"ခွေးကျွေးတဲ့ . . . . အမဲရိုးကျွေးမိတာကိုလည်း . . . ခွင့်လွှတ်ပါကွယ် . . ."

"ဘာ . . . ခင်ဗျားက ကျုပ်ရဲ့သား အညွန့်အဖူးလေးကို ခွေးစာအမဲရိုး ကျွေးတယ်ဟုတ်လား ကိုသက်ခိုင် . . . ရက်စက်ပါပေ့ဗျာ"

ဦးလှခေါင် မချိတင်ကဲ ဝင်၍ပြောလိုက်သည်။ အိမ်မှာဆိုရင် အစားအသောက် ဇီဇာကြောင်သည့်သား . . ။

"ဒါကလည်း ဖေဖေရယ် . . . . သားရဲ့အပြစ်ပါ။ သားက ဟံသာအနေနဲ့ ဆက်ဆံခဲ့တာမှ မဟုတ်ဘဲ။ သူဌေးသားရဲ့အကူ အောင်ဆွေလေ . . "

သားစကားပြောတော့လည်း ဦးလှခေါင် ကျေနပ်ရပြန်သည်။

ဦးသက်ခိုင်က ဆက်၍-

"ကဲ . . ယဉ် . . ။ ယဉ်ဘက်ကလည်း မှားခဲ့တာလေးတွေရှိရင် တောင်းပန်လိုက်ပါဦးကွယ် . . . "

ဒေါ်ယဉ်ဝေက -

"ယဉ်ဘက်ကတော့ ဒီ ငရှည်ကြီးကို ဟံသာဆိုပြီး ဂရုစိုက်လွန်း အားကြီးတာပဲရှိပါတယ် . . . "

"ဟုတ် . . . ဟုတ်ပါတယ် . . . အန်တီ"

အောင်ဆွေက ခါးရှည်ကြီးကို ကိုင်းနိုင်သမျှကိုင်း၍ ပြောသည်။

"ဘာ . . . ဟုတ်ပါတယ်လဲ . . . ။ မင်းကို ငါတို့သမက်ဆိုပြီး ကျွေးလိုက်မွေးလိုက်ရတာ . . ။ မင်းအရပ်က ရှည်တော့ အူလည်း ရှည်တယ် . . . ။ အူရှည်တော့ ပိုပြီး ထမင်းဝင်တယ် . . . ။ ထမင်းဘိုး ခင်းလျှော်ခဲ့ရမယ် . . . "

"ဗျာ . . "

အောင်ဆွေ၏ ရှေ့သို့ ကိုင်းညွတ်နေသော ခါးရှည်ကြီးလန့်၍ ပြန်မတ်သွားလေ၏။

"ဟုတ်တယ် လျှော်ပေးရမယ်၊ မင်း . . တို့အိမ်မှာ စားတဲ့

ထမင်းအနပ်ပေါင်း ၁၀၀ ကျော်တယ်။ အခုခေတ် ပေါက်ဈေးနဲ့ဆိုရင် ခပ်ပေါပေါဈေးနဲ့ပဲ တွက်ကြည့်၊ တစ်နပ်ကို ၅၀၀ ကျပ်၊ အနပ် ၁၀၀ ဆိုတော့ ငွေ ၅၀၀၀၀ ကျပ် ကျတယ် . . "

ဟံသာက ရယ်၍-

"ကျွန်တော့်မှာပဲ တာဝန်ရှိလို့ ကျွန်တော်ကပဲ လျှော်ပေးပါ့မယ် . . အန်တီ . . "

"အို . . မင်းက ငါ့သမက်ပဲ မလျှော်နဲ့နော် . . နော် . . "

အောင်ဆွေက -

"အခုတစ်မျိုး . . အခုတစ်မျိုး . . တော်တော်တတ်နိုင်တဲ့ အဘွားကြီး"

ဟု စိတ်ထဲက ကြိတ်၍ မေတ္တာပို့၏။

ဒီမှာတင် ဖြူစင်လဲ့သည် ပွဲလည်သို့ထွက်လိုက်၏။

"တကယ်တော့ ဒီကိစ္စမှာ ဘယ်သူမှ အပြစ်မရှိကြပါဘူး။ အဓိကတရားခံနှစ်ဦးပဲရှိတယ် . . ။ အဲဒီလူနှစ်ယောက်ကတော့ . . . "

ဖြူစင်လဲ့သည် ဟံသာကို ပြုံးထေ့ထေ့ကြည့်၍ -

"ကျွန်မနဲ့ ကိုဟံသာပါပဲ . . . ။ ဒီအကြံအစည်ကို ကျွန်မက ကြိုတင်ပြီး ကြံစည်ခဲ့သလို . . . . အကြံတူတဲ့ ကိုဟံသာကလည်း ဒီအကြံအစည်မျိုးကိုပဲ ကြံစည်ခဲ့လို့ ဖေဖေတို့ . . . မေမေတို့နဲ့ မိထူးတို့ပါ ကြားထဲက တရားခံ ဖြစ်ခဲ့ရတယ် . . . ။ တစ်ခုတော့ ကောင်းပါတယ် . . . ။ ကျွန်မရော ကိုဟံသာပါ ရှာဖွေဆန်းစစ်ခဲ့တဲ့ မေတ္တာစစ် မေတ္တာမှန်ကို အတိအကျတွေ့ခဲ့ရပါတယ် . . . ။ ကျွန်မတို့လိုချင်တဲ့ အဖြေဟာဒါပါပဲ . . . "

"ကဲ . . . ကိုဘိုလှခေါင်ကြီး . . . သမီးပြောတာ ကြားပြီ မဟုတ်လား . . . ။ ကျုပ်တို့ကသာ မောင်ဟံသာတို့ ညတိုင်း အသံ

ပြကြီးနဲ့ အော်ဆိုတဲ့ လိမ်တယ် ညာတယ် လူညာကြီးရယ် သိချင်းကိုပဲ နားထောင်ခဲ့ရတာ အဖတ်တင်တယ် . . . "

ရယ်သံများ တစ်ခန်းလုံး ဆူညံသွားကြလေ၏။ ရယ်သံများ တိတ်တော့ ဟံသာသည် ဖြူစင်လှဲ့လက်ကို မြဲမြဲဆုပ်ကိုင်ထားသလို အောင်ဆွေကလည်း မိထူးလက်ကို ချိတ်၍ထားလိုက်၏။

"ကဲ . . . ကိုသက်ရေ . . . ကျွန်မတို့တစ်ခါတည်းပဲ မင်္ဂလာ စုံတွဲ နှစ်တွဲကို မင်္ဂလာဆောင်ပေးလိုက်ကြမယ်နော် . . . "

ဒေါ်ယဉ်ဝေ အပြောကြောင့် -

"ကောင်းတယ် . . . သိပ်ကောင်းတယ် . . . "

အောင်ဆွေနှင့် မိထူးက ထောက်ခံ၏။

သူတို့အသံနှစ်သံက အကျယ်ဆုံး။

"အံမယ် . . ကြက်တူရွေးက တော်တော် . . ဝင်ကစွပ်ကောင်က ခပ်ကဲကဲ ဆိုတာ ဒါမျိုးပေါ့ . . "

ဟု ဒေါ်ယဉ်ဝေက အောင်ဆွေကို မျက်စောင်းခဲ၍ပြောသည့် အခါ ဝိုင်းရယ်သံညံသွားလေသည်။

"ကဲကဲ . . . အားလုံးလည်း ဇာတ်ပေါင်းကြပြီ ဖြစ်လို့ . . ကျွန်တော့်ကို သွားခွင့်ပြုပါဦး . . . "

ဦးလေးထွန်း၏ နှုတ်ဆက်သံ . . . ။

အထုပ်အပိုးများလွယ်၍ ဦးလေးထွန်း နှုတ်ဆက်သည်။

"နေပါဦး . . ဦးလေးထွန်းရ . . . ။ ဘယ်ကိုသွားမလို့ လာပြီး နှုတ်ဆက်ရတာလဲ . . . "

ဟု ဦးသက်ခိုင်က မျက်မှန်အပေါ်က ကျော်၍ ကြည့်ရင်း မေးလိုက်၏။

**သူ့ပဲအိမ်ပေါ်တနင်ချပြီး အခုတော့ ဘာမှမဟုတ်သလိုနေသည်။**

အတော်တတ်နိုင်တဲ့လူကြီး . . .။

ထိုလူကြီးကို ဦးလေးထွန်း ဆန်းစစ်သည့်အကြည့်မျိုးဖြင့် လှမ်း၍ ကြည့်မိသည်။

"ဦးလေးထွန်းရာ . . . ကျုပ်က စိတ်ဆိုးလို့ ပြောမိတာပဲ . . .။ ဘယ်လိုမှ အမှတ်မထားပါနဲ့ . . .။ ဒီနေ့ကစပြီး ဦးလေးထွန်းကို ကျွန်တော့်ရဲ့ သက်တော်ရှည် ကားဒရိုင်ဘာကြီးအဖြစ် ခန့်အပ်လိုက်ပြီဗျာ . . ."

မဆီမဆိုင် သက်တော်ရှည်**အမတ်ကြီး**ပဲ ကြားဖူးသည်။

သက်တော်ရှည်အမတ်ကြီးဆိုတာ ရှင်ဘုရင်ကို အကြံဉာဏ်ပေးပြီး နန်းတွင်းမှာ ဇိမ်နဲ့နေရသူ။ အဆောင်အယောင်တွေနဲ့ ခန့်ညားထည်ဝါစွာနေရသူ။ အဆီယစ်နေသူ။

သူကတော့ တစ်သက်သုံး ကားဒရိုင်ဘာ လုပ်ပေးရမည်ဆိုတော့ . . .။

ဘာပဲဖြစ်ဖြစ် နေစရာမရှိတာနှင့်စာလျှင် သူဌေး၏ကားဂိုဒေါင်ကမှ နွေးထွေးပါသည်။

"ကျေးဇူးတင်ပါတယ် သူဌေး . . ."

ဦးလေးထွန်းက ကိုရိုးယားဇာတ်လမ်းတွဲထဲမှ အမူအရာအတိုင်း ပြန်ပြောလိုက်သည်။

"ကဲ . . ကဲ . . ဦးလေးထွန်းရေ . . ခင်ဗျားက အတွေ့အကြုံရှိတဲ့လူကြီးဖြစ်နေလို့ တစ်ခါတည်းပဲ ပဏာမ မင်္ဂလာပွဲလေး ကျင်းပချင်တယ်ဗျာ . . .။ ခင်ဗျားကပဲ မင်္ဂလာစကားလေးဘာလေး ချီးမြှင့်ပေးပါဗျာ . . ."

ဦးသက်ခိုင်က ဦးလေးထွန်းကို တာဝန်ပေးတောင်းဆိုလိုက်လေသည်။

ထို့နောက် ဦးလေးထွန်းသည် မိဘများကို အိမ်ဦးခန်းဘွင် နေရာချထိုင်ခိုင်းလိုက်ပြီး သတို့သား သတို့သမီး နှစ်တွဲကိုလည်း ရှေ့တွင် နေရာချပေးလိုက်သည်။

ဦးလေးထွန်းက "အဟမ်း"ဟု ချောင်းတစ်ချက်ဟန့်ပြီး -

"အဟမ်း .. မင်္ဂလာဆိုတာ ပါဠိစကားဖြစ်တယ် ....။ ပါပံလုနာတိ ဆိန္နတိတိ မင်္ဂလံ လို့ ဆိုပါတယ် ...။ အနက်အဓိပ္ပာယ်ကတော့ မကောင်းမှုအလုပ်ဟူသမျှကို ဖြတ်တောက်တတ်၊ ဖျက်ဆီးတတ်သည့်သဘောဟာ မင်္ဂလာဖြစ်ပါတယ် ...။ အဲဒီမင်္ဂလာကို ဆောင်ရွက်တာကိုတော့ မင်္ဂလာဆောင်တယ်လို့ ခေါ်တယ် ..."

ဦးသက်ခိုင်က မျက်ခုံးကို ပင့်ကြည့်၍ ချီးမွမ်းသည့်အပြုံးမျိုး ပြုံးပြသည်။ အထင်ကြီးသည့်အပြုံးမျိုး ...။

ဦးလေးထွန်းက လောကီ မင်္ဂလာ ၁၂ ခန်းကို အဆီအငေါ်မတည့် ရွတ်ပြသည်။ နားထောင်သူအားလုံးကလည်း ဘာမျှမရသဖြင့် အမှန်ချည်း ပဲဟုသာ အထင်မှတ်နေကြသည်။

"ဦးလေးထွန်း ရှေ့ဆက်ပြီး ပြောရမှာက လင့်ကျင့်ဝတ်တရား ခြောက်ပါး၊ မယားကျင့်ဝတ်တရားလေးပါး ဖြစ်တယ် ..."

ဒေါ်ယဉ်ဝေ မျက်လုံးပြူးသွားသည်။

မျက်လုံးပြူးကြီးနှင့်ပင် ဦးလေးထွန်းကိုကြည့်၍ -

"လင့်ဝတ္တရားငါးပါး၊ မယားဝတ္တရားငါးပါးပါ ဦးလေးထွန်းရဲ့ .."

ဦးလေးထွန်း ကြက်သီးထ၍ ခေါင်းကြီးသွားသည်။

ခေါင်းကိုကုတ်ပြီး -

"ဟဲ .. ဟဲ .. ကျွန်တော် ကူးရေးပြီး ကျက်တာရောသွားတယ် ထင်တယ် ..."

"ပညာရှိ သတိဖြစ်ခဲ ဆိုသလိုပါပဲဗျာ .. ကဲ .. ဆက်ပြောပါဦး"

ဦးလှခေါင်က ဝင်ထောက်၍ အရှက်ပြေအောင်ပြောလိုက်သည်။ သို့မှပင် ဦးလေးထွန်း "ဟင်း"ကနဲ သက်ပြင်းချနိုင်သည်။ သက်ပြင်းချသံသည် မိုးထစ်ချုန်းသံတစ်ဝက်။

"ကဲ . . . မောင်တို့မယ်တို့ လင့်ဝတ္တရားနဲ့မယားဝတ္တရားတို့ကိုကော သိကြတယ် မဟုတ်လား . . ."

"သိပါတယ် ဦးလေးထွန်း . . ."

သတို့သားနှင့်သတို့သမီးတို့၏အသံကြောင့် ဦးလေးထွန်း ပို၍စိတ်သက်သာရာရသွားသည်။ နို့မဟုတ်လျှင် လွဲနိုင်သေးသည်၊ သူလည်းကောင်းကောင်းမရ။

သို့သော် ဦးလေးထွန်း အပိုင်ဆုံး မင်္ဂလာစကားပြောရန်ရှိသေးသည်။

"ဘဝကြင်ဖော်ရွေးရာမှာ ဂုဏ်အင်္ဂါနဲ့ပြည့်စုံရမယ့် အချက်တွေကိုလည်း ဦးလေးထွန်းပြောချင်သေးတယ် . .။ ဗုဒ္ဓစာပေ အင်္ဂုတ္တရနိကာယ် သမဇီဝိသုတ်မှာ လင်မယားနှစ်ဦးစလုံးတို့ဟာ တူလေးတူနဲ့ပြည့်စုံရမယ်တဲ့ အဲဒီ တူလေးတူကိုကော မောင်တို့မယ်တို့ သိကြသလား . ."

"သိပါတယ် ဦးလေးထွန်း . . ."

ဟံသာက ပြောသည်။

"ပြောပါဦးကွယ် . . ."

"တရုတ်စားတဲ့တူ၊ ဂျပန်စားတဲ့တူ၊ ကိုရီးယားတူနဲ့ မြန်မာတူပါ ဦးလေးထွန်း . . ."

ဦးလေးထွန်းက သံပုရာသီးကို ဝါးစားလိုက်သကဲ့သို့ မျက်နှာကြီးမဲ့ရှုံ့သွားသည်။ ဇရာ၏အရေးအကြောင်းကြီးများ အထင်းသား။

"ဟုတ်လည်း ဟုတ်တယ်၊ ဟုတ်လည်း မဟုတ်ဘူး . . ."

အောင်ဆွေက ကန့်ကွက်သည်။

"ဟံသာကလည်းကွာ သိလည်း မသိဘဲနဲ့ . . .။ တူလေးတူ ဆိုတာ ငါးပေါင်တူ၊ သံရိုက်တူ၊ ပြုတ်တူနဲ့ အစ်မရဲ့သား . . တူ . . ."

ရှောက်သီးတစ်လုံးကို ထပ်၍ ဝါးစားလိုက်သလို မျက်နှာကြီး ထပ်၍ ရှုံ့တွသွားသော ဦးလေးထွန်း . . .။

"ပညာရှိကြပါပေတယ် . .။ ကဲ . . ဒါဆို . . ဝိသာခါရဲ့ဖခင် သူဌေးကြီး ဆုံးမစကား ၁၀ ပါးထဲက အတွင်းမီးကို အပြင်သို့ မထုတ်ရခြင်း၊ အပြင်မီးကို အတွင်းသို့ မသွင်းရခြင်း ဆိုတာကိုကော ဘယ်လိုနားလည်ကြသလဲကွဲ့ . . ."

ဟံသာက သူသိကြောင်း လက်ညှိုးထောင်လိုက်သည်။

"ပြောပါဦး မောင်ဟံသာ . . ."

"အတွင်းမီးကို အပြင်ထုတ်ရင် ကောက်ရိုးပုံတို့ အမှိုက်ပုံတို့ကို မီးလောင်မှာစိုးလို့ပါ။ အဲ . . အပြင်မီး အတွင်းကိုသွင်းရင် အိမ် မီးလောင်မှာ စိုးလို့ပါ ဦးလေးထွန်း . . ."

"မှန်နေပြန်ပြီ"

ဦးလေးထွန်း စိတ်ပျက်စွာညည်းသည်။

"ပြန်ပေးသူအားသာ ပေးရခြင်း၊ ပြန်မပေးသူအား မပေးရ ခြင်းဆိုတာကကော . . ."

အောင်ဆွေက လက်ညှိုးထောင်၍ဝင်ဖြေသည်။

"ဒါက ရှင်းပါတယ်။ ချေးထားတဲ့အကြွေးကို အတိုးရော အရင်းပါ ပြန်ဆပ်ရင် ထပ်ချေးမယ်။ မဆပ်ရင် ဆက်ပြီး မပေးဘူး။ ကြွေးမဆပ်တဲ့ လူကို ထပ်ပေးရင် ပေးတဲ့လူလောက်မိုက်တဲ့လူ ရှိပါ့မလား . . ."

"မှန်နေပြန်ပြီကွာ . . ."

ဦးလေးထွန်း ခေါင်းယမ်းပြီးရင်း ယမ်းနေသည်။

"ကဲ . . ဒါဆို. . မီးကို လုပ်ကျွေးရခြင်းဆိုတာကကောကွာ . . "

မိထူးက "ကျွန်မသိတယ် . . ."

ဟု ပြောသည်။

"ပြောပါဦး . . . "

"မီးဖိုပေါ်မှာ ထမင်းချက်တာတို့၊ ဟင်းချက်တာတို့ဟာ မီးကို လုပ်ကျွေးတာပေါ့။ ဒါမှ မကျေနပ်ရင် မီးဖိုထဲ အမဲခြောက်ပစ်ပြီး ကျွေးရတာကို ပြောတာပါ ဦးလေးထွန်း . . ."

"ထပ်ပြီး မှန်နေပြန်ပြီ . . . "

ဦးသက်ခိုင်၊ ဒေါ်ယဉ်ဝေနှင့် ဦးလှခေါင်တို့က တပြုံးပြုံးဖြင့် ပဟေဠိနန်းတော်ကို ရှုစားနေသလို . . .။

"အိမ်တွင်းနတ်ကို ရှိခိုးရခြင်းဆိုတာကကောကွာ . . . "

တစ်လွဲတစ်ချော်အဖြေများကိုသာ ကြားနေရသဖြင့် ဦးလေးထွန်း စိတ်မရှည်နိုင် . .။

"သမီး ဖြူစင်လဲ့ အလှည့်ပဲနော် . . ဖြေပါဦး . . . "

ဖြူစင်လဲ့ဘက်သို့ လှည့်ရင်း မေးလိုက်သည်။

ဖြူစင်လဲ့က "ဒါလေးများ ကျွန်မသိတာပေါ့၊ အလွယ်လေး" ဟူသည့်အကြည့်မျိုးဖြင့် ကြည့်ရင်းဖြေသည်။

"အိမ်တွင်းနတ်ကို ရှိခိုးတယ်ဆိုတာ . . . အိမ်တွင်းနတ်အုန်းကို ရှိခိုးတာကို ပြောတာပါ ဦးလေးထွန်း . . . "

"အားလုံး ပညာစုံကြပါပေတယ်။ ဘယ်သူ့သားသမီးတွေလည်း မသိဘူး . . . "

"တို့သားသမီးတွေပါကွာ . . . "

ဦးသက်ခိုင်နှင့် ဒေါ်ယဉ်ဝေတို့၏ တစ်ပြိုင်နက်အသံ။ ဂုဏ်ယူဝံ့ကြွားသံ။

ဦးလေးထွန်း ပုခုံးတွန့်၍ တုန်သွားသည်။

"ဩော် .. ဒါကြောင့် တော်ကြတာကိုး ..."

ဦးလေးထွန်းစိတ်ထဲကတော့ "အမျိုးမစစ်တဲ့ သားသမီးတွေ" ဟု တတွတ်တွတ်ပြောနေမိသည်။

ပြီးနောက် ဦးလေးထွန်းက -

"တဲ ကဲ ... မင်္ဂလာစကားတွေလည်း အနှစ်သာရ မရှိ ..။ အဲ .. အနှစ်သာရရှိရှိ ချီးမြှင့်ခဲ့ပြီးပြီ ...။ ပဟေဠိနန်းတော်လည်း လုပ်ကြပြီးပြီ ...။ အခုအချိန်ကစပြီး သတို့သားသတို့သမီးတို့ ဆွေမျိုးတွေလည်း စုံပြီဖြစ်လို့ ... ကန်တော့ကြ ... ကန်တော့ကြ ..."

ခေါင်းရင်းခန်းတွင် ဣန္ဒြေတစ်ခွဲသားကျော်ကျော်ဖြင့် ထိုင်နေကြသော မိဘသုံးဦးစလုံးတို့၏ မျက်လုံး ၆ လုံးတို့သည် စကောကြီးလောက် ပြူးကျယ်သွားလေတော့သည်။

ဆက်၍ကြိုးစားပါဦးမည်။

(ချမ်းမြအောင်)